

ပ+ဒု
နှစ်အုပ်တွဲ
တက္ကသိုလ်
သိဟအောင်
အမှားဖြေရာ

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၂၄၁ / ၈၆ (၃) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၁၉၄ / ၈၉ (၃) |
| ထုတ်ဝေကာလ | ၁၉၈၉ ခုနှစ် |
| အုပ်ရေ | ၄၀၀ |
| တန်ဖိုး | ၁၀၀ ကျပ် |
| ထုတ်ဝေသူ | ဦးတင်အုန်း (မြ - ၀၉၄၃)<br>မိုးမင်းစာပေ<br>အမှတ်(၉၃)၊ ရှိပ်သာလမ်း၊ လေးထောင့်<br>သက်နှိမ်းကျွန်း၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးလှသိန်း<br>လှသိန်းဦးပုံနှိပ်တိုက်<br>အမှတ်(၁၂)၊ ဒါနလမ်း၊<br>သာယာကုန်းရပ်ကွက်၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း၊ (မြ ၀၂၄၃၁)<br>နေလရောင် အော့ဖ်ဆက်<br>၉၆/ခ၊ ၁၁-လမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |


# တက္ကသိုလ်သီဟအောင်

## အမှားခြေရာ

အမှားခြေရာ

( ပ + ၃ နှစ်အုပ်တွဲ )

# တက္ကသိုလ် သီဟအောင်

## အမှားခြေရာ

(ပထမပိုင်း)

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး .. ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .. ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .. ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

အထိးကျန်နှင့်ညွှန်သည်

## 'ယုံ' မိသားစုတည်းခိုခန်း

ယုံ မိသားစုတည်းခိုခန်းသည် ယခင်က အလွန်စည်ကားသိုက်မြိုက်သော တည်းခိုခန်းတစ်ခု ဖြစ်ပါ၏။

လာရောက်တည်းခိုသော ဧည့်သည်များ စားသောက်သူများဖြင့် နေ့ညမပြတ် စည်ကားလျက်ရှိခဲ့ပေ၏။

တည်းခိုခန်း ပိုင်ရှင် ယုံဝေးနှင့် သူ၏ မိသားစုသည် သဘောမနောကောင်းသည်။ ဖော်ရွေသည်။ တည်းခိုခန်းသို့ ရောက်လာသူများကို ယဉ်ကျေးသိမ်မွေ့စွာ ပျူပျူငှာငှာ ဆက်ဆံသည်။ လိုအပ်ချက်မှန်သမျှကို မညည်းမညူစေတနာပါပါ လုပ်ကိုင်ဆောင်ရွက်ပေး၏။

ထို့ကြောင့်လည်း ယုံဝေး၏ တည်းခိုခန်းလုပ်ငန်းမှာ သိသိသာသာကြီး အောင်မြင်ခဲ့လေ၏။

သို့သော်....

ယုံဝေး၏လုပ်ငန်း အောင်မြင်မှုကို အားကျသူများသည် တည်းခိုခန်းများ အပြိုင်အဆိုင် ဖွင့်လှစ်ထူထောင်ကြ၏။

အချို့က ယုံဝေး၏ တည်းခိုခန်းထက် သာအောင် လောင်းကစားဝိုင်းများ အပျော်မယ်များပါ ထားရှိပြီး တည်းခိုမည့်သူများ အပျော်ပါးကြိုက်သူများကို ဆွယ်ကြသည်။

အချို့ကမူ....

ယုံဝေး၏တည်းခိုခန်း နာမည်ပျက်ရလေအောင် အမျိုးမျိုး လုပ်ကြံဖန်တီး ပြောဆိုကြ၏။

ယုံဝေး၏တည်းခိုခန်းမှ အလုပ်သမားများကို ငွေကြေးပိုပေးကာ ခေါ်ယူကြ၏။

ယုံဝေးသည် ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှမရွေ့ဟု ခံယူထားသူတစ်ယောက် ဖြစ်ရကား ပြိုင်ဘက်များ၏ ထိုးနှက် တိုက်ခိုက်ချက်များကို အမှုမထားဘဲ ကိုယ့်လမ်းအတိုင်း ဆက်လျှောက်ခဲ့၏။

မည်သို့ဆိုစေ....

နားယောင်လွယ်တတ်သော လူတို့၏သဘာဝအတိုင်း ယုံမိသားစု တည်းခိုခန်းနှင့် ပတ်သက်၍ လုပ်ကြံဖန်တီးထား



သော မကောင်းသတင်းများ ပလူပျံနေသောအခါ လာရောက် တည်းခိုမည့်သူများ စားသောက်မည့်သူများ တစ်စထက်တစ်စ နည်းပါးသွား၏။

ငွေရရှိရေးကိုသာ ဦးစားပေးသော အလုပ်သမားများလည်း မမြဲကြတော့ပါ။

ယုံ မိသားစု တည်းခိုခန်းသည် တစ်စထက်တစ်စ ဖရိုဖရဲ ဖြစ်လာ၏။

ယုံဝေး ကံဆိုးချင်၍လောမသိ။ ယုံ မိသားစု တည်းခိုခန်း၌ လာရောက် တည်းခိုကြသော ရပ်ဝေးမှ ညီ့သည် နှစ်ယောက်မှာ ခိုက်ရန်ဖြစ်ပွားကြရာ အခန်းအမှတ်တစ်ဆယ့်သုံးတွင် ငှားရမ်းတည်းခိုနေသူ သေဆုံးသွားခဲ့လေ၏။

လူသတ်တရားခံက ထွက်ပြေးရှောင်တိမ်းသွား၏။

ဤတွင်....

ယုံဝေး၏ စီးပွားပြိုင်ဘက်များက ယုံမိသားစု တည်းခိုခန်း၌ တည်းခိုခြင်းသည် အသက်အန္တရာယ် ရှိကြောင်း၊ ပစ္စည်းဥစ္စာ လုံခြုံမှုမရှိကြောင်း သတင်းဖြန့်ကြတော့၏။

များမကြာမီ....

ယုံ မိသားစု တည်းခိုခန်းသို့ ခြေဦးလှည့်မည့်သူ တစ်ယောက် တစ်လေမျှ မရှိတော့ဘဲ တစပြင် သုသာန်အလား တိတ်ဆိတ် ခြောက်သွေ့သွားတော့၏။

ယုံဝေးသည် ယခုလို ဖြစ်ရခြင်းအတွက် မည်သူ့ကိုမျှ အပြစ်စကား မဆိုချေ။

သူ၏ ဘဝပေးကြမ္မာကြောင့်သာ ဖြစ်ရသည်ဟု သဘောထားလေ၏။

အခက်အခဲ ဒုက္ခဟူသမျှကို ခါးစည်းခံပြီး တည်းခိုခန်းကို ဆက်လက် ဖွင့်လှစ်ထားခဲ့၏။

တည်းခိုခန်းတွင်တည်းခိုမည့်သူ စားသောက်မည့်သူမရှိဘဲ ဆက်လက် ဖွင့်လှစ်ထားခြင်းကြောင့် စီးပွားရေး တစ်စထက်တစ်စ ကျဆင်းလာ၏။

အလုပ်သမားများသည် အခြားသော တည်းခိုခန်းများသို့ ကူးပြောင်းသွားကြ၏။

ယုံဝေးသည် ဇနီးသည် သမီးတို့နှင့်အတူ ဆက်၍ ရုန်းကန်ခဲ့ရာ သူ၏ဇနီးသည်သည် စိတ်ထောင်းကိုယ်ကြေဖြစ်ရာမှ ရောဂါဝေဒနာစွဲကပ်ပြီး သေဆုံးသွားခဲ့၏။

သမီး ဖြစ်သူသည်လည်း မင်းမှုထမ်း တစ်ယောက်နှင့် အိမ်ထောင်ကျကာ ခင်ပွန်းသည်တာဝန်ကျရာ အရပ်ဒေသများကို တကောက်ကောက် လိုက်နေရသဖြင့် ယုံဝေးထံသို့ ပြန်မလာနိုင်အောင် ဖြစ်ရလေ၏။

နောက်ဆုံးတွင်....



ယုံမိသားစုတည်းခိုခန်း၌ ယုံဝေးတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့လေသည်။

ပိုင်ရှင်လည်း ယုံဝေး။ အလုပ်သမားလည်း ယုံဝေး ဖြစ်လာ၏။

တည်းခိုစားသောက်မည့်သူမရှိ၍ ယုံဝေး ပင်ပန်းကြီးစွာ လုပ်ကိုင်ဆောင်ရွက်ရသည်တော့ မဟုတ်ပါ။

ဝင်ငွေမရှိတော့သဖြင့် အပျက်အစီးများကို အသစ်တစ်ဖန် ပြန်လည်ပြုပြင်နိုင်ခြင်းလည်း မရှိတော့ပါ။

တတ်စွမ်းသလောက်ဖာထေးပြုပြင်ခဲ့သည့်တိုင် ယုံမိသားစုတည်းခိုခန်း အဆောက်အအုံသည်တစ်စထက်တစ်စ ပျက်စီးယိုယွင်းကာ ပုံစံမကျ မလှမပသော အိမ်အိုအိမ်ဟောင်းကြီး တစ်လုံးနှင့် တူလာ၏။

ထို့အတူ....

ယုံဝေးသည်လည်း အသက်အရွယ်ထောက်ကာ ဦးခေါင်း တစ်ခုလုံး ဆွတ်ဆွတ်ဖြူဖွေးနေသော အဘိုးအိုတစ်ယောက် အဖြစ် ပြောင်းလဲလာခဲ့လေတော့၏။

* * *

မှုတ်မှုတ်ထင်ထင်ပင် ဖြစ်၏။

ယုံဝေး အသက်ငါးဆယ် တင်းတင်းပြည့်သောနေ့တွင် ဖြစ်၏။

ယုံဝေးသည် ကြက်ကင်တစ်ကောင် အရက်တစ်အိုးနှင့် သူ၏မွေးနေ့ပွဲကို တစ်ယောက်တည်း တိတ်ဆိတ်စွာ ကျင်းပခဲ့ပေ၏။

ထိုအချိန်မှာပင်....

ယုံမိသားစု တည်းခိုခန်း၌ တည်းခိုမည့်ဧည့်သည် တစ်ယောက် ရောက်ရှိလာခဲ့ပေ၏။

ယုံဝေးသည် ထိုလူအား တည်းခိုမည့်သူဟု သဘော မထားဘဲ သူ၏မွေးနေ့ပွဲသို့ ရောက်ရောက်လာသည့် အထူး ဧည့်သည်တော်ဟု သဘောထားလိုက်၏။

အထူးအခွင့်အရေးအဖြစ်....

သူ၏တည်းခိုခန်း၌ တည်းခိုသည့် ကာလတစ်လျှောက်လုံး တည်းခိုခန်းခမယူဘဲ အခမဲ့ တည်းခိုခွင့်ပြုရန် ဆုံးဖြတ်ခဲ့လေသည်။

* * *



တည်းခိုခန်းတို့၏ထုံးစံမှာ နေ့ကောညပါ ဆိုင်တံခါးဖွင့် ထားပြီး အချိန်မရွေး ရောက်ရှိလာမည့် ဧည့်သည်ကို ကြိုဆို ရသည့်သဘော ရှိလေ၏။

ယုံဝေး စီးပွားရေးပျက်သွားသောအခါ မည်သူကမှ သူ့အား ဂရုမစိုက်ကြတော့ပါ။

အပေါင်းအသင်း မိတ်ဆွေသူငယ်ချင်းများက စွန့်ခွာ သွားကြ၏။

ယုံဝေးကိုယ်တိုင်ကလည်း သူတစ်ပါးကို အောက်ကျို့ လိုစိတ် မရှိဘဲ ရှိသမျှနှင့် ရောင့်ရဲတင်းတိမ်ကာ အေးအေး ဆေးဆေး နေထိုင်လိုသူဖြစ်၏။

ထို့ကြောင့်လည်း တစ်စထက်တစ်စ အထီးကျန်ဆန် သော ဘဝသို့ ရောက်ရှိလာခဲ့၏။

ယုံဝေးသည် ကြက်ကင်တစ်ကောင် အရက်တစ်အိုးဖြင့် အသက်ငါးဆယ်ပြည့် မွေးနေ့ပွဲကို တစ်ယောက်တည်း တိတ် ဆိတ်စွာ ကျင်းပနေစဉ် ကွယ်လွန်သွားပြီဖြစ်သောဇနီးဖြစ်သူ တို့အကြောင်း တွေးကာ သတိရ လွမ်းဆွတ်သည့်စိတ်များ ပြင်းပျစွာ ဖြစ်ပေါ်နေခဲ့၏။

ဇရာပိုင်းသို့ ရောက်လာပြီဖြစ်၍ အထီးကျန်ခြင်းသည် ဝေဒနာဆိုးတစ်ရပ် ဖြစ်လေ၏။

ယုံဝေးသည် စားပွဲထိုင်ကာ ငေးငိုင်နေစဉ်မှာပင် ခြေ သံများ ထွက်ပေါ်လာပြီး လူတစ်ယောက်က တည်းခိုခန်း ထဲသို့ ဝင်ရောက်လာလေ၏။

ယုံဝေးသည် ကိုယ့်မျက်စိကိုယ်ပင် မယုံနိုင်အောင်ဖြစ်သွား၏။

ထို့အပြင်....

ဝင်လာသူ ပြောလိုက်သော စကားသံကိုကြားလိုက်ခြင်းကြောင့် ကိုယ့်နားကိုပင် မယုံနိုင်အောင် ဖြစ်သွားရလေသည်။

'ကျုပ်က အခန်းတစ်ခန်းလောက် ငှားချင်လို့ပါ'

ယုံဝေး ထိုင်ရာမှ ဆတ်ခနဲထလိုက်၏။

ချက်ချင်းပင် ဖုန်တက်နေပြီဖြစ်သော စာရင်းစာအုပ်ကို ယူလိုက်၏။

တည်းခိုခန်းပိုင်ရှင်တစ်ယောက် လုပ်ဆောင်ရမည့်တာဝန်ဝတ္တရားများကို သူမမေ့သေးပါ။

စာရင်းစာအုပ်ကိုဖွင့်ကာ....

'နာမည်ပြောပါ'

ဟု မေးလိုက်၏။

ထိုလူက....

'ကောင်းလိ'

ဟု တုံးတိတိဖြေ၏။

ယုံဝေးက နာမည်ကိုမှတ်သားလိုက်၏။

ကောင်းလိဆိုသည့် ဧည့်သည်ကို သေသေချာချာ အကဲခတ် ကြည့်လိုက်လေ၏။

ကောင်းလိမှာ အသက်သုံးဆယ်ကျော်ခန့်ရှိမည် ထင်ရသည်။



မီးခိုးရောင်အင်္ကျီရှည် ဝတ်ဆင်ထားရာ သွေးရောင်ကင်းမဲ့သော ဖြူလျော်လျော် အသားအရည်ကို အတိုင်းသားပေါ်လွင်စေပါ၏။

ကောင်းလိ၏မျက်နှာသည် ဟန်မူယာ အလွန်ကင်းမဲ့သော ခံစားချက်ကင်းမဲ့သည့် မျက်နှာမျိုးဖြစ်လေသည်။

ထိုမျက်နှာပေါ်တွင် အမာရွတ်အချို့ ရှိနေသည်ကိုလည်း တွေ့ရ၏။

တိုးစံအတိုင်းဆိုလျှင် ကောင်းလိ မည်သည့်အရပ်မှလာသည်၊ မည်သည့်အလုပ်ကိုလုပ်ကိုင်သည် စသည်စသည်ဖြင့် မေးမြန်းရမည် ဖြစ်လေ၏။

သို့သော်....

ယုံဝေးသည် ရှည်ရှည်ဝေးဝေး မေးမနေတော့ပါ....

ကောင်းလိ၏ အမည်ကိုသာ မှတ်သား ထားလိုက်ပြီးလျှင်....

'ကျုပ်ရဲ့ တည်းခိုခန်းမှာ အခန်းပေါင်း ငါးဆယ်ကျော်ရှိတယ်၊ မင်းကြိုက်တဲ့အခန်းထဲမှာ နေလို့ရတယ်၊ ကျုပ်လိုက်ပြပေးပါ့မယ်'

ချက်ချင်း မီးအိမ်ကိုယူကာ အခန်းများကို လိုက်လံပြသပေး၏။

ကောင်းလိက စကားတစ်လုံးမှမပြောဘဲ လိုက်လာ၏။

အခန်းတိုင်းအခန်းတိုင်းသည် ပျက်စီးယိုယွင်းနေပြီ ဖြစ်လေ၏။

ကောင်းလိက စိတ်မပျက်ဘဲအခန်းတစ်ခန်းကို ရွေးချယ်လိုက်၏။

သူရွေးချယ်လိုက်သည့် အခန်းမှာ အခန်းအမှတ် တစ်ဆယ့်သုံးဖြစ်လေ၏။

* * *

ယုံဝေးသည် မမျှော်လင့်ဘဲ ဧည့်သည်တစ်ယောက်ရောက်ရှိလာခြင်းကြောင့် ဝမ်းသာသွား၏။

သို့သော်....

ကောင်းလိသည် သူ၏မွေးနေ့ပွဲကို စိတ်မဝင်စားပါ။

အခန်းထဲ ဝင်သွားပြီး ပြန်မထွက်တော့ချေ။

ယုံဝေးကသာလျှင် ကောင်းလိအတွက်မွေးယာခြင်းထောင်မှအစ မီးအိမ်အဆုံး လိုလေသေးမရှိအောင် တက်တက်ကြွကြွဆောင်ရွက်ပေးလိုက်၏။

ကောင်းလိ အခန်းတံခါး ပိတ်ထားလိုက်လျှင် ယုံဝေးသည် မူလ ထိုင်ကာ မှိုင်ကာ တွေဝေနေခဲ့သော စားပွဲတွင် ပြန်ရောက်သွား၏။

မည်သို့ဆိုစေ....



သူ၏ မွေးနေ့တွင်မှ တိုက်တိုက် ဆိုင်ဆိုင် ရောက်လာသူဖြစ်ရကား တည်းခိုခန်းခ မယူဘဲ အခမဲ့ တည်းခိုခွင့်ပြုရန် ယုံဝေးက ဆုံးဖြတ်ခဲ့ခြင်း ဖြစ်၏။

* * *

ယုံဝေး တည်းခိုခန်း....

တည်းခိုခန်းသည် တည်းခိုခန်း သက်သက်သာ ဖြစ်တော့သည်။

ယခင်ကလို စားသောက်ဖွယ်ရာ မရနိုင်တော့ပါ။

ယုံဝေးသည် ကောင်းလိအား အခမဲ့ တည်းခိုခွင့် ပြုရန်ဆုံးဖြတ်ခဲ့သော်လည်း စားသောက်ဖွယ်ရာများအတွက်ကား တာဝန်မယူနိုင်ပါချေ။

သူအဆုံးစွန်ထိ လိုက်လျောနိုင်သည်မှာ ကောင်းလိက အပြင်ထွက်၍စားသောက်ခြင်းမပြုလိုပါက သူကသွားရောက်ဝယ်ပေးဖို့သာ ဖြစ်၏။

ကောင်းလိက ကျသင့်ငွေပေးလျှင် ကြိုက်သလို မှာကြားနိုင်ပေ၏။

ယုံဝေး ထင်မှတ်ထားသလိုပင် ကောင်းလိက ငွေထုတ်ပေးကာ စားသောက်ဖွယ်ရာများ အရက်များ မှာကြားလေသည်။

ယုံဝေးက အပြင်ထွက်ကာ ဝယ်ခြမ်းဖေးလိုက်၏။

သူသည် စားသောက်ဖွယ်ရာများကို သူ၏ အခန်းတွင်းသို့ ယူဆောင်သွားကာ တံခါးပိတ်ပြီး စားသောက်လိုက်လေသည်။

တည်းခိုခန်းတွင် သူလာရောက် တည်းခိုသော်လည်း ယုံဝေး တစ်ယောက်တည်း ရှိနေစဉ်ကနှင့် မခြားဘဲ တိတ်ဆိတ်ငြိမ်သက်ခြင်းက မင်းမူနေတော့၏။

မည်သို့ဆိုစေ....

သူကဲ့သို့ တည်းခိုခန်းမှာ တည်းခိုသူတစ်ယောက် ရှိနေခြင်းကြောင့် သူ၏ ဘဝမှာ အဓိပ္ပာယ်ရှိလာသည်ဟု ယုံဝေးက ခံယူထား၏။

သူ ရက်ရှည်လများ တည်းခို နေထိုင်နိုင်ပါစေ ဟုလည်း ဆုတောင်းမိ၏။

သူ ဆုတောင်းပြည့်သည် ဆိုနိုင်၏။

ကောင်းလိသည် တည်းခိုခန်းမှ ထွက်သွားလို့ မပြောဘဲ ဆက်လက် တည်းခိုနေခဲ့၏။

သို့ဖြင့်....

....ဝ....



တစ်လ..

ယုံဝေးသည် အသက် ငါးဆယ်ပြည့်၍ တစ်လစွန်းလာပြီ ဖြစ်၏။

ထို့အတူ..

ကောင်းလိက တည်းခိုခန်းသို့ ရောက်လာခဲ့သည်မှာ တစ်လ ရှိခဲ့ပြီဖြစ်၏။

ဤတွင်....

တစ်ချိန်လုံး အခန်း အောင်းနေသော ကောင်းလိသည် မည်သို့သော လူစား ဖြစ်ကြောင်း တစ်စွန်း တစ်စ သိရဖို့ အကြောင်းဖန်လာ၏။

နံနက်စောစော....

ယုံဝေးက တည်းခိုခန်း၏ ဧည့်ခန်းတွင် တံမြက်စည်းလှည်းနေချိန်တွင် ကောင်းလိက သူ့အနီးသို့လာရပ်လိုက်ခြင်းကြောင့် ယုံဝေးကပင် ပြုံးပြုံးရွှင်ရွှင်ဖြင့် နှုတ်ဆက်လိုက်လေသည်။

'မင်္ဂလာ နံနက်ခင်းပါ မောင်ရင်လေး၊ ဒီကနေ့ စောစောစီးစီး နိုးနေပါလား'

သူက ရယ်ခြင်း ပြုံးခြင်း မရှိပါ။

အပိုစကား မပြော၊ လိုရင်းကိုသာ ပြောလေ၏။

‘ကျုပ်....ဒီမှာ တည်းခိုနေတာ ဒီနေ့ တစ်လပြည့်ပြီ၊ အခန်းခ ဘယ်လောက်ကျသလဲ ပြောပါ’

ယုံဝေး ခေါင်းခါယမ်းလိုက်၏။

‘တစ်ပြားမှ မကျဘူး’

သူသည် လုံးဝ မမျှော်လင့်သော ယုံဝေး၏ တုံ့ပြန်မှုကြောင့် အံ့ဩသွားပုံ ရလေ၏။

သို့သော် အံ့ဩသည့် အမူအရာများသည် ချက်ချင်း ပြန်လည် ကွယ်ပျောက်သွား၏။

မျက်လုံးစိမ်းများဖြင့် ယုံဝေးကို ကြည့်ရင်း....

‘ဘယ်လောက်ကျသလဲ ပြောပါ’

ဟု ထပ်မေးလေ၏။

ယုံဝေးက....

‘တစ်ပြားမှ မကျပါဘူးကွယ်’

‘ခင်ဗျား..’

ကောင်းလိသည် အထိမခံသည့် မြွေပွေးတစ်ကောင်ကဲ့သို့ ဒေါသတကြီး တုန့်ပြန်တတ်သူတစ်ယောက်၏ အမူအရာမျိုး ဖြစ်ပေါ်လာ၏။

ယုံဝေးက ပြုံး၍....



‘မင်းဟာ ကျုပ်အသက် ငါးဆယ်ပြည့်မွေးနေ့မှာ ရောက်လာတာကြောင့် ကျုပ်က မင်းရဲ့ တည်းခိုခန်းခကို မယူဘူး၊ အခမဲ့ တည်းခိုခွင့်ပြုလိုက်မယ်လို့ ဆုံးဖြတ်ထားခဲ့တယ်’

ကောင်းလိက ယုံဝေးအား စိုက်ကြည့်နေ၏။

အချိန်မီ ဒေါသကို ထိန်းနိုင်လိုက်သည့် သဘော ရှိလေသည်။

ထို့အပြင် —

ယုံဝေး၏ စိတ်နေသဘောထားနှင့် အခြေအနေကိုလည်း တဒင်္ဂအချိန်အတွင်း ဆန်းစစ် မိသွားပုံရလေ၏။

ယုံ မိသားစု တည်းခိုခန်း ဗုန်းဗုန်းကျတော့မည် ဖြစ်လေသည့်တိုင် ယုံဝေးက တည်းခိုခန်းကို ဆက်လက်ဖွင့်ထားဆဲ....

ယုံဝေးသည် အလွန် စိတ်ဓာတ် ကြံ့ခိုင်သူဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည် မဟုတ်ပါလား။

ယုံဝေးက ဆက်ပြောလိုက်၏။

‘မင်းအတွက် ရက်အကန့်အသတ်မရှိ ကြိုက်သလောက် တည်းခိုနိုင်ပါတယ်၊ ကျုပ်က တစ်ပြားတစ်ချပ်မှ မယူဘဲ အခမဲ့ တည်းခိုခွင့်ပြုပါတယ်၊ မင်းက ကျုပ်ရဲ့မွေးနေ့ လက်ဆောင်ကို လက်မခံနိုင်ဘူးဆိုရင်တော့....’

ဟာလာဟင်းလင်း ဖွင့်ထားသည့် တံခါးပေါက်ဆီသို့ ညွှန်ပြရင်း....

'မင်း ခုချက်ချင်းပဲ ထွက်သွားနိုင်ပါတယ်'

ဟု ပြောလေ၏။

ကောင်းလိခမ္ဘာကိုယ် ဆတ်ခနဲတုန်ခါသွား၏။

အမူရာကင်းမဲ့သော လူသေအလောင်းပမာ ဖြစ်နေသော ဖြူဖပ်ဖြူရော် မျက်နှာပေါ်တွင် ထူးခြားသော အရိပ်အရောင်များ ဖြစ်ပေါ်လာ၏။

ကောင်းလိသည် ဒဏ်ရာရထားသော ကျားနာ တစ်ကောင်နှင့် တူလှသည်ဟု ယုံဝေး တွေးလိုက်မိလေ၏။

ကောင်းလိသည် ရွှေတုံးကလေးတစ်တုံးကို ထုတ်လိုက်၏။

ကောင်းလိသည် သူ၏ မွေးနေ့ပွဲလက်ဆောင်ကို လက်မခံဘဲ ကျသင့်ငွေပေးကာ ထွက်သွားတော့မည်လောဟု ယုံဝေး ဖျပ်ခနဲ တွေ့လိုက်မိ၏။

သို့သော်

'အကောင်းဆုံး အရက်တစ်အိုးနဲ့ စားသောက်ဖွယ်ရာ စုံစုံလင်လင် ဝယ်လာပေးပါဗျာ'

ကောင်းလိခကား ကြားလျှင် ယုံဝေး ဝမ်းသာအားရ ဖြစ်သွားလေ၏။

ကောင်းလိက ထွက်မသွားဘဲ သူ၏တည်းခိုခန်း၌ ဆက်လက် တည်းခိုနေထိုင်မည့်သဘော ရှိနေသည်မဟုတ်ပါလား။



'ကောင်း၊ပြီ၊လောကပေါ်မှာအကောင်းဆုံး ဆိုတဲ့အရက်တစ်အိုးကို ကျုပ် ရအောင်ရှာပြီး ဝယ်လာခဲ့မယ်'

ပြောပြောဆိုဆို ထံမြက်စည်းကိုချကာ ကောင်းလိပေးသော ရွှေတုံးကလေးကို ယူလိုက်၏။

ဆိုင်ထဲမှ ခပ်သွက်သွက် ထွက်သွားသော ယုံဝေးအား ကောင်းလိက ငေးမောကြည့်ရှုရင်း ကျန်ရစ်ခဲ့လေတော့၏။

* * *

ယုံဝေးသည် လောကပေါ်၌ အကောင်းဆုံးအရက် ဖြစ်သည်ဟု လူသိများထင်ရှားသော ပန်းပေါင်းစုံ အရက်တစ်အိုးနှင့် စားသောက်ဖွယ်ရာများ ဝယ်လာလေ၏။

ကောင်းလိသည် ဧည့်ခန်းအတွင်းရှိ စားပွဲတစ်လုံး၌ ထိုင်နေ၏။

ယုံဝေးပြန်ရောက်လာမည့် အချိန်ကိုစိတ်ရှည်လက်ရှည်ဖြင့် တိတ်ဆိတ်စွာ ထိုင်စောင့်နေခြင်း ဖြစ်လေ၏။

ယုံဝေးသည် ကောင်းလိထံသို့ လှမ်းသွားလိုက်ပြီး....

'မင်းမှာလိုက်တာတွေ အားလုံးပါတယ်'

အရက်အိုး စားသောက်ဖွယ်ရာများနှင့် ပိုသည့်ငွေကို စားပွဲပေါ်တွင် ချပေးလိုက်၏။

ပြီးလျှင် သူ၏အလုပ်ကို ဆက်၍လုပ်ကိုင်ရန် တံမြက်စည်းကို ကောက်ကိုင်လိုက်၏။

ကောင်းလိသည် စားသောက်ဖွယ်ရာနှင့် အရက်ကို သူ၏အခန်းတွင်းသို့ ယူဆောင်သွားလိမ့်မည်ဟု ယုံကြည်ထားလေသည်။

သို့သော် သူထင်သလို ဖြစ်မလာပါချေ။

ကောင်းလိက....

'ကျုပ်နဲ့အတူတူ အရက်လာသောက်ပါလားဗျာ'

ဟု ဖိတ်ခေါ်လေသည်၊

ယုံဝေးက....

'ကျုပ်က မင်းနဲ့အတူ အရက်သောက်ရမယ် ဟုတ်လား

ကောင်းလိက....

'ဟုတ်ပါတယ်ဗျာ၊ ဒီကနေ့ဟာ ကျုပ်အသက် သုံးဆယ့်ငါးနှစ်ပြည့်တဲ့ မွေးနေ့ပါ၊ ကျုပ်ရဲ့မွေးနေ့မှာ တစ်စုံတစ်ယောက်ကို ကျွေးမွေးပြုစုမယ်လို့ ကျုပ်က ဆုံးဖြတ်ထားလို့ပါ'

ဟု ပြောလေ၏။

ကောင်းလိ လိမ်ပြောနေခြင်းဖြစ်သည်ကို ယုံဝေးကောင်းစွာ ရိပ်မိလိုက်၏။



တမင် မသိချင်ဟန်ဆောင်ကာ....

'ဩော်....မင်းရဲ့မွေးနေ့လား၊ ဒါဆို သိပ်ကောင်းတာပေါ့'

တံမြက်စည်းကို လွှင့်ပစ်လိုက်ပြီး ကောင်းလိနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်၏။

ထို့နောက်....

နှစ်ယောက်သား အားပါးတရ စားသောက်လိုက်ကြလေတော့၏။

+ * +

ကောင်းလိ တည်းခိုခန်းကျသင့်ငွေပေးသည်ကိုယုံဝေးက လက်မခံပါ။

ထို့ကြောင့် ကောင်းလိကလည်း မပေးတော့ပါ။

ယုံဝေး၏ တည်းခိုခန်း၌ပင် ဆက်၍နေထိုင်ခဲ့၏။

သို့သော်..

ယုံဝေးအား တို့ပြန်သည့်အနေနှင့် အရက်နှင့်စားသောက်ဖွယ်ရာများကို ဝယ်ခိုင်းခဲ့၏။

ယုံဝေးက သူ့အတွက် ထည့်မဝယ်ဖို့ပြောလေသောအခါ
'ကောင်းပြီလေ၊ ကျုပ်ဖယ်တာကို လက်မခံဘူးဆိုရ
ဒီကထွက်သွားဖို့ပဲ ရှိတော့တာပေါ့'

ဟူသော ကောင်းလိ တုံ့ပြန်စကားကြောင့် ဘာမှ ထ
မပြောနိုင်တော့ပါ။

ကောင်းလိက ထွက်မသွားသလို သူကလည်း မသွားစေ
လိုပါ။

အထီးကျန်ဖြစ်ခြင်း ခါးသီးခြင်းဘဝဒဏ်ကို ခံစား
ရခြင်း စသည့်အသွင်များ တူညီနေသော သူတို့နှစ်ယောက
အား အခြား မည်သူကမှနားလည်နိုင်ကြမည် မဟုတ်သေ
လည်း သူတို့က အချင်းချင်း နားလည်မှုရှိနေကြပေ၏။

နှစ်ယောက်သား ရင်းရင်းနှီးနှီး ဖြစ်လာကြ၏။

သို့သော်....

ကောင်းလိက ယုံဝေး၏အကြောင်းကို မေးမြန်းခြင်းမ
သလို ယုံဝေးကလည်း ကောင်းလိအကြောင်းကို တစ်လ
တစ်ပါဒမျှ စပ်စုခြင်းမရှိချေ။

သူတို့ သိကျွမ်းကြသည်မှာ မကြာသေးသော်လည်း ရင
နှီးမှု အတိုင်းအတာ အလွန်ကြီးမားကြောင်းကို မည်သူမျ
သိနိုင်ကြလိမ့်မည် မဟုတ်ပါချေ။

ဤသို့ဖြင့်....

နောက်ထပ် တစ်လဆိုသောအချိန်မှာ ကုန်ဆုံးသွားခဲ့
တော့၏။

## အနှောင့်အယှက်

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

ကောင်းလိသည် ယုံမိသားစု တည်းခိုခန်းသို့ ရောက်လာ
ခဲ့သည်မှာ အတော်ကြာသွားပြီ ဖြစ်လေ၏။

ကောင်းလိသည် ယခင်ကနှင့်မတူတော့ဘဲ ပြောင်းလဲစ
ပြုလာသည်ဟု ယုံဝေး ထင်မိ၏။

လူသေအလောင်းပမာ ခံစားချက်ကင်းမဲ့သော ကောင်း
လိ၏ ဖြူရော်ရော်မျက်နှာတွင် ဝမ်းသာပျော်ရွှင်ခြင်း၊ ကျေ
နပ် နှစ်သိမ့်ခြင်း အေးချမ်းသာယာခြင်း စသည့်ခံစားချက်
အရိပ်အရောင်များကို တွေ့မြင်လာရ၏။

တဖြည်းဖြည်း လူသားဆန်လာ၏။

ကောင်းလိသည် လူများကြားမှ လူသားတစ်ယောက်ပင် မဟုတ်ပါလား။

တစ်နေ့လုံး တစ်ညလုံး တံခါးပိတ်ကာ အခန်းအောင်းနေတတ်သော ကောင်းလိသည် ယခုဆိုလျှင် နံနက်မိုးစင်စင်လင်းပြီဆိုလျှင် ယုံဝေးထက်အရင် ညှော်ခန်းထဲသို့ရောက်နေတတ်၏။

ယုံဝေး နိုးလာသည်နှင့် စားသောက်ဖွယ်ရာများ ဝယ်ခိုင်းကာ နှစ်ယောက်သား ထိုင်ကာ စားသောက်ကြတော့သည်။

နှစ်ယောက်သား မျက်နှာချင်းဆိုင်ထိုင်ကာ တစ်နေကုန်အချိန်ဖြုန်းကြတော့၏။

သို့သော်....

မည်သူကမှ စကားများများစားစား မပြောကြပါချေ။

ပြောပြန်လျှင်လည်း သဘာဝ ရေမြေ တောတောင်အကြောင်းနှင့် အခြားသော ပျော်စရာရွှင်စရာ စိတ်ချမ်းမြေ့စရာကောင်းသော စကားများသာ ပြောတတ်ကြ၏။

ပူပင်သောကများကို မည်သူကမှ စကားမစကြချေ။

သို့တိုင်....

သောကအပူမီးသည် သူတို့ထံသို့ ရောက်ဖြစ်အောင်ပင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြန်ပါတော့၏။



ယနေ့....

ယုံဝေးသည် စားသောက်ဖွက်ရာများကို ကိုယ်တိုင်ချက်ပြုတ် ကြော်လှော်နေ၏။

စားသောက်ဆိုင်မှ အစားအစာများကို နေ့စဉ်ဝယ်စားနေခဲ့ရသဖြင့် ဖန်တစ်ရာတေနေပြီ ဖြစ်သလို ငြီးငွေ့နေပြီဖြစ်လေ၏။

ယုံဝေးသည် အချက်အပြုတ်ကောင်းသူ တစ်ယောက်လည်း ဖြစ်ပါ၏။

သူချက်ပြုတ် ကြော်လှော်ရာမှ ထွက်ပေါ်လာသော အနံ့အသက်များက မွှေးကြိုင်နေသဖြင့် ကောင်းလိ ဗိုက်ထဲတကြုတ်ကြုတ်မြည်အောင် ဆာလောင်လာ၏။

ညှော်ခန်းထဲ၌ တစ်ယောက်တည်းထိုင်ကာ အရက်သောက်နေရာမှ ယုံဝေးရှိနေသော မီးဖိုဆောင်သို့သွားကာ အခြေအနေကြည့်မည်ဟု ဆုံးဖြတ်လိုက်၏။

ကောင်းလိ ထိုင်ရာမှထရန် ဟန်ပြင်လိုက်စဉ်မှာပင်....

'ဂျို့....မိတ်ဆွေယုံ....မိတ်ဆွေယုံဝေး'

အပြင်ဘက်မှ ကျယ်ကျယ်လောင်လောင် ခေါ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကောင်းလိ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ချက်ချင်း ပြန်ထိုင်ချလိုက်၏။

ထိုတဒင်္ဂ အချိန်အတွင်းမှာပင် သူ၏မျက်နှာသည် လူသေအလောင်းကောင်၏ မျက်နှာမျိုး ပြန်ဖြစ်သွားလေ၏။

အပြင်ဘက်မှ ခေါ်သံများကို ယုံဝေးလည်း ကြားသွားဟန်ရှိ၏။

'ဘယ်သူလဲ'

ဟု ပြန်မေးရင်း ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်လာလေသည်။

အပြင်ဘက်မှ အော်ခေါ်နေသူများကလည်း တည်းခိုခန်းထဲသို့ ဝင်လာကြလေ၏။

စုစုပေါင်း သုံးယောက်တိတိဖြစ်၏။

အသက်ငါးဆယ်ခန့်ရှိသူနှစ်ယောက်နှင့် အသက်နှစ်ဆယ်ခန့်ရှိ လူငယ်တစ်ယောက်တို့ ဖြစ်လေ၏။

သူတို့သုံးယောက်စလုံး ဝတ်ကောင်းစားလှဝတ်ဆင်ထားကြရာ ချမ်းသာကြွယ်ဝသောသူများဖြစ်ကြောင်း ထင်ရှားလေ၏။

ယုံဝေးကား ထိုလူများ ရောက်ရှိလာသည်ကို မနှစ်မြို့သည့်အလား

'ဘာကိစ္စလဲ ပြောပါ'

ဟု ခပ်ပြတ်ပြတ်တို့ မေးလိုက်လေ၏။



ထိုလူသုံးယောက်အနက် လူရည်လည်ဟန်ရှိသော အဘိုးအိုက ရယ်ရယ်မောမော ပြောဆိုလာ၏။

'ဘာကိစ္စလဲဆိုတော့ ဟောဒီ ဆရာကျားတို့ သားအဖပေါ့ဗျာ၊ မြို့ထဲမှာ အဆောက်အဦးတွေ နေရာတွေပေါပါလျက်နဲ့ သူတို့က ခင်ဗျားရဲ့တည်းခိုခန်းကိုမှ သဘောကျလို့တဲ့'

'ဪ....'

'ခြံဝင်းကိုရှင်းလိုက်မယ်ဗျာ၊ ဒီအိမ်စုတ်ကြီးကို ဖျက်ပစ်လိုက်မယ်ဗျာ၊ပြီးတော့ အဆောက်အအုံ အသစ်ပြန်ဆောက်မယ်၊ တည်းခိုခန်းအစား'

ထိုလူ၏စကားမဆုံးမီ ယုံဝေးက ကြားဖြတ်ပြောလိုက်လေ၏။

'ခင်ဗျား ဘာတွေလာပြောနေတာလဲ၊ ကျုပ်မှာ ချက်ပြုတ်ရဦးမယ်....၊

'ခင်ဗျားတို့ကို လေကုန်ခံပြီး စကားပြောနေဖို့ အချိန်မရှိဘူး၊ ပြန်ကြရင်ကောင်းမယ်'

ကောင်းလိက သူတို့အား မျက်တောင်မခတ်ဘဲ ကြည့်နေ၏။

ကျောက်ရုပ်တစ်ခုအလား တုတ်တုတ်မျှမလှုပ်သဖြင့် ဝင်လာသူသုံးယောက်မှာ ရုက်တရက် သတိမပြုမိကြတော့ချေ။

ထိုလူက....

'မိတ်ဆွေယုံ၊ ခင်ဗျား ဘာကြောင့် ဒီလောက်တောင် မိုက်မဲနေရတာလဲ....၊

'ခင်ဗျားတည်းခိုခန်းကို ဆက်ပြီး ဖွင့်ထားတော့ကော ဘယ်သူကလာပြီး တည်းခိုမှာလဲ....၊

'ခေါင်းမာနေလို့ကော ခင်ဗျားအတွက် အကျိုးအမြတ် ဖြစ်ထွန်းလာမှာလား....၊

'ဒီတည်းခိုခန်းကို ရတဲ့ဈေးနဲ့ရောင်းပြီး ထွက်သွားသင့်တာကြာပြီ'

ဟု ခပ်ပြတ်ပြတ်ပြောလိုက်သည်။

တစ်ဆက်တည်းပင်....

'ဒါပေမယ့် ခင်ဗျား မနစ်နာစေရပါဘူး၊ ဆရာကျား က ခင်ဗျားကို သူများထက် ပိုပေးမှာပါ၊ ဟုတ်တယ် မဟုတ်လားဗျာ'

ဆရာကျားဆိုသော အဘိုးအိုဘက်သို့ လှည့်ကာမေးလိုက်သေး၏။

ဆရာကျားက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ – ဟုတ်ပါတယ်'

ပြောရင်း ယုံဝေးအား လှမ်းပြီးပြုံးပြလိုက်လေသည်။



ယုံဝေး၏ မျက်နှာကြီး နီမြန်းသွား၏။

'နေပါဦး ကျုပ်ရဲ့တည်းခိုခန်းကို ရောင်းမယ်လို့ ဘယ်သူက ပြောလို့လဲ၊ ခင်ဗျားတို့ ဘာတွေလာပြောနေကြတာလဲ'

ဟု ဒေါသတကြီး ပြောလိုက်လေသည်။

ဆရာကျားသည် သူနှင့်အတူ လိုက်ပါလာသော အဘိုးအိုအား မျက်မှောင်ကုတ်ကာ ကြည့်ရင်း....

'ပွဲစားကြီးကျန်နဲ့ ခင်ဗျားပြောတော့ ရောင်းမယ်ဆို၊ ကျုပ်က ကျုပ်သားအတွက် စီးပွားရေးလုပ်ငန်း တစ်ခုခု ထူထောင်ပေးချင်လို့ နေရာရှာခိုင်းတာ ခုတော့ဘယ်လိုဖြစ်တာလဲဗျာ'

ဟု မေးလိုက်လေသည်။

ပွဲစားကြီးကျန်နဲ့ဆိုသူက....

'ဒီနေရာလေး မဆိုးဘူးဗျ၊ မိတ်ဆွေယုံဟာ မွဲပြာကျနေပါပြီဗျာ....၊

'တည်းခိုခန်းလုပ်ငန်းကိုလဲ ဆက်ပြီး လုပ်နိုင်တော့မှာမှ မဟုတ်တာ....၊

'ခုနေရောင်းလိုက်တာကမှ အရှုံးထဲက အမြတ်ထွက်ဦးမယ်....၊

'ခင်ဗျား ဆက်ဖွင့်ထားလို့လဲ အကြောင်းထူးမှာမှ မဟုတ်တာ၊ ဘယ်နှယ်လဲ ရောင်းမယ်မဟုတ်လား'

ယုံဝေးအား မေးလာလေ၏။

အမှန်တော့....

ဆရာကျားတို့ သားအဖသည် စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ကိုင်ဖို့ နေရာတစ်ခုရှာဖွေဝယ်ယူရန် ပွဲစားကြီး ကျန့်ကို အပ်ထားပုံရလေ၏။

ပွဲစားကြီးကျန့်သည် ယုံဝေးအား မတိုင်ပင်ဘဲ ရောင်းမည်ဟုဆိုကာ ဆရာကျားတို့အား ခေါ်လာပုံရ၏။

ယုံဝေးအနေနှင့် မရောင်းမဖြစ် ရောင်းရမည်ဟု အထင်သေး နှိမ့်ချသည့်သဘောဖြစ်နေ၏။

မလှုပ်မယှက် ထိုင်နေသော ကောင်းလီ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ်ဝင်းလက် တောက်ပြောင်လာ၏။

ယုံဝေးသည် ဆရာကျားနှင့် ပွဲစားကြီးကျန့်တို့ထံ အာရုံရောက်နေသဖြင့် ကောင်းလီအား သတိမထားမိလိုက်ချေ။

အကယ်၍ သတိထားမိလိုက်မည်ဆိုပါလျှင် ကောင်းလီတွင် လူသတ်လိုသော စိတ်ရိုင်းများ ဖြစ်ပေါ်နေကြောင်း ချက်ချင်းရိပ်မိလိုက်မည် ဖြစ်လေ၏။

ယုံဝေးက....



'မရောင်းဘူး၊ သွားကြ ခုချက်ချင်း ကျုပ်တည်းခိုခန်း ထဲက ထွက်သွားကြစမ်း'

ဟု အော်ငေါက် မောင်းထုတ်လိုက်လေတော့၏။

ဆရာကျားတို့ သားအဖ အရှက်ရသွားကြလေ၏။

လူငယ်က....

'လာပါ ဖေဖေရယ်၊ ဒီလိုကျက်သရေမင်္ဂလာမရှိတဲ့ နေရာမျိုးကို ကျွန်တော်လဲ မလိုချင်ပါဘူး၊ သွားကြပါစို့'

ဟု ပြောကာ ဖခင်လက်ကို ဆွဲခေါ်သွားလေတော့သည်။

ပွဲစားကြီးကျန့်က ချက်ချင်းလိုက်မသွားသေးဘဲ ယုံဝေးအား မကျေမနပ်ကြည့်ကာ....

'ယုံဝေး၊ ခင်ဗျားလောက် မိုက်မဲတဲ့လူ လောကပေါ်မှာ မရှိတော့ဘူး....၊

'ဆရာကျားကို ရောင်းလိုက်ရင် စျေးကောင်းကောင်း ရမှာဗျ....၊

'ကျုပ်က ခင်ဗျားဆီက ပွဲခတောင် မယူချင်ဘူးလို့တောင် စိတ်ကူးထားတာ....၊

'ခင်ဗျားအတွက် စေတနာသက်သက်နဲ့ အကျိုးဆောင်ပေးတာဗျ'

ဟု အပြစ်တင် ပြောဆိုနေသေး၏။

ယုဝေးသည် သူနှင့်တွေ့မှ လုံးလုံးလျားလျား အသုံးမကျသူတစ်ယောက် ဖြစ်သွားရလေတော့၏။

ယုဝေးက အံကြိတ်လိုက်ပြီး....

'ခင်ဗျားဘာသာ သွားမလား၊ ဒါမှမဟုတ် ကျုပ်က ကန်ထုတ်ပစ်လိုက်ရမလား'

ပြောပြောဆိုဆို ရှေ့တိုးလာလေ၏။

ပွဲစားကြီးကျန့်က....

'ယုဝေး ခင်ဗျာဟာ....'

သူတစ်ပါး မည်သို့ခံစားလိုက်ရသည်ကို မသိလိုက် ကိုယ်ကျိုးကိုသာ ကြည့်တတ်သူတို့၏ ညဉ့်အတိုင်း ယုဝေးကို အပြစ်တင်ဖို့ကိုသာ ကြိုးစားနေ၏။

ယုဝေး သည်းမခံနိုင်တော့ကြောင်း ထင်ရှားနေပါ၏

'သွားဗျာသွား ခုချက်ချင်း ထွက်သွားစမ်း'

ပွဲစားကြီးကျန့်အား တည်းခိုခန်းအပြင်ဘက်သို့ တွန်းထုတ်ပစ်လိုက်လေတော့၏။

ပွဲစားကြီးကျန့် ဒယီးဒယိုင်ဖြင့် အပြင်ရောက်သွား၏ သို့တိုင်....

'ယုဝေး၊ ခင်ဗျားက ကျုပ်ကို ကိုယ်ထိလက်ရောက် စော်ကားတယ်ပေါ့လေ....၊



'ကောင်းပြီ၊ ကျုပ်အကြောင်းကို ခင်ဗျား ကောင်းကောင်းကြီး သိရမယ်'

ဟု ကြုံးဝါးပြီးမှ ထွက်သွားလေတော့၏။

* * *

နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်လေ၏။

နေရောင်ခြည် ပျောက်ကွယ်သွားသည်နှင့် အမှောင်ထုသည် ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းဝါးမျိုသွား၏။

ယုဝေးက မီးအိမ်တစ်လုံး ထွန်းညှိလိုက်၏။

တည်းခိုခန်း၏ ညှော်ခန်းအတွင်း၌ မီးရောင်များ ထွက်ပေါ်လာကာ လင်းလင်းချင်းချင်း ဖြစ်လာ၏။

ယုဝေး တည်းခိုခန်း၏ ကျန်အခြားနေရာများကား မှောင်နှင့်မည်းမည်း ဖြစ်နေ၏။

အဝေးမှကြည့်လျှင် မကောင်းဆိုးဝါးသဘက်ဝါကြီး တစ်ကောင် ငုတ်တုတ်ထိုင်နေသည်နှင့် တူလှပေတော့၏။

မိုးလင်းနေသည့် ညနေခင်းသည် ထိုမကောင်းဆိုးဝါး
သတ္တဝါကြီး၏ အရောင်ထွက်နေသည့် တစ်လုံးတည်းသော
မျက်လုံးကြီးအလား....

ည ပိုးကောင် ပိုးမွှားလေးများ၏ အော်မြည်သံများ
ထွက်ပေါ်နေ၏။

ယုံဝေးက ကောင်းလိနှင့် မျက်နှာချင်းဆိုင် ပြန်ထိုင်
လိုက်၏။

ထို့နောက် အရက်တစ်ခွက် ငှဲ့သောက်ကာ အသားဟင်း
တစ်ဖတ်ကို ကောက်ဝါးလိုက်၏။

သူ၏အမူအရာသည် အလွန်ပင် တည်တည်ငြိမ်ငြိမ် အေး
အေးဆေးဆေး ဖြစ်နေပါ၏။

သို့သော်....

သူ၏စိတ်များသည် ယောက်ယက်ခတ်ကာ လှုပ်ရှားနေ
ကြောင်း ကောင်းလိ ရိပ်မိထားလေ၏။

ယုံဝေးသည် အကြောင်းမဲ့သက်သက် စော်ကားခံရခြင်း
ကြောင့် ခံပြင်းနေမည်ဖြစ်ကြောင်းလည်း ကောင်းလိ နား
လည်ထားလေ၏။

ပွဲစားကြီးကျန့်၏ လုပ်ရပ်သည် အတ္တဆန်လွန်းသည့်အပြ
တစ်ဖက်လူအား နှိမ်ချစော်ကားသလို ဖြစ်နေသည် မဟု
ပါလား။



သူတို့နှစ်ယောက်သည် အရက်သောက်လိုက် ဟင်းလျာ
များကို စားသောက်လိုက်ဖြင့် တစ်နေ့လုံး အချိန်ဖြုန်းခဲ့
ကြ၏။

ည မိုးချုပ်သွားသည့်တိုင် ထိုင်ရာမှမထဘဲ ဆက်ပြီးစား
သောက်နေကြဆဲ ဖြစ်၏။

တစ်နေ့လုံး မျက်နှာချင်းဆိုင် ထိုင်ကာ စားသောက်နေ
ကြဆဲ ဖြစ်လေ၏။

တစ်နေ့လုံး မျက်နှာချင်းဆိုင်ထိုင်ကာ စားသောက်နေ
ကြသော်လည်း စကားတစ်လုံးမှ မပြောဖြစ်ခဲ့ကြချေ။

တစ်ခါတစ်ရံတွင် စကားတစ်လုံးမှမပြောဘဲနေခြင်းသည်
စကားလုံးများ ထောင်ပေါင်းများစွာ ပြောသည်ထက်ပင်
ပို၍ပွယ်သက်ရောက်မှု ရှိလေ၏။

တစ်ယောက်ကိုတစ်ယောက် ပိုပြီးနားလည်တတ်ကြသည့်
သဘော ရှိလေ၏။

ညသည် တစ်စထက်တစ်စ နက်ရှိုင်းလာ၏။

အမှောင်ထုက ပို၍သိပ်သည်း အားကောင်းလာ၏။

ကောင်းလိက ဝါးခနဲ့သမ်းဝေလိုက်၏။

သူ အိပ်ရာဝင်တော့မည်ဖြစ်ကြောင်း အရိပ်အယောင်ပြ
လိုက်ခြင်း ဖြစ်၏။

ဤတွင်....

'ဟား....ဟား....ဟား'

ယုံဝေးက ကောက်ကာငင်ကာ ရယ်မောလေတော့၏။

* * *

'ဟား....ဟား....ဟား'

ယုံဝေး၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေ၏။

အကယ်၍....

ကောင်းလိ အိပ်ငိုက်နေပြီဆိုလျှင်ပင် သူ၏ ရယ်မောသံကြောင့် မျက်လုံးပြူးကျယ်နိုင်လောက်ပေ၏။

ယုံဝေးသည် အားရပါးရ ရယ်မောလိုက်ပြီးလျှင်....

'မဖိတ်မခေါ်ဘဲ ဧည့်သည်ကရောက်လာတယ်၊ ခုတစ်ခါပြဿနာက ပေါ်လာပြန်ပြီ'

ဟု ပြောလိုက်လေ၏။

ကောင်းလိက ယုံဝေးကို ငေးကြည့်လိုက်၏။



ယုံဝေးက....

'ကျုပ်ကသာ ရောင်းချင်တယ်ဆိုရင် လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်ကတည်းက ဒီနေရာကို ရောင်းပြီးခဲ့ပြီပေါ့'

ဟု ပြောလေ၏။

ကောင်းလိ ပိုပြီး မျက်လုံးပြူးကျယ်လာဟန်ရှိ၏။

အရက်တစ်ခွက် ငှဲသောက်လိုက်၏။

ယုံဝေးက ..

'ကျုပ်ရဲ့သမီးဟာ ကျုပ်ဆီကို ဘယ်တော့မှ ပြန်မလာတော့ဘူးဆိုတာ ကျုပ်သိပါတယ်၊ ဒီနေရာကိုလိုချင်ကြတယ်ဆိုရင် ကျုပ်သေတဲ့အထိ စောင့်ကြပေါ့'

ထိုစဉ်....

စိတ်ချ၊ ခင်ဗျားက သေမှပဲ ဒီနေရာကို လက်လွှတ်မယ်ဆိုရင် ခင်ဗျားဆန္ဒပြည့်ဝသွားအောင် ကျုပ်တို့ကူညီမှာပါ'

အေးတိအေးစက်သော စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကောင်းလိမျက်နှာ ကွက်ခနဲ ပျက်သွားပြီး မျက်လုံးဝေ့ကပ်ကာ ဝေ့ကြည့်လိုက်၏။

ထိုအခါ....

တည်းခိုခန်းအတွင်းသို့ လူနှစ်ယောက်ဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေ၏။

ထိုလူနှစ်ယောက်သည် အစိမ်းရောင် အဝတ်အစားများ ဝတ်ဆင်ထားကြပြီး ခေါင်းကိုယ်စီ ခါးချိတ်ထားကြ၏။

ယုံဝေးပြောသလို ပြဿနာပေါ်လာရုံမကဘဲ အနုရုပ်ပြုမည့်သူများပင် ရောက်ရှိလာကြပြီ ဖြစ်လေ၏။

ကောင်းလိ၏ခြေလက်များ အေးစက်သွား၏။

သူ၏မျက်နှာသည် လူသေအလောင်း၏ မျက်နှာအဖြစ်သို့ တမုဟုတ်ချင်း ပြောင်းလဲသွားတော့၏။

အစိမ်းရောင်ဝတ်ထားသူ နှစ်ယောက်သည် ယုံဝေးနှင့် ကောင်းလိတို့ထံသို့ လှမ်းလာကြလေ၏။

ယုံဝေး၏မျက်နှာ ခက်ထန်တင်းမာသွား၏။

'ဟေ့....မင်းတို့ ခုချက်ချင်း ငါ့ရဲ့တည်းခိုခန်းထဲကထွက်သွားကြစမ်း'

ဟု အော်ငေါက် မောင်းထုတ်လိုက်၏။

အစိမ်းရောင်ဝတ်ဆင်ထားသူ နှစ်ယောက်က မသွားသည့်အပြင် ရှေ့တိုးလာကြ၏။ "

ယုံဝေးက....

'ဟေ့ ကောင်တွေ၊ မင်းတို့ထွက်မသွားသေးဘူးလား'

ဟု ငေါက်ကာ လက်ထဲမှအရက်ခွက်ဖြင့် ပစ်ပေါက်လိုက်၏။

'ဝှီး'

'ခွမ်း'



အစိမ်းရောင် ဝတ်ထားသောသူ တစ်ယောက်က လက်ဝှေ့ယမ်းလိုက်လျှင် အရက်ခွက်သည် ကြမ်းပြင်ပေါ်လွင့်စင်ကျသွားကာ အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားတော့၏။

'ဝုန်း....'

ယုံဝေးက ခုန်ထလိုက်၏။

သူထိုင်နေသော ကုလားထိုင် လဲကျသွားကာ ကျယ်လောင်သောအသံ ထွက်ပေါ်လာ၏။

ယုံဝေးသည် အစိမ်းရောင်ဝတ်ဆင်ထားသူနှစ်ယောက်ထံသို့ ပြေးသွားပြီး....

'သွားစမ်း၊ ခုချက်ချင်း ထွက်သွားကြစမ်း'

ဟု အော်ငေါက်လိုက်၏။

'အဘိုးကြီးက သေကာနီးတောင်မှ အနိုင်စက်ခံချင်သေးတယ် ထင်တယ်'

အစိမ်းရောင်ဝတ်ထားသူ တစ်ယောက်ကယုံဝေး၏ ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ဆောင့်တွန်းလိုက်၏။

'ဝုန်း....'

'အင့်'

ယုံဝေးမှာ ကြမ်းပြင်ပေါ် ဖင်ထိုင်ကျသွားတော့၏။ အသက်ကြီးပြီဖြစ်ရာ စိတ်သာရှိသော်လည်း ခန္ဓာကိုယ်က မတတ်နိုင်စွမ်းချေ။

အစိမ်းရောင် ဝတ်ထားသူနှစ်ယောက်သည် တိုက်ခိုက်ရေး ကျွမ်းကျင်သူများ ဖြစ်ပုံရလေ၏။

လူ့အသက်ကို ဖက်ရွက်ပမာ သဘောထားသူများလည်း ဖြစ်ကြောင်း ထင်ရှားနေပါ၏။

ယုံဝေးက ကြမ်းပြင်ပေါ်မှ လူးလိမ့်ထရန် ဟန်ပြင်လိုက်၏။

သို့သော်....

'သွားစမ်း'

အစိမ်းရောင်ဝတ်ထားသူတစ်ယောက်က ခြေထောက်ဖြင့် ကန်ကျောက်လိုက်ရာ..

'ဝုန်း....'

ယုံဝေးသည် လွင့်စင်သွားပြီး ကြမ်းပြင်ပေါ် လဲကျသွား၏။

ခြေထောက်ဖြင့် ကန်ကျောက်လိုက်သည့် အစိမ်းရောင် ဝတ်ဆင်ထားသူက ရှေ့တိုးလာပြီး ယုံဝေး၏ ရင်ဘတ်ကို ခြေထောက်ဖြင့် ဖိနင်းထားလိုက်၏။

'မလှုပ်နဲ့'

ဟု ငေါက်လိုက်ပြီး ခွမ်းခနဲမြည်အောင် ဓားဆွဲထုတ်လိုက်၏။



ယုံဝေး၏ရင်ဘတ်ကို ဓားဖြင့်ထောက်ထားလိုက်၏။ ကောင်းလိ မျက်နှာပျက်သွား၏။

သူ၏မျက်စိရှေ့မှောက်တွင် ယုံဝေးအသတ်ခံရတော့မည့် အဖြစ်ကို တွေ့မြင်နေရသည် မဟုတ်ပါလား။

ယုံဝေး၏ရင်ဘတ်ကို ခြေထောက်ဖြင့် ဖိနင်းထားသော အစိမ်းရောင် ဝတ်ဆင်ထားသူက....

'အဘိုးကြီး....ခင်ဗျားရဲ့ တည်းခိုခန်းကို ရောင်းမလား၊ ဒါမှမဟုတ် အသက်အသေခံမလား၊ ကြိုက်တဲ့လမ်းကို ရွေးပေတော့'

ဟု ခြိမ်းခြောက်လိုက်၏။

ယုံဝေး ဒေါသထွက်နေပါ၏။

'လက်စသတ်တော့ ပွဲစားကြီးကျန့်ကမင်းတို့ကိုလွှတ်လိုက်တာကိုး'

'ဟုတ်တယ်၊ ခင်ဗျားက ရောင်းမယ်ဆိုရင် ကျုပ်တို့ကိုလဲ ပွဲစားကြီးက ငွေပိုပေးမှာပေါ့ဗျာ၊ မရောင်းဘူးဆိုရင်တော့ ခင်ဗျားကို ရှင်းပစ်ရမှာပဲ၊ ကျုပ်တို့ကလဲ ခင်ဗျားကိုမသတ်ချင်ဘူး၊ ငွေပိုရတာပဲ လိုချင်တာပေါ့ဗျာ၊ ကဲ.... ခင်ဗျားရဲ့ တည်းခိုခန်းကို ရောင်းမယ်မဟုတ်လား'

ယုံဝေးက....

'ဟေ့.... မရောင်းဘူးကွ၊ တစ်သက်လုံး မရောင်းဘူး၊ ငါ့ကိုသတ်ပစ်လိုက်ကြစမ်း'

ဒေါသတကြီး အော်ပြောလိုက်၏။

အစိမ်းရောင်ဝတ်ထားသူက....

'စိတ်ချ....ခင်ဗျား ခေါင်းမာနေလို့ကတော့ သေချင်တာတောင် ချက်ချင်းမသေရဘူး'

ယုံဝေးအား ရက်ရက်စက်စက် နှိပ်စက်မည်မှာ သေချာလှပေတော့၏။

ကောင်းလိသည် အရက်တစ်ခွက် ငှဲ့သောက်လိုက်၏။

ရုတ်တရက် အရက်သီ သွားပြီး....

'အဟွတ်....အဟွတ်'

ချောင်းကဟွတ်ဟွတ် ဆိုးလာတော့၏။

ဤတွင်....

အစိမ်းရောင်ဝတ်ထားသူ နှစ်ယောက်သည် ကောင်းလိရှိနေသေးသည်ကို သတိပြုမိသွားကြ၏။

သူတို့ တစ်ယောက်တစ်ယောက် ကြည့်ကာ ခေါင်းညိတ်အချက်ပြလိုက်ကြ၏။

တစ်ယောက်က ယုံဝေး၏ရင်ဘတ်ကို ခြေထောက်ဖြင့် ဖိနှင်းထားပြီး ဓားဖြင့် ထောက်ထားလိုက်သလို ကျန်တစ်ယောက်က ကောင်းလိထံသို့ လှမ်းသွားလိုက်၏။

ကောင်းလိ မလှုပ်မယှက်ထိုင်နေဆဲ....

ထိုလူသည် အနီးသို့ရောက်ရှိလာပြီး....

'ဟေ့ကောင်....မင်းကဘယ်သူလဲ၊ ဒီမှာ ဘာလာလုပ်နေတာလဲ'

ဟု ငေါက်လိုက်၏။



ယုံဝေးသည် သူကိုယ်တိုင် ဒုက္ခရောက်နေသည်ကို မေ့လျော့ကာ ကောင်းလိ ဒုက္ခရောက်မည့်အရေးကို တွေးပူမိလေ၏။

'ဟေ့....သူနဲ့ ဘာမှမဆိုင်ဘူး၊ သူ့ကို ဒုက္ခမပေးကြနဲ့'

ဟု အော်ပြောလိုက်၏။

ထိုစကားကြားလျှင် ကောင်းလိ၏မျက်နှာတွင် ထူးခြားသော အရိပ်အယောင်များ ထွက်ပေါ်လာ၏။

အစိမ်းရောင်ဝတ်ထားသူက....

'မင်းနဲ့မဆိုင်ဘူးဆိုရင် ခုချက်ချင်း ထွက်သွားပေတော့၊ ယောင်လို့တောင် နောက်လှည့်မကြည့်နဲ့'

ဟု ခြိမ်းခြောက် မောင်းထုတ်လိုက်၏။

ကောင်းလိက ထိုလူအား မျက်လုံးလှန်ကြည့်၏။

'ကျုပ်က မသွားဘူးဆိုရင်ကော'

ဟု အေးတိအေးစက် ပြန်မေးလိုက်၏။

အစိမ်းရောင်ဝတ်ထားသူက....

'မင်းက ခြေထောက်နဲ့ ထွက်မသွားဘူးဆိုရင် ပက်လက်ထွက်သွားရလိမ့်မယ်'

ကောင်းလိ သေရလိမ့်မည်ဟု ခြိမ်းခြောက်လိုက်သည့်သဘော ဖြစ်လေ၏။

ကောင်းလိက..

'ခင်ဗျား သေချာရဲ့လား'

ဟု ပြန်မေးလိုက်၏။

အစိမ်းရောင်ဝတ်ထားသူက ခံပြင်းသွားလေ၏။

'သေချာတာပေါ့ ဒီမှာကြည့်ထား'

ဟု ကြုံးဝါးရင်း ခေါးဆွဲထုတ်ရန် ဟန်ပြင်လိုက်၏။

ကောင်းလိက ဆတ်ခနဲထရပ်လိုက်လေ၏။

ယုံဝေးအား ခြေထောက်ဖြင့် ဖိနင်းထားသူက....

'ကောင်းတယ်ဟေ့၊ အဲဒီကောင်ကို အရင်ဆုံးသတ်ပစ်လိုက် ဒါမှအဘိုးကြီးယုံဝေး သင်ခန်းစာရသွားမယ်'

ဟု လှမ်းပြောလိုက်လေ၏။

သူ၏ အဖော်နှင်ကွယ်နေရာ ကောင်းလိ ထရပ်လိုက်သည်ကို မသဲမကွဲ တွေ့လိုက်ရပြီး နောက်ထပ် ဘာမှမတွေ့ရချေ။

သူ့အဖော်၏ လက်ချက်ကြောင့် ကောင်းလိ သေဆုံးသွားလိမ့်မည်ဟု ယုံကြည်ထားလေ၏။

သို့သော်....

'အင်—'

မသဲမကွဲညည်းညူသံ ထွက်ပေါ်လာလေ၏။

သူ၏ အဖော်ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လာသည်ကို တွေ့ရလျှင် အစိမ်းရောင် ဝတ်ထားသူ ကြောင်အမ်းအမ်း ဖြစ်သွား၏။



ထိုစဉ်....

'ဖုတ်....'

သူ၏ အဖော်သည် ကြမ်းပြင်ပေါ် ပက်လက်လန်လဲသွားပြီး မလှုပ်မယှက် ငြိမ်သက်သွားလေ တော့၏။

* * *

အဖြစ်အပျက်မှာ လျှင်မြန်လွန်းလှပေ၏။

မည်သို့မည်ပုံ ဖြစ်သွားသည်ကို အစိမ်းရောင် ဝတ်ထားသူသည် လည်းကောင်း၊ ယုံဝေးသည်လည်းကောင်း ကောင်းစွာ မတွေ့မြင်လိုက်ရချေ။

သူတို့ သတိပြုမိလိုက်သောအခါ ကောင်းလိအား ဒုက္ခပေးဖို့ ကြံရွယ်ခဲ့သည့် အစိမ်းရောင်ဝတ်ထားသူမှာ ကြမ်းပြင်ပေါ်၌ ပက်လက်လန်လဲကျကာ မလှုပ်မယှက်ငြိမ်သက်နေခြင်းကို တွေ့မြင်လိုက်ရလေ၏။

အတော်ကလေးကြာမှ—

'ဟာ....'

ယုံ မေးအား ခြိမ်းခြောက်နေသူသည် လွတ်ခနဲ အော်လိုက်ပြီး သူ၏အဖော်ထံသို့ ပြေးလွှားသွားလိုက်လေ၏။

သူ၏အဖော်ကို မွေ့ထူရင်း....

'သူငယ်ချင်း....သူငယ်ချင်း မင်းဘယ်လိုဖြစ်တာလဲ'

ဟု အလောတကြီး မေးလိုက်၏။

သူ၏အဖော်မှာ မျက်ဖြူလန်နေပြီဖြစ်၏။

မယုံကြည်နိုင်ခြင်း၊ အံ့သြခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်းစသည့် အရိပ်အယောင်များသည် ထိုလူ၏မျက်နှာပေါ်တွင် အထင်းသားပေါ်လွှင်နေ၏။

ထိုလူသေဆုံးနေပြီ တကား....

သို့သော်....

ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာဒဏ်ချက် ရှာမတွေ့ပါချေ။

အစိမ်းရောင်ဝတ်ထားသူ မယုံကြည်နိုင်အောင် ဖြစ်နေသည်။

သေသေချာချာ စစ်ဆေးကြည့်လိုက်တော့ သူ့အဖော်၏ အင်္ကျီရင်ဘတ် တစ်နေရာမှာ အလွန်ထက်မြက်သော ဓားပါးလေးတစ်လက်ဖြင့် တိတိရိရိလှီးဖြတ် ထားသလို ပြတ်နေသည်ကို တွေ့ရ၏။

နှလုံးသားနေရာ တည့်တည့်တွင် ဖြစ်လေ၏။



အလွန်ထက်မြက်ပြီး ပါးလွှာသော ဓားတစ်လက်သည် နှလုံးသားကို ဖောက်ထွင်းသွားခြင်းကြောင့် အဖော်ဖြစ်သူ သေဆုံးသွားရခြင်းဖြစ်ခဲ့ကြောင်း အစိမ်းရောင်ဝတ်ထားသူ သဘောပေါက်လိုက်၏။

ပါးလွှာလွန်းသောဓားသည် အင်္ကျီနှင့်အသားအရေကို ထိုးဖောက်ကာ ခန္ဓာကိုယ်အတွင်းသို့ စိုက်ဝင်သွားပြီးလျှင် လျင်မြန်စွာ ဆွဲထုတ်သွားခြင်းကြောင့် သွေးတစ်စက်မှ ထွက်မလာခြင်း ဖြစ်ကြောင်းလည်း နားလည်လိုက်လေ၏။

ထို့ပြင်....

အလွန်ကြောက်စရာကောင်းသူ တစ်ယောက်နှင့် ရင်ဆိုင်လိုက်ရပြီဖြစ်ကြောင်းလည်း နားလည်လိုက်လေ၏။

အစိမ်းရောင်ဝတ်ထားသူသည် ကောင်းလိအား မျက်လုံးပြူး၍ ကြည့်လိုက်မိလေ၏။

ကောင်းလိက....

'တကယ်တမ်း ပက်လက်ထွက်သွားချင်တာက မင်းရဲ့အဖော်ပဲကွ၊ မင်းကော'

ဟု မေးလိုက်လေ၏။

ထိုလူ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေ၏။

ထင်မထင်သည့် အသွင်မရှိတော့ဘဲ ကြောက်ရွံ့နေသော ယုန်သူငယ်လေးတစ်ကောင်နှယ်ပင် တူနေပါ၏။

ထိုလူသည် သူ၏အဖော်ကိုပင်ဂရုမစိုက်တော့ဘဲ နောက်သို့ တရွေ့ရွေ့ဆုတ်လိုက်၏။

ကောင်းလီ ခေါင်းခါယမ်းလိုက်၏။

'မင်း ဒီလိုထွက်သွားလို့ ဘယ်ဖြစ်မလဲ'

ဟု ပြောလိုက်၏။

ထိုလူ မျက်နှာပျက်သွား၏။

'ကျုပ်က'

ချက်ချင်းပင် ကြမ်းပြင်ပေါ် ဒူးထောက်ချကာတောင်းပန်ဖို့ ကြိုးစားလေ၏။

အကြောက်လွန်ကာ သွေးပျက် ရူးသွပ်သွားတော့မည့် အသွင်မျိုး ရှိနေပါ၏။

ကောင်းလီက....

'မင်းထွက်သွားရင် မင်းရဲ့အဖော်ကိုပါခေါ်သွားမှပေါ့'

ဟု ပြောလိုက်၏။

ထိုလူသည် အသက်တစ်ချောင်း ကောက်ရလိုက်သည့်ပမာ ဝမ်းသာ ပျော်ရွှင်သွား၏။

'ကောင်း....ကောင်းပါပြီဗျာ'

ချက်ချင်းပင် ကြမ်းပြင်ပေါ်၌ လဲကျနေသည့် အဖော်ဖြစ်သူအား ပွေ့ထူကာ ပခုံးပေါ် တင်လိုက်၏။

ထို့နောက် ဒရောသောပါး ပြေးထွက်သွားတော့၏။



ကောင်းလီအား ခြိမ်းခြောက်ခဲ့သူမှာ တကယ်တမ်း ထွက်သွားရသောအခါ ပက်လက်ပင်မဟုတ်ဘဲ မှောက်ခုံကြီး ဖြစ်နေပါတော့၏။

* * *

အစိမ်းရောင်ဝတ်ထားသူ နှစ်ယောက် ထွက်သွားကြပြီ ဖြစ်၏။

သူတို့သည် တည်းခိုခန်းထဲသို့ ဝင်လာခဲ့သလို မောက်မောက်မာမာ မရှိဘဲ ခွေးပြေးဝက်ပြေး ထွက်ပြေးသွားကြရခြင်း ဖြစ်ပါသည်။

ယုံဝေးနှင့် ကောင်းလီတို့ကား စားပွဲတွင် မျက်နှာချင်းဆိုင် ပြန်ထိုင်မိကြပြီဖြစ်၏။

အနည်းငယ်သာ စားသောက်ထားသဖြင့် ကျန်ရှိနေသော စားသောက်ဖွယ်ရာများသည် အေးစက်နေ၏။

ယုံဝေးက သူ့အတွက်ကော ကောင်းလီအတွက်ပါ အရက်ငှဲ့ပေးလိုက်၏။

သူ၏ အရက်ခွက်ကိုယူကာ တချိန်ထိုး မော့သောက်လိုက်လေ၏။

ကောင်းလိမှာမူ မလှုပ်မယှက် ရှိနေ၏။

လူသားဆန်သောအမူအရာများသည် သူ့ထံပါးမှ လုံး လွင့်စဉ်ကွယ်ပျောက်သွားခဲ့ပြန်ပြီ ဖြစ်၏။

ကောင်းလိ၏ မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်ကာ ခံစားချက်ကင်းမဲ့သော လူသေအလောင်း၏ မျက်နှာမျိုး ဖြစ်၏။

တုတ်တုတ်မျှ မလှုပ်ဘဲ ထိုင်နေသဖြင့် အလောင်းကော ကြီး ထိုင်နေပုံနှင့် တူလှ၏။

ယုံဝေးက အရက်သောက်လိုက်ပြီးမှ....

'ပွဲစားကြီးကျန့်ဟာ မြေခွေးတစ်ကောင်လို ကောက်ကျ စဉ်းလဲတယ်၊ ကျုပ်ရဲ့တည်းခိုခန်းကို လိုချင်တာနဲ့ လူဆို လူမိုက်တွေကို ငွေပေးပြီး ကျုပ်ကိုဒုက္ခပေးဖို့ စေလွှတ်လို တယ်'

ဟု ပြော၏။

တစ်ဖန်....

ကောင်းလိအား စေ့စေ့ကြည့်လိုက်ပြီး—

'မင်းကတော့ တကယ့်မြေခွေးတစ်ကောင်ပဲ၊ မင်းဟာ ပွဲစားကြီးကျန့် စေလွှတ်လိုက်တဲ့ လူဆိုး လူမိုက်တွေအ



အပြန်တစ်ရာလောက် ကြောက်စရာကောင်းတဲ့လူတစ်ယောက် ဆိုတာ မင်းကို စပြီးတွေ့တဲ့နေ့ကတည်းက ငါ ရိပ်မိခဲ့တယ်'

ဟု ပြောလိုက်၏။

ကောင်းလိက ဘာမှပြန်မပြောပါ။

ယုံဝေးငှဲ့ပေးထားသော အရက်ခွက်ကို ယူကာ မော့သောက်လိုက်၏။

ထို့နောက်....

ထိုင်ရာမှထကာ ခြေလှမ်းကျဲကျဲဖြင့် ထွက် သွား လေတော့၏။

သူ၏ ခြေလှမ်းများမှာ အတိတ်နိမိတ် မကောင်းသော စန်းအမှတ် တစ်ဆယ့်သုံးသို့ ဦးတည်နေလေ၏။

## နောက်ဆုံးအကြိမ်

'အောက်အ ီးအ ီးအွတ်'

ကြက်တွန်သံများ ဟိုမှသည်မှ ထွက်ပေါ်လာ၏။

အရှေ့ဦး၏ ရောင်နီများလည်း အရှေ့ဘက်ဆီတွင် မြင်လာရပြီဖြစ်၏။

မကြာမီ မိုးစင်စင်လင်းတော့မည် ဖြစ်လေ၏။

ယုံဝေးသည် ဧည့်ခန်းအတွင်းရှိ စားပွဲ၌ထိုင်နေဆဲ...

ညက တစ်ညလုံးထိုင်ကာ အရက်သောက်နေခြင်းဖြ

သူ၏ဘဝတွင် ယုံမိသားစု တည်းခိုခန်း၏ စီးပွား ပျက်စီးပြီး ကံဆိုးမိုးမှောင် ကျရလေသောအခါ တစ် လှုပ်ရှားခဲ့ဖူး၏။



ယခုတစ်ဖန်....

ညက အဖြစ်အပျက်ကြောင့် စိတ်လှုပ်ရှားခဲ့ရ၏။

သူ၏စိတ်ကို အကြီးအကျယ် လှုပ်ရှားစေခဲ့သော ဖြစ်ရပ်များပင် ဖြစ်လေ၏။

ထို့ကြောင့်လည်း ယုံဝေး မအိပ်နိုင်တော့ဘဲ တစ်ညလုံး အရက်ဖိသောက်နေခြင်း ဖြစ်၏။

ကံဆိုးသည်မှာ အရက် ဘယ်လောက်သောက်သောက် မူးမသွားဘဲ ရီဝေ ထုံထိုင်းကာ ငူငူကြီး ဖြစ်နေရခြင်း ပင်။

အိပ်ချင်စိတ်လည်း လုံးဝမရှိဘဲ မျက်လုံးကြောင်နေ၏။

တစ်ညလုံး ထွန်းညှိထားခဲ့သော မီးအိမ်သည် ဆီ ကုန်ခန်းသွားသဖြင့် ဟုတ်ခနဲ ငြိမ်းသွားပြီဖြစ်၏။

ဧည့်ခန်းအတွင်း၌ မှောင်မည်းနေပြီး အရှေ့ဘက်အချိန် ရောက်လာတော့မှသာ အမှောင်ပါးသွားကာ မသဲ့မကွဲလင်း လာ၏။

မကြာမီ မိုးစင်စင်လင်းလာတော့မည်။

ပွဲစားကြီးကျန့်သည် သူလွှတ်လိုက်သောလူဆိုးနှစ်ယောက် အရေးနိမ့်သွားမှန်းသိလျှင် မည်သို့ရှိမည်နည်း။

လက်လျှော့သွားလေမည်လော သို့မဟုတ် ပို၍ဒုက္ခပေ
လာလေမည်လော။

ယုံဝေးသည် ပွဲစားကြီးကျန့်ကို လုံးဝ အမှုမထားချေ

သူ တွေးတော ငေးငိုင်နေသည်မှာ ကောင်းလိကြော
ဖြစ်၏။

ကောင်းလိအား စပြီး တွေ့လိုက်ရသည့် အချိန်မှာပင်
ကောင်းလိသည် ကြောက်စရာအလွန်ကောင်းသည့် လူသတ်
သမားတစ်ယောက် ဖြစ်သည်ဟု ခံစားရလေ၏။

ထိုသို့မဖြစ်ပါစေနှင့်။ သူ အထင်မှားခြင်းသာ ဖြစ်ပါ
စေဟု ဆုတောင်းမိခဲ့၏။

အတူတူ နေထိုင်လာရသောအခါကောင်းလိသည် အထိ
ကျန်ဆန်သူ ခါးသီးနာကြည်းဖွယ်ကောင်းသော ဘဝဒဏ်ကို
ခံစားခဲ့ရသူဟု နားလည်လာ၏။

ထို့ကြောင့်....

ကောင်းလိသည် အစိမ်းရောင်ဝတ် လူဆိုးတစ်ယောက်
အား ဆုံးမလိုက်သောအခါ သူတွေးထင်သည့်အတိုင်း အမှန်
ဖြစ်နေကြောင်း လက်တွေ့ သက်သေခံနေပြီမို့ တုန်လှုပ်
ချောက်ချားမိခဲ့လေ၏။

ယုံဝေးကား ငိုင်နေဆဲ....



အလင်းရောင်သည် တစ်စထက်တစ်စအားကောင်းလာ၏။

ရုတ်တရက်....

ခြေသံသဲ့သဲ့ ထွက်ပေါ်လာလေ၏။

ယုံဝေး၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွား၏။

သူ ထွက်သွားတော့မှာကိုး။

ဟု စိတ်ထဲမှရေရွတ်လိုက်၏။

ယခုတစ်ကြိမ်....

ကောင်းလိသည် အမှန်တကယ် ထွက်သွားတော့မည်
ဖြစ်သလို သူ့ထံသို့ ဘယ်သော့အခါမှ ပြန်လာတော့မည်
မဟုတ်ကြောင်း ယုံဝေး နားလည်ထားလေ၏။

မကြာပါချေ။

ခြေသံသည် တစ်စထက်တစ်စ နီးကပ်လာပြီး ကောင်းလိ
သည် ယုံဝေးရှေ့သို့ ရောက်ရှိလာ၏။

ကောင်းလိထံတွင် အသုံးဆောင်ပစ္စည်း မပါ။ အဝတ်
တစ်ထည် ကိုယ်တစ်ခုဖြင့် လာခဲ့ခြင်းဖြစ်၏။

ထို့ကြောင့်....

သွားချင်သည်ဖြစ်စေ လာချင်သည်ဖြစ်စေ ချက်ချင်း
ကောက်ကာငင်ကာ ထသွားနိုင်၏။

ထွေထွေထူးထူး ပြင်ဆင်နိုင်စရာမလိုပါ။ မည်သည့်ပစ္စည်း အသုံးအဆောင်ကိုမှလည်း သံယောဇဉ်ဖြစ်ကွယ်နေစရာ မလို ပါချေ။

ကောင်းလိကို ယုံဝေး ငေးမောကြည့်လိုက်မိ၏။

ကောင်းလိက သူ့အား တစ်ကြိမ်တစ်ခါမှ မတွေ့ဖူး၊ မမြင်ဖူးသူတစ်ယောက်ပမာ ကြည့်ကာ....

'ကျုပ်က အခန်းပြန်အပ်လိုက်ပြီ'

ဟု ပြောလေ၏။

ယုံဝေး သက်ပြင်းချလိုက်၏။

'မင်း သွားတော့မလို့လား'

ကောင်းလိက ဘာမှမပြောပါ။

ယုံဝေးက ...

'တကယ်ဆို ညက ငါ့အတွက် မင်း ဘာမှကာကွယ်ပေ စရာမလိုဘူး၊ ဒါမှလဲ မင်းဟာ ရှေ့ဆက်ပြီး လိပ် တ ကောင်လို ခေါင်းဝှက်နေနိုင်မှာပေါ့'

ဟု ပြောလိုက်၏။

ကောင်းလိ ခေါင်းခါယမ်းလိုက်၏။

'ကျုပ်က ခင်ဗျားကို အကာအကွယ်ပေးတာ မဟုတ် ပါဘူး'



'ဟင်....'

'ကျုပ်ကိုယ်ကျုပ် ကာကွယ်ခဲ့တာပါ'

'မင်း....မင်း'

'ကျုပ် အခန်းပြန်အပ်ပြီးပြီ၊ ကျုပ်သွားတော့မယ်'

ယုံဝေးက ဟန့်တားခြင်းမပြုတော့ပါ။

ကောင်းလိသည် ထွက်သွားမည်ဆိုလျှင် တားရှိရမည့်သူ ခဟုတ်ကြောင်းကောင်းစွာနားလည် သဘောပေါက်ထား၍ ဖြစ်လေ၏။

ကောင်းလိကလည်း ဘာတစ်ခွန်းမှ ထပ်မပြောတော့ဘဲ ချာခနဲလှည့်ကာ ထွက်သွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်..

'အရှုးလေး....မင်း ဘယ်သွားမလို့လဲ'

ကျယ်လောင်သော စကားသံနှင့်အတူ လူတစ်ယောက်က တည်းခိုခန်းအတွင်းသို့ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရ လေတော့၏။

* * *

လူတစ်ယောက်....

အကောင်းစား အဖိုးတန် အပြာရောင်ပိုးဖဲကို ဝတ်ဆင်ထားသော လူဝကြီး တစ်ယောက်သည် တည်းခိုခန်းအတွင်းသို့ လှမ်းဝင်လာလေ၏။

ရုတ်တရက်ကြည့်လျှင် သစ်သားစည်ပိုင်းကြီး တစ်လုံး လိမ့်လာသည်ဟုပင် ထင်ရပေ၏။

ယုံဝေး အံ့သြသွား၏။

ကောင်းလိအား ကောင်းစွာသိနေသူတစ်ယောက် ရောက်ရှိလာသည် မဟုတ်ပါလား။

ကောင်းလိသည် မလှုပ်မယှက် တောင့်တောင့်ကြီး ဖြစ်သွား၏။

သူ၏မျက်လုံးများ အရောင်မှေးမှိန်သွားလေ၏။

ပြုံးပြုံးရွှင်ရွှင်ဖြင့် ရောက်လာသည့် လူဝကြီးကိုကြည့်ရင်း

'ကျင်းဟူ.... ခင်ဗျားက တကယ့် ခွေးအ,တစ်ကောင်လို အနံ့ခံကောင်းတာပဲ'

ဟု ပြောလိုက်၏။

'ဟား....ဟား....ဟား'

လူဝကြီးက ကောင်းလိ၏စကားကို သဘောကျသွားသည့်အလား ဟားတိုက်ရယ်မောလိုက်၏။



ယုံဝေ က သူတို့အား မသိမသာ အကဲခတ်ကြည့်လိုက်၏။

လူဝကြီးသည် အတန်ကြာရယ်မောပြီးမှ....

'ဖြစ်မှဖြစ်ရလေ အရှူးလေးရယ်၊ ငါ့ကို ခွေးအကြီးလို့ လူတွေဘာကြောင့်ခေါ်ကြတာ မင်း ခုမှသဘောပေါက်သွားတာကိုး'

ကောင်းလိက....

'ခင်ဗျားဟာ ကျုပ်ဆီကို ကောင်းတဲ့သဘော ဖွင့်လှစ်မိ
လာတာ မဟုတ်ဘူးဆိုတာ ကျုပ်သိတယ်' ...ာ၏။

လူဝကြီး မကြားချင်ယောင်ဆောင်ကာ....

'တို့အချင်းချင်း မတွေ့ရတာ ကြာတောင်တော်တော်ကြာသွားပြီနော်၊ ကဲပါလေ အေးအေးဆေးဆေး စကားပြောကြတာပေါ့'

ကောင်းလိ၏ လက်ကိုဆွဲကာ ယုံဝေးထိုင်နေသော စားပွဲဆီသို့ လျှောက်လာလေ၏။

ကောင်းလိက ဘာမှမပြောဘဲ လိုက်လာလေ၏။

ယုံဝေး အံ့သြနေသည်။

ကောင်းလိသည် ခွေးအကြီးဆိုသူ လူဝကြီးအား မလွန်ဆန်နိုင်သည့် သဘောရှိနေသည်ဟုလည်း ဖျပ်ခနဲတွေးလိုက်မိ၏။

ကောင်းလိုက်သို့ လူစားမျိုးသည် ကြောက်ရမည့်သူ မထားသည့် လူစားမျိုးဖြစ်ပါ၏။

ယခုတော့...

ယုံဝေးသည် တွေးတောစဉ်းစားမရသဖြင့် ခေါင်းကုပ်ကာ ထိုင်ရာမှထရပ်လိုက်လေ၏။

လူဝကြီးက ယုံဝေးအား ပြုံးပြလိုက်ပြီး....

'ယုံဝေ[illegible]ားဟာ ယုံမိသားစု တည်းခိုခန်းပိုင်ရှင် ယုံဝေး ကော[illegible] ဗျာ'

ဟု ပြောလေ၏။

'ဟင်....'

ယုံဝေး လှုပ်လှုပ်ရှားရှားဖြစ်သွားလေ၏။

လူဝကြီးအား သူမသိပါ၊ လူဝကြီးကမူသူ့အားကောင်း စွာသိနေ၏။

ယုံဝေးသည် လူဝကြီးအား မျက်လုံးပြူး၍ ကြည့်လိုက် မိလေ၏။

လူဝကြီးက....

'ယုံမိသားစု တည်းခိုခန်း ကောင်းစားစဉ် အချိန်က အတော်ကို ထင်ရှားကျော်ကြားခဲ့တာပါဗျာ....၊



'တည်းခိုခန်းပိုင်ရှင်ဟာ သဘောမနောကောင်းတယ်၊ ဖော်ရွေတယ်—၊

'ဧည့်သည်တွေကို စိတ်ချမ်းမြေ့ ပျော်ရွှင်အောင် ပြုစု လုပ်ကိုင်ပေးတယ်ဆိုတဲ့သတင်းတွေ ကျုပ်ကြားဖူးပါတယ်၊ ခုတော့ ယုံမိသားစု တည်းခိုခန်းကို ကိုယ်တိုင်ရောက်လာခဲ့ ရပြီမို့ ဝမ်းသာဂုဏ်ယူလို့ မဆုံးပါဘူးဗျာ'

ဟု ပြောလိုက်လေ၏။

ယုံဝေးသည်လည်း ယုံမိသားစု တည်းခိုခန်း ဖွင့်လှစ်မိ သည့်အတွက် ဝမ်းသာဂုဏ်ယူသလို ဖြစ်လာလေ၏။

သို့သော်....

'ခုတော့ ဟိုတုန်းက အခြေအနေမျိုး မဟုတ်တော့ပါ ဘူး'

ဟု စိတ်မသက်မသာဖြင့် ပြောလိုက်လေ၏။

လူဝကြီးက....

'ကိစ္စမရှိပါဘူး၊ ဒီလိုနေရာမျိုးကိုမှ ကြိုက်နှစ်သက်တဲ့ လူတွေ ရှိနေကြပါသေးတယ်ဗျာ....၊

'ဥပမာ အရှူးလေးတို့ ကျုပ်တို့ပေါ့ဗျာ၊ အဲ....ကျုပ်တို့ အတွက် စားသောက်စရာ တစ်ခုခုလောက်များ စီစဉ်ပေး နိုင်မလား'

ယုံဝေးက....

'ရပါတယ်၊ ဘာတွေလိုချင်သလဲဆိုတာပြောပါ၊ ကျသင့်ငွေကို အရင်ပေးချေရပါ့မယ်'

ကောင်းလီအား လူဝကြီးက အရှူးလေးဟု ခေါ်နေသဖြင့် စိတ်ထဲ ခိုးလိုးခုလု ဖြစ်နေရပါ၏။

လူဝကြီးက....

'ရပါတယ်....ရပါတယ်'

ပြောပြောဆိုဆို ငွေလွှဲလက်မှတ်တစ်ထပ် ထုတ်ယူပေးပေ၏။

'အရက်နဲ့ စားသောက်စရာအမျိုးမျိုး ရရင်တော်ပါပြီဗျာ'

'ကောင်းပြီ ခဏတော့စောင့် ရမယ်'

'ရပါတယ်ဗျာ...ရပါတယ်'

ယုံဝေးသည် လူဝကြီးပေးသော ငွေလွှဲလက်မှတ်များကို လက်ခံယူကာ ခပ်သွက်သွက်လှမ်းသွားလေ၏။

လူဝကြီးက....

'အရှူးလေးရေ လာဟေ့၊ တို့တတွေ အရက်သောက်ရင်း အေးအေးဆေးဆေး စကားပြောကြရအောင်'



ဟု ကောင်းလီအား လှမ်းပြောနေသည်ကို နောက်ဆုံးကြားလိုက်ရပြီး ယုံဝေးမှာ တည်းခိုခန်း အပြင်ဘက်သို့ရောက်ရှိလေတော့၏။

* * *

ယခုတစ်ကြိမ်....

ကောင်းလီနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်သူမှာ ယုံဝေးမဟုတ်ဘဲ လူဝကြီး(ဝါ)ခွေးအကြီး(ဝါ)ကျင်းဟူဖြစ်နေပါ၏။

ကျင်းဟူသည် ဝဖိုင့်သော ခန္ဓာကိုယ်ကြီးကို ကုလားထိုင်ပေါ် ပစ်ချလိုက်ရင်း အင်္ကျီအိတ်ထဲမှ ခေါက်နိုင်ဖြန့်နိုင်သော ယပ်တောင်တစ်ချောင်းကို ထုတ်ယူ၍ တဖျပ်ဖျပ်ခတ်လိုက်လေ၏။

အလွန်ပူအိုက် မောပန်းနေသည့် သဘောဖြစ်၏။

ကောင်းလီကမူ ကျင်းဟူ တမင်မူယာမာယာ များနေခြင်းဖြစ်ကြောင်း သိထားပါ၏။

သူက ကျင်းဟူအား ရှောင်ရှားကာ တိမ်းရှောင်လာပြီး ယုံမိသားစု တည်းခိုခန်း၌ လာရောက်တည်းခိုနေခြင်းဖြစ်ပါသည်။

သို့သော်....

ကျင်းဟူသည် မိုင်ပေါင်းများစွာ ကွာဝေးသောအရ မှနေ၍ သူ၏သတင်းအနံ့ခံကာ ဆိုက်ဆိုက်မြိုက်မြိုက် လိုက် လာနိုင်ခဲ့ပြီဖြစ်လေ၏။

ကောင်းလိသည် မလှုပ်မယှက် ထိုင်ရင်း ကျင်းဟူ(ဝါ) လူဝကြီးကို မျက်တောင်မခတ် စိုက်ကြည့်နေလိုက်လေ၏။

ကျင်းဟူက....

'ဒီနေရာက အတော်လေးလျောင်အိုက်တာပဲကွ ဒါပေ မယ့် နေလို့တော့ ကောင်းပါတယ်ဗလ'

ဟု ပြောလာလေ၏။

ကောင်းလိက....

'ခင်ဗျား ဘာကြောင့် ကျုပ်နောက်ကို လိုက်လာရတာ ဆိုတာသာ ပြောပါဗျာ'

ဟု ခပ်ပြတ်ပြတ်ပင် မေးလိုက်လေ၏။

ကျင်းဟူက ပြုံးလိုက်၏။

'ကျုပ်ဆီက မင်းထွက်သွားတော့၊ ကျုပ်က မင်းနော ကို လိုက်လာခဲ့ရတာပေါ့လေ၊ ဒါမဆန်းပါဘူး ကျုပ်ပြေ တာ မှန်တယ်မဟုတ်လား'

ကောင်းလိက....



'ကျုပ်က ခင်ဗျားနဲ့ ရှေ့ဆက်လက်တွဲပြီး မလုပ်ချင်တော့ လို့ ထွက်လာခဲ့တာပဲဗျ'

ကျင်းဟူက....

'အရှုံးလေးရယ် ကျုပ်အပေါ်မှာ ဘာတွေများ စိတ်ခု စရာရှိနေလို့လဲ'

'ဘာတွေ မကျေမနပ်ဖြစ်နေတယ်ဆိုတာ ပွင့်ပွင့် လင်း လင်း ပြောပြပါတော့လား'

သားဆိုးတစ်ယောက်အား ဖခင်က ချော့မော့ဖျောင်း ဖျသည့် လေသံမျိုးဖြင့် ပြောလေသည်။

အမှန်တော့....

လူဝကြီးကျင်းဟူသည် အသက် လေးဆယ်ကျော်မျှသာ ရှိပါသေး၏။

ချမ်းသာကြွယ်ဝပြီး ပျော်ပျော်နေတတ်သူတစ်ယောက်၏ ပုံပန်းသဏ္ဌာန်မျိုးဖြစ်သည်။

ရုတ်တရက်ဆိုလျှင် ကျင်းဟူအား တွေ့မြင်ရသူတိုင်းက ကြည်ညိုလေးစားမိကြမည် အတင်ကြီးကြမည် ဖြစ်လေ၏။

ကျင်းဟူအကြောင်းကို အတွင်းကျကျ သိထားကြသူများ သာလျှင် ကျင်းဟူသည် ဝေးဝေးမှရှောင်ရမည့် လူစားမျိုး ဖြစ်ကြောင်း နားလည်ကြမည် ဖြစ်လေ၏။

ကောင်းလိက....

'ကျုပ်က ခင်ဗျားအပေါ်မှာ မကျေနပ်တာ ဘာမှမရှိ ပါဘူး'

ဟု တုံးတိတိပြောလိုက်၏။

ကျင်းဟူက....

'မကျေနပ်စရာ အကြောင်းမရှိဘဲနဲ့ သစ်ပိမ်းချိုးချိုး ထွက်သွားတာကို ကျုပ်တော့ ဘယ်လိုမှ နားမလည် တော့ဘူး'

ကောင်းလီက....

'ကျုပ်က ရှေ့ဆက်လက်မတွဲချင်တော့ဘူးလို့ ပြော ပြီပဲဗျာ'

ကျင်းဟူက....

'အေးလေ၊ ဘာကြောင့် သက်တွဲဖြုတ်ချင်ရသလဲဆို ကိုပဲ ကျုပ်က သိချင်နေတာ'

ကောင်းလီက....

'မိုးအမြဲတမ်းမရွာဘူးဆိုတဲ့ စကားကို ခင်ဗျားသုံး ကြပဲလေ၊ ဒါဆို ခင်ဗျားသိမှာပေါ့'

ကျင်းဟူ မျက်မှောင်ကုတ်လိုက်လေသည်။

ကောင်းလီအား အတန်ကြာသည့်ကိုင်အောင် အကဲ ကြည့်နေပြီးမှ...

'မင်းရဲ့စိတ်နေသဘောထား၊ အရင်ကလို မဟုတ်တော ပြောင်းလဲသွားပြီလို့ မင်းဆိုလိုတာလား'

ဟု မေးလာခဲ့၏။

ကောင်းလီ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်က တိုက်ခိုက်သတ်ပုတ်နေရတာ ငြီးငွေ့လာပြီဗျ'



ကျင်းဟူက သူ၏နဖူးကို လက်ဝါးဖြင့် ဖြန်းခနဲမြည် အောင် ရိုက်လိုက်ပြီးလျှင်....

'အလိုလေ....ကျားသားမိုးကြိုး၊ကြေးစားလူသတ်သမား တစ်ယောက်ဟာ တိုက်ခိုက်သတ်ပုတ်ရတာတွေကို မုန်းတီး ငြီးငွေ့သွားပြီတဲ့လား'

ဟု အလွန်အံ့သြသောလေသံဖြင့် ပြောလေ၏။

ကောင်းလီက....

'ဟုတ်တယ်၊ ကျုပ် အမှန်အတိုင်းပြောနေတာ'

ကျင်းဟူက

'မင်း တကယ်ပဲ စိတ်ကုန်သွားပြီလား'

ကောင်းလီက...

'ဟုတ်တယ်'

ကျင်းဟူက....

'မင်းက ဘာဆက်လုပ်မယ်လို့ စိတ်ကူးထားသလဲ၊ ပြော စမ်းပါဦး'

ဟု မေးလေ၏။

ကောင်းလီက....

'ကျုပ်က လူသူဝေးလံတဲ့ တစ်နေရာရာကိုသွားပြီး ဇာတ် မြုပ်လိုက်တော့မယ်'

'မင်း တကယ်ပြောတာလား'

'ကျုပ်က ခင်ဗျားနဲ့လက်တွဲခဲ့တဲ့ အချိန်ကာလ တစ်လျှောက်လုံး ဘယ်တုန်းက နောက်ပြောင်ကျီစယ်ခဲ့ဖူးလို့လဲ'

ကျင်းဟူ သက်ပြင်းချလိုက်၏။

'မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ သံဝေဂရသွားပြီကိုး'

ဟုလည်း မှတ်ချက်ချလိုက်၏။

ကောင်းလီ ဘာမှမပြောဘဲ နေလိုက်၏။

ကျင်းဟူက....

'အေးလေ....မင်းအတွက်တော့ စိတ်အေးသွားရပြီပေါ့၊ ဒါပေမယ့် ငါ့အတွက်တော့ ဂွိုဟ်ဆိုးဝင်လာတာပဲကွ'

ဟု ပြောလာ၏။

ကောင်းလီ တုတ်တုတ်မျှမလှုပ်ချေ။

ကျင်းဟူက....

'ငါ့ အလုပ်တစ်ခုလက်ခံထားတာ ကြာပြီ၊ ခုထိမအောင်မြင်သေးဘူး၊ ငါ့ကတိအတိုင်း ဖြစ်အောင်လုပ်မပေးနိုင်ဘူးဆိုရင် ပြဿနာတွေပေါ်လာတော့မယ်၊ ကောင်းလီ မင်းသိပါတယ်၊ ငါတို့ဘဝဟာ ကြိုးတန်းပေါ် လမ်းလျှောက်နေကြရတယ် ဆိုတာလေ'

ကောင်းလီက ဘာမှမပြောချေ။

သူက စကားတစ်လုံး ပြောလိုက်သည်နှင့် ကျင်းဟူသည် စကားအလုံးပေါင်း တစ်ထောင်မက ပြောကာ မိမိအား စည်းရုံးသိမ်းသွင်းသွားတော့မည် ဖြစ်ကြောင်း နားလည်ထားပါတော့၏။



ကျင်းဟူက အလွန်စိတ်ပျက်သည့် အမူအရာဖြင့်....

တကယ်တော့ ငါအခက်ကြုံလာရတာ ဘယ်သူ့ အပြစ်ကြောင့်မှ မဟုတ်ဘူး၊ ငါ့အပြစ်ကြောင့်ပဲ သိုင်းလောကမှာ မိန်းမရယ်၊ တောအုပ်ရယ်၊ မင်းစိုးရာဇာရယ် ဝေးဝေးက ရှောင်ရမယ်ဆိုတဲ့ဆောင်ပုဒ် ရှိပါလျက်နဲ့ ငါက ငါးစာကိုသာ မြင်ပြီး ငါးမျှားချိတ်ကို မမြင်ခဲ့မိလို့၊ ငွေမက်ခဲ့လို့ ခုလို ဖြစ်ရတာ'

ဟု ညည်းတွားလိုက်လေ၏။

ကောင်းလီက အရက်တစ်ခွက် ငှဲ့သောက်လိုက်၏။

ယုံဝေးက တစ်ညလုံးသောက်ခဲ့သော်လည်း အိုးကပ်မျှလောက် ကျန်နေ၍ တော်သေးသည်ဟုဆိုရပေမည်။

ယုံဝေးသည် အရက်နှစ်ခွက်နှင့် စားသောက်ဖွယ်ရာများကို သွားဝယ်နေရာ ပြန်မရောက်လာသေးချေ။

ခါတိုင်းဆိုလျှင် ကြာကြာမစောင့်ရဘဲ ပြန်ရောက်လာတတ်သည်။ ယနေ့မှ အချိန်ကြာနေလေရာ သူတို့နှစ်ယောက် လွတ်လွတ်လပ်လပ် စကားပြောကြပါစေဟူသောသဘောဖြင့် ရှောင်တိမ်းပေးခြင်းဖြစ်ကြောင်း ကောင်းလီ ရိပ်မိလိုက်လေသည်။

ကျင်းဟူက....

'ကောင်းလီ....မင်းက စန်းတုံးနယ်ကို ရောက်ဖူးတယ် မဟုတ်လား'

ဟု မေးလေ၏။

ကောင်းလိ အမှတ်တမဲ့ ခေါင်းညိတ်လိုက်မိ၏။

'ရောက်ဖူးသားပဲ'

ကျင်းဟူက

'စန်းတုံးနယ်စားကြီး ကွယ်လွန်သွားပြီကွ၊ သူ့ရဲ့သား အရင်းနဲ့ မွေးစားသားဟာ ဖခင်အရိုက်အရာကို ဆက်ခံ နိုင်အောင် နေရာလုရင်း ပြဿနာတွေဖြစ်ပေါ်လာတယ်လေ၊ မွေးစားသားက နေရာကိုရသွားတယ်၊ သားအရင်းကတော့ အရေးနိမ့်ပြီး ထွက်ပြေးတိမ်းရှောင်သွားရတယ်'

ကောင်းလိ ပြန်လည်သတိရလာ၏။

'ဒါတွေ ကျုပ်နဲ့မဆိုင်ပါဘူးဗျာ'

ဟု ဟန့်တားလိုက်၏။

ကျင်းဟူက....

'ကျုပ်နဲ့တော့ သက်ဆိုင်နေတယ်လေ'

ကောင်းလိ မကျေမနပ်ဖြစ်သွားပြီး....

'ဘာလဲ....ခင်ဗျားက သားအရင်းဘက်က မခံမရပ်နိုင် ဖြစ်ပြီး ပါဝင်ကူညီချင်တာ ဆိုပါတော့၊ ခင်ဗျားဟာ တကယ့်ကို တရားမျှတတဲ့လူစွမ်းကောင်းကြီးပေါ့ဟုတ်လား'

ဟု အရွဲ့တိုက်ကာ ပြောလိုက်၏။

ကျင်းဟူက သူ့စကားကိုနင်းကာ ဆက်ပြောလာပါ၏



'ကျုပ်က လူစွမ်းကောင်းလဲ မဟုတ်ဘူး၊ သူရဲကောင်း လဲမဟုတ်ဘူး....၊

'ငွေနဲ့အသက်ကို အရောင်းအဝယ် လုပ်နေတဲ့လူဆိုတာ မင်းသိပါတယ်....၊

'မင်း ပြောသလို သားအရင်းဘက်က ပါဝင်ကူညီမှာလဲ မဟုတ်ပါဘူးကွာ'

ဤမျှနှင့်ပင် ကျင်းဟူ၏ သဘောထားကို ကောင်းလိ ရိပ်မိလိုက်ပြီဖြစ်၏။

သူက သတိလက်လွန်ဖြစ်ကာ ပြောလိုက်မိသောစကား များက ကျင်းဟူ ဆက်ပြောဖို့ အခွင့်အရေးဖန်တီးပေးသလို ဖြစ်သွား၏။

ကျင်းဟူ စကားစလိုက်သည်နှင့် ရှောင်ထွက်သွားဖို့ ကောင်းလှပေ၏။

ကျင်းဟူ၏စကားကို နားထောင်ခြင်းဖြင့် ထိပ်တန်း လျှို့ဝှက်ချက်တစ်ခုကို သူကသိသွားတော့မည်ဖြစ်၏။

ထိပ်တန်းလျှို့ဝှက်ချက်ကို သိသွားပြီးလျှင် မဖြစ်မနေ ပါဝင်ပတ်သက်ရတော့မည်။

သို့မဟုတ်လျှင် လျှို့ဝှက်ချက် ပေါက်ကြားသွားမည်ကို စိုးရိမ်သဖြင့် နှုတ်ပိတ်ခြင်း ခံရမည်ဖြစ်၏။

ကျင်းဟူက ထိုသို့ပင် သံမဏိစည်းမျဉ်းချထားကြောင်း ကောင်းလိ မသိ၍မဟုတ် သိလေ၏။

စကားတစ်ခွန်းနှစ်ခွန်း ပြောလိုက်မိသည်နှင့် ကျင်းဟူ၏ ထောင်ချောက်ထဲသို့ ကျရောက်သွားခြင်းဖြစ်တော့၏။

ကျင်းဟူက....

'စန်းတုံ နယ်စား အရိုက်အရာကို မွေးစားသားက ဆက်ခံလိုက်ပြီး ဘိသိက်ပွဲကို မကြာခင်ကျင်းပတော့မယ်၊ သူ့အတွက်နောက်ကြောင်း အေးရအောင် ဘိသိက်ပွဲမတိုင်မီ သားအရင်းကို ရှာဖွေသုတ်သင်ပေးဖို့ ကျုပ်ကို အလုပ် အပ်ထားတယ်'

ကောင်းလီ သက်ပြင်းချလိုက်၏။

'ကျုပ် ဒီလောကကို စိတ်ကုန်သွားပြီဗျ၊ ခင်ဗျား ပြော ပြနေလို့လဲအပိုပဲ'

ဟု ပြောလိုက်၏။

သို့သော် သူ၏စကားသည် အရာဝင်တော့မည် မဟုတ် သည်ကို သိရှိထားလေ၏။

ကျင်းဟူက....

'သားအရင်း ဘယ်မှာရှိတယ်ဆိုတာ ကျုပ် သိပြီးပြီ ဘိသိက်ပွဲကျင်းပဖို့ရက်ကလဲ နီးနေပြီ ဒါပေမယ့် ခုထိ လုပ် ကြံလို့မရနိုင်ဘူးဖြစ်နေတယ်'

ကောင်းလီက....

'ခင်ဗျားက အချိန်ကုန်ခံပြီး ကျုပ်ကို လာပြောနေမယ့် အစား တရွှေညီနောင်တို့ မိုးကြိုးခေါင်းတို့ကို သွားပြောတာ ပိုကောင်းလိမ့်မယ်ဗျ'

ဟု ပြောလိုက်၏။



ကျင်းဟူသည် အလွန်လိမ္မာပါးနပ်သူ၊ အသက်အသွယ် ကောင်းသူ၊ လျှို့ဝှက်သူ၊ ရက်စက်သူ စသည်စသည် ဂုဏ် သိက္ခာအင်္ဂါရပ်များနှင့် ပြည့်စုံသူဖြစ်၏။

သိုင်းလောကဦ ခွေးအကြီးကျင်းဟူဆိုလျှင် လူကိုမတွေ့ ဘူးသည့်တိုင် နာမည်ကို လူတိုင်းကြားဖူးထားကြမည်ဖြစ် လေ၏။

ခွေးအကြီးကျင်းဟူအား အဖြူရောင်သိုင်းလောကသား များက တွေ့ရာသင်္ချိုင်း ခေါ်မဆိုင်းဘဲ သုတ်သင်ပစ်ရန် သံန္နိဋ္ဌာန်ချထားကြလေ၏။

အဘယ်ကြောင့်ဆိုသော်....

ကျင်းဟူသည် သိုင်းလောကကို အမျိုးမျိုးဒုက္ခပေးပြီး ကြေးစားလူသတ်ခြင်းလုပ်ငန်းကို ဦးစီးလုပ်ကိုင်နေသူ ဖြစ် ခြင်းကြောင့်ပင်....

ကျင်းဟူသည် အစွမ်းအစရှိသော ကြောက်မက်ဖွယ် ကောင်းသော အကြင်နာတရားကင်းမဲ့ကာ ရက်စက်ကြမ်း ကြုတ်သော သိုင်းပညာမခေသော လူဆိုးများကို စည်းရုံး သိမ်းသွင်းထားပြီး သူ၏လုပ်ငန်းတွင် အသုံးချလျက်ရှိပေ သည်။

ကျင်းဟူ ကြိုးကိုင်ထားသော ကြေးစားလူသတ်သမား အများအပြားရှိကြသည့်အနက် တရွှေညီနောင်ဆိုသည့် ညီ

အင်ကိုနှစ်ယောက်နှင့် မိုးကြိုးစား ဆိုသူတို့လည်းပါဝင်ကြပေ၏။

ထိုသူများသည် အလွန်ကြောက်စရာကောင်းသူများဖြစ်ကြ၍ ကောင်းလိက ပြောလိုက်ခြင်းဖြစ်လေ၏။

ကျင်းဟူက....

'အဲဒါကြောင့် ခက်တယ်လို့ ပြောနေတာပေါ့ကွ၊ သားအရင်းကို မွေးစားသားက လုပ်ကြံပစ်ဖို့ ကြိုးစားမယ်ဆိုတာ သားအရင်းအပေါ် သစ္စာရှိတဲ့လူတွေက ရိပ်မိကြပြီး ကာကွယ်စောင့်ရှောက်နေကြတယ်လေ'

ကောင်းလိက....

'တစ္ဆေညီနောင်တို့ဟာ ဒီအလုပ်မျိုးမှာ အတွေ့အကြုံရှိပြီးသားပါဗျာ'

ဟု ပြောလိုက်၏။

ကျင်းဟူက....

'မင်းပြောမှလား၊ ငါသိပါတယ် သူတို့ကို လွှတ်လိုက်တာပေါ့ ဒါပေမယ့် သူတို့တစ်ယောက်မှ ပြန်မလာကြတော့ဘူးကွ'

'ဟင်....'

ကောင်းလိ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေ၏။

ကျင်းဟူက....

'တစ္ဆေညီနောင်ကော မိုးကြိုးမားပါ သားအရင်း လူတွေရဲ့လက်ချက်မိသွားကြတယ်'



ကောင်းလိက....

'ဒါနဲ့ပဲခင်ဗျားက ကျုပ်ကို သေတွင်းထဲပို့ဖို့ လိုက်ရှာနေတယ်ဆိုပါတော့'

ကျင်းဟူက....

'မဟုတ်ပါဘူးကွာ၊ ဒီကိစ္စဟာ မင်းလို အရူးကလေးတစ်ယောက်နဲ့သာ အသင့်လျော်ဆုံးဆိုတာ အစကတည်းက ငါသိပါတယ်....၊

'မင်း မရှိတော့လို့ တစ္ဆေညီနောင်တို့ကို လွှတ်လိုက်ရတာ....၊

'ငါ့အတွက် အတော်ကို ဆုံးရှုံးမှု ကြီးမားခဲ့တယ်လို့ ဆိုရမှာပေါ့ကွာ'

ကောင်းလိက....

'ကျုပ်က ဒီအလုပ်ကို မလုပ်ချင်တော့လို့ ထွက်လာခဲ့တာပဲလေ'

ကျင်းဟူက....

'အရူးလေး ဒီတစ်ခါနောက်ဆုံးအကြိမ်အနေနဲ့ ကူညီပါဦးကွာ....၊

'ဘီသိက်ပွဲ အချိန်နီးနေပြီကွ၊ ငါ အားလုံးစီစဉ်ပြီးပြီ....၊

'သားအရင်းရဲ့လူတွေဟာ မွေးစားသားကို လုပ်ကြံဖို့ နယ်စားစံအိမ်အနီးတစ်ဝိုက်မှာ ရောက်နေကြလိမ့်မယ်....၊

'သားအရင်းကိုတော့ လိုခြုံတဲ့နေရာမှာ ထားလိမ့်မ
အစောင့်အကြပ်သိပ်ရှိမှာ မဟုတ်ဘူး'

ကောင်းလိက ကျင်းဟူ၏ စကားကို ယုံကြည်ပါ၏။

ကျင်းဟူသည် တိတိကျကျ လေ့လာစုံစမ်းပြီးမှ လုပ်ကို
ဆောင်ရွက်တတ်သူမဟုတ်ပါလား။

ထို့ကြောင့်လည်း သူ တာဝန်ယူခဲ့သည့်ကိစ္စတိုင်း အော
မြင်ခဲ့သည်ချည်းဖြစ်လေသည်။

ကျင်းဟူက....

'တစ္ဆေညီနောင်နဲ့ မိုးကြိုးခေါ်းအကြောင်းကိုလဲ မ
သိသွားပဲ....၊

'ကျုပ်က ဘယ်လိုပဲ စီစဉ်ပေးပေမယ့် လက်တွေ့ကြ
သူတို့ထင်သလို လုပ်တတ်ကြတာ....၊

'ဒါကြောင့်လည်း ခံလိုက်ကြရတာပေါ့၊ ငါက မင်း
သူတို့လို မဖြစ်ရလေအောင် သေသေချာချာ စီစဉ်ထား
တယ်....၊

'ဘာမှမပူပါနဲ့ အရှုးလေးရယ်'

ဟု ပြောလေ၏။

ကောင်းလိ ခေါင်းခါယမ်းလိုက်၏။

'ဝမ်းနည်းပါတယ်ဗျာ၊ ဒီကိစ္စကို ကျုပ်စိတ်မဝင်စာ
တော့ပါဘူး'



ကျင်းဟူက....

'ဩော်....မင်းက အတိတ်ဟောင်းက ဖြစ်ရပ်တွေအား
လုံးကို မေ့ပစ်လိုက်မယ် ဆိုပါတော့'

'ကျုပ်....'

ကောင်းလိ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေ
သည်။

သူ၏မျက်နှာ ပို၍ဖြူဆွတ်သွား၏။

အတိတ်....

အတိတ်မှဖြစ်ရပ်များကြောင့် သူသည် ကြေးစား လူ
သတ်သမားဘဝသို့ ရောက်ခဲ့ရသည် မဟုတ်ပါလား....

ထိုဖြစ်ရပ်များကို သူက မေ့ပျောက်ပစ်လိုက်ပါ၏။

သို့သော်....

အတိတ်မှဖြစ်ရပ်များသည်ပျောက်ကွယ်သွားမည် မဟုတ်
ဘဲ သူ့အား တစ်သက်လုံး ခြောက်လှန့်နေဦးမည်သာဖြစ်
လေ၏။

ကျင်းဟူက....

'အရှုးလေး ငါသာ မင်းဘက်က မားမားမတ်မတ်မရပ်
ခဲ့ဘူးဆိုရင် မင်း ဘယ်လိုအခြေအနေမျိုး ရောက်သွားမယ်
ဆိုတာ တွေးကြည့်လို့ရပါတယ်ကွာ....၊

'ငါနဲ့ လက်တွဲခဲ့တဲ့ ကာလတစ်လျှောက်လုံး မင်းအပေါ်
မှာ ငါမကောင်းတာများ ရှိခဲ့သလား'

ကောင်းလီ ပါးစပ်ပိတ်ထားလိုက်၏။

ကျင်းဟူက....

'အရှုံးလေး ငါ ဒုက္ခရောက်နေပြီကွ၊ မင်း ဒီအတိုင်း လက်ပိုက်ကြည့်နေတော့မှာလား'

ကောင်းလီ သက်ပြင်းချလိုက်လေ၏။

ကျင်းဟူက....

'အရှုံးလေးရယ် ငါ မင်းကို နောက်ဆုံးအကြိမ်အဖြစ် အကူအညီတောင်းတာပါကွာ....၊

'ငါ့ကို ကူညီနိုင်တာ မင်းတစ်ယောက်ပဲ ရှိတော့တယ် မဟုတ်လား'

ကောင်းလီက....

'ကျုပ်ကို လာခေါ်တာထက် မွေးစားသားဆီက ယူထားတဲ့ငွေကို ပြန်ပေးလိုက်ပြီး ဆက်မလုပ်နိုင်ဘူးလို့ ပြောလိုက်တာက ပိုကောင်းမယ်ထင်တယ်'

ကျင်းဟူ ခေါင်းခါယမ်းလိုက်၏။

'ဒီလိုလုပ်လို့ လူသိမခံနိုင်ဘူး၊ ဒါကြောင့် ငါ့ကို နှုတ်ပိတ်ဖို့ကြိုးစားလာမှာပဲ....၊

'သူ့မှာငွေရှိတယ်၊ နယ်စားကြီးဆိုတဲ့ ရာထူးအရှိန်အဝါ ရှိတယ်....၊

'ငါ ဘယ်လောက် ကြာကြာ ခံနိုင်မှာလဲ'

ကောင်းလီ စိတ်ပျက်စွာ ခေါင်းခါယမ်းမိလိုက်၏။



ကျင်းဟူ ဖအားကျပ်နံကျပ်ဖြစ်နေသည်ကို ကောင်းစွာ သဘောပေါက်လိုက်၏။

ကျင်းဟူက....

'အရှုံးလေးရယ် ငါကတိပေးပါတယ်၊ နောက်ဆုံးအနေနဲ့ ငါ့ကို ကူညီပါကွာ ၊

'ဒီကိစ္စပြီးဆုံးသွားရင် ငါလဲ ရှေ့ဆက် ဘာမှမလုပ်တော့ပါဘူး....၊

'မင်းကိုလဲ လုံးဝ မေ့ပစ်လိုက်မှာပါကွာ'

ကောင်းလီက ကျင်းဟူအား စိုက်ကြည့်လိုက်ပြီး....

'ကျုပ် ထွက်လာကတည်းက တစ်နေ့မဟုတ်တစ်နေ့ ခင်ဗျားလိုက်လာလိမ့်မယ်ဆိုတာ ကျုပ် နားလည်ပါတယ်ဗျာ၊ ခင်ဗျားနဲ့ကျုပ် အပေးအယူတစ်ခု လုပ်ကြရအောင်'၊

ကျင်းဟူ မျက်မှောင်ကုတ်သွား၏။

ကောင်းလီက....

'ကျုပ်တို့ အပေးအယူလုပ်ကြမယ်လေ၊ အခု ခင်ဗျား ကြုံတွေ့နေရတဲ့ အခက်အခဲကို ကျုပ်ဖြေရှင်းပေးမယ်....၊

'ကျုပ်နဲ့ပတ်သက်တဲ့ ကိစ္စအဝဝကို ခင်ဗျားဘက်က မေ့ပစ်လိုက်ရမယ်'

ကျင်းဟူ ဝမ်းသာသွားလေ၏။

'အရှုံးလေး မင်းတကယ်ပြောနေတာလား'

ကောင်းလီက ခေါင်းညိတ်လိုက်၏။

ကျင်းဟူသည် စားပွဲကို လက်ဝါးဖြင့် ဖြန်းခနဲ မြည်အောင် ရိုက်ချလိုက်ပြီးလျှင်....

'စိတ်ချ ကျုပ်က မင်းဘဝတစ်လျှောက်လုံး အေးအေးချမ်းချမ်း ဇာတ်မြုပ်ပြီးနေနိုင်အောင် ကူပေးပို့ပေးလိုက်ဦးမယ်'

ဟု ပြောလေ၏။

ကောင်းလိက....

'ဒါတွေက အရေးမကြီးပါဘူး အလုပ်စကား ပြောကြတာပေါ့ဗျာ'

ကျင်းဟူ ကျေနပ်သွား၏။

'ကောင်းပြီ'

စန်းတုံးနယ်စား၏ သားအရင်း သခင်လေးရှောင်ကျူးအား လုပ်ကြံရေးနှင့် ပတ်သက်ပြီး တိုင်ပင်ဆွေးနွေးလိုက်ကြလေ၏။

ယုံမိသားစု တည်းခိုခန်းသို့ မဖိတ်ခေါ်ဘဲ ရောက်လာသော ဧည့်သည် ကောင်းလိသည် ကြေးစား လူသတ်သမားတစ်ယောက် ဖြစ်နေသည်တကား....

☆

## မဟာအမှား

ယုံမိသားစုတည်းခိုခန်း....

နေဝန်းနီမှာ ကောင်းကင်ပေါ်သို့ မြင့်တက်လာပြီဖြစ်သည်၊ ယုံမိသားစု တည်းခိုခန်းကား မှုန်ကုတ်ကုတ်ရှိနေဆဲ....။

ယုံဝေးက အရက်နှင့်စားသောက်ဖွယ်ရာများ ဝယ်ယူကာ ပြန်လည်ရောက်ရှိလာသောအခါ ဧည့်ခန်းထဲ၌ ကောင်းလိတစ်ယောက်တည်းသာ ရှိနေသည်ကို တွေ့ရလေ၏။

ယုံဝေးက အံ့ဩသောလေသံဖြင့်....

'ကောင်းလို မင်းရဲ့ဧည့်သည်ကော'

ဟု မေးလိုက်လေ၏။

ကောင်းလိက....

'ပြန်သွားပါပြီ'

'ဟာ....'

ယုံဝေး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေ၏။

လက်ထဲမှ အထုပ်အပိုးများကို မြှောက်ပြရင်း....

'ကျုပ်က ဖွယ်ဖွယ်ရာရာဖြစ်အောင် လိုက်ဝယ်နေတာနဲ့ အချိန်ကုန်သွားတာ၊ နောက်ကျနေပြီဆိုတာသိတယ် အပြန် ခရီးမှာ ပြေးလာခဲ့တာ'

ကောင်းလိက....

'သူမရှိတော့လဲ ကျွန်တော်တို့ စားသောက်လိုက်ကြတာ ပေါ့ဗျာ'

'ကျုပ်တို့....'

'ဟုတ်တယ်လေ'

'မင်းက....'

'ဘာလဲ ကျုပ် ထွက်မသွားဘဲနေမှာကို ခင်ဗျားစိုးရိမ် နေတာလားဗျ'

ယုံဝေးသည် ဘာမှမပြောတော့ဘဲ စားသောက်ဖွယ်ရာ များကို စားပွဲပေါ်ချလိုက်၏။

ညက စားကြွင်းစားကျန်များကို ဖယ်ရှားပစ်လိုက်ပြီး နှစ်ယောက်သား စားသောက်နိုင်ရန် ပြင်ဆင်လိုက်ကြလေ သည်။

ကောင်းလိက အေးအေးဆေးဆေး ထိုင်နေ၏။



ယုံဝေးသည် လိုအပ်သည်များကို ခပ်သွက်သွက်လုပ်ကိုင် ဆောင်ရွက်ပြီးလျှင် ကောင်းလိနှင့် မျက်နှာချင်းဆိုင်ထိုင်ချ ာ....

'ကဲ စားသောက်လို့ရပါပြီ'

ဟု ပြောလိုက်လေ၏။

ကောင်းလိက အရက်အိုးကိုယူကာ အရက်တစ်ခွက်စီငှဲ ့က်ပြီး....

'ခင်ဗျားရဲ့တည်းခိုခန်းမှာ နေရတဲ့အချိန်မှာ ကျုပ် တွက် စိတ်အေးချမ်းသာမှု ရခဲ့တာကြောင့် ကျေးဇူးတင် အနေနဲ့ အရက်တစ်ခွက်တိုက်ပါရစေဗျာ'

ယုံဝေး ရယ်မောလိုက်၏။

'ကျုပ်က ဧည့်သည်တစ်ယောက်အပေါ် တာဝန်ကျေခဲ့ ယ်ဆိုတော့ ဂုဏ်ယူရမှာပေါ့လေ'

နှစ်ယောက်သား တစ်ခွက်စီ သောက်လိုက်ကြ၏။

စားသောက်ဖွယ်ရာများကိုလည်း အားရပါးရ စား သာက်လိုက်ကြသည်။ အရက်လည်း ထပ်သောက်ကြ၏။

မကြာပါချေ။

စားသောက်ဖွယ်ရာများကော အရက်များပါ တက် က်စင် ပြောင်သွားလေတော့၏။

ကောင်းလိက....

'ကျုပ်က ဒီလိုအားရပါးရ မစားနိုင်ခဲ့တာ အတော် ာသွားပြီ'

ဟု ပြောလေ၏။

ယုံဝေးက....

'မင်း ကြိုက်တတ်တဲ့ အစားအစာတွေကို ပြောပြ
ကျုပ်က ချက်ပြုတ်ကျွေးမွေးနိုင်ပါတယ်၊ ဒါပေမယ့်....'

သူက စကား တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေ၏

ကောင်းလီ ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ကျုပ် ဒီက ထွက်သွားရတော့မယ်'

ယုံဝေးက....

'ကျုပ်ရဲ့တည်းခိုခန်းဟာ အမြဲတံခါးဖွင့်ထားပါတယ်
မင်း ကြိုက်တဲ့အချိန်မှာ ပြန်လာနိုင်ပါတယ်'

ကောင်းလီ ပြုံးလိုက်၏။

သူ ပြန်လာနိုင်တော့မည် မဟုတ်ကြောင်းကို ယုံဝေး
မိလိမ့်မည်ဟု သဘောပေါက်ထားလေ၏။

ယုံဝေးက ဆက်ပြောလိုက်သည်။

'ကျုပ်က နောက်ဆုံးအချိန်ကို ရောက်တဲ့အထိ တည်
ခန်းကို ဆက်ပြီးဖွင့်လှစ်သွားမှာပါ'

ကောင်းလီ ခေါင်းညိတ်လိုက်၏။

'ဟုတ်တာပေါ့'

သူက ယုံဝေးအား စိုက်ကြည့်ရင်း....

'ခင်ဗျားအတွက် လက်ဆောင်တစ်ခုပေးခဲ့မယ်ဗျာ'

ဟု ပြောလိုက်လေသည်။

ကောင်းလီသည် ယုံဝေးနှင့်အတူ တစ်နေ့လုံးနေထို
နေဝင်ဆည်းဆာချိန်ရောက်မှ ထွက်ခွာသွားလေသည်။



ယုံဝေးကား ထုံးစံအတိုင်း ပြုံးကျလုနီးနီး ရှိနေသော
တည်းခိုခန်းထဲ၌ တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

သူ၏နှုတ်ဖျားမှ....

'ညှော်သည်တွေ....ညှော်သည်တွေ၊ လောကညှော်သည်တွေ'

ဟူသောစကားကို ထပ်တလဲလဲ ရေရွတ်နေတော့၏။

* * *

နောက်တစ်နေ့....

ပွဲစားကြီးကျန့် အသတ်ခံလိုက်ရသည့်သတင်းသည် တစ်
လုံး ဟိုးဟိုးကျော်သွား၏။

အဘယ်ကြောင့် အသတ်ခံရသည်ကို လည်းကောင်း၊
သတ်တရားခံကို လည်းကောင်း မည်သူမျှမသိကြ မပြော
င်ကြပါ။

ပွဲစားကြီးကျန့်သည် အတ္တကြီးသော လူလိမ်လူကောက်
တစ်ယောက်ဖြစ်၍ ဝမ်းနည်းသူမရှိသည့်အပြင် ဝမ်းသာသူ
များကြပေ၏။

ထိုသတင်းကို ယုံဝေး ကြားသိလိုက်ရသောအခါ..

'လက်စသတ်တော့ ငါ့ကိုလက်ဆောင်ပေးခဲ့မယ်လို့
တာ ဒါကိုး'

ဟု ရေရွတ်လိုက်မိတော့၏။

ပွဲစားကြီးကျန့် အသတ်ခံလိုက်ရပြီးသည့် နောက်ပိုင်း
ယုံမိသားစု တည်းခိုခန်းအား မျက်စောင်း ထိုးမည့်သူ
ယောက်မှ မရှိတော့ချေ။

* * *

စန်းတုံးနယ်။ စန်းတုံးမြို့။

စန်းတုံးမြို့သည် စည်ကားသိုက်မြိုက်လှသောမြို့တော်
တစ်ခု ဖြစ်လေ၏။

ကောင်းလိသည် စန်းတုံးမြို့သို့ ရောက်လာခဲ့ပြီဖြစ်ပ

မြို့ထဲသို့ရောက်သည်နှင့် မင်းလမ်းမကြီးအတိုင်း မြို့အ
ပိုင်းသို့ ဦးတည်သွားလိုက်၏။

မကြာပါချေ။

မင်းလမ်းမကြီးနံဘေး၌ စားသောက်ဆိုင် ဈေးဆိုင်
စသည် စသည်များ အစီအရီရှိနေသည့်အနက် ရွှေ
အမည်ရှိသော တည်းခိုခန်းတစ်ခုကို တွေ့လိုက်ရလေ၏

ကောင်းလိ၏ လူသေကောင်နှင့် တူသော မျက်နှာ
ဝေဒနာတစ်ရပ် ခံစားလိုက်ရသည့်အသွင် ဖြစ်ပေါ်လာ



ယုံမိသားစု တည်းခိုခန်းကို ဖျတ်ခနဲ သတိရမိလိုက်ခြင်း
ကြောင့် ထင်ရှားပါ၏။

ကောင်းလိ ရွှေနဂါးတည်းခိုခန်းသို့ ဦးတည်လှမ်းသွား
လိုက်လေ၏။

ရွှေနဂါး တည်းခိုခန်းမှာ ခမ်းနားထည်ဝါပြီး စည်ကား
သိုက်မြိုက်လှပေ၏။

ဆိုင်လုလင်များသည် ကောင်းလိအား ဖျူဖျူငှာငှာကြို
ဆိုလာကြ၏။

ယုံမိသားစုတည်းခိုခန်းနှင့် ဘာမှမဆိုင်ချေ။

ကောင်းလိက....

'ကျုပ်ရဲ့ မိတ်ဆွေတစ်ယောက်က ကျုပ်အတွက် အခန်း
တစ်ခန်း ကြိုတင်ငှားရမ်းထားပါလိမ့်မယ်'

ဟု ပြောလိုက်၏။

ဆိုင်လုလင်များသည် ဆိုင်ရှင်ထံသို့ ခေါ်ဆောင်သွား
ကြပြီး အကျိုးအကြောင်း ပြောပြကြလေ၏။

ဆိုင်ရှင်က....

'မိတ်ဆွေ နာမည်ကော....

'ကောင်းလိပါ'

ဆိုင်ရှင်သည် စာရင်းစာအုပ်ကို လှန်လှောကြည့်ရင်းရှာ
ဖွေတွေ့ရှိသွားလေ၏။

'ဟုတ်တယ်....ဟုတ်တယ်၊ မိတ်ဆွေလေးအတွက် အခန်း
အမှတ်သုံးကို ကြိုတင်ငှားရမ်းထားပါတယ်....၊

'ငါးရက်ငှားထားပြီး ကျသင့်ငွေအားလုံး ပေးချေ ပြီးပါပြီ'

ကောင်းလိက....

'ကျေးဇူးပါပဲဗျာ'

ဆိုင်လုလင်များသည် ကောင်းလိအား အခန်းအမှတ်သုံး သို့ လိုက်လံပို့ဆောင်ပေးလိုက်ကြလေ၏။

ကောင်းလိ အခန်းတွင်းသို့ ရောက်ရှိသွားပြီး မကြာမီ ကျင်းဟူက သူ့ထံသို့ လာရောက်တွေ့ဆုံလိုက်လေ၏။

သူတို့နှစ်ယောက်သည် သခင်လေးရှောင်ကျူးအား လုပ် ကြံရန် တိုင်ပင်ဆွေးနွေးလိုက်ကြ၏။

နောက်ဆုံး....

ကောင်းလိအတွက် ပစ်မှတ်ကို ကျင်းဟူကရွေးချယ်ပေး လေ၏။

'မြို့စွန်မှာဘုံကျောင်းတစ်ခုရှိတယ်၊ မြင်းဖြူဘုံကျောင်း လို့ခေါ်တယ်....၊

'သခင်လေးရှောင်ကျူးရဲ့လူတွေ နယ်စားဂေဟာ အနီး တစ်ဝိုက်ကို ရောက်နေတဲ့အချိန်မှာ သခင်လေးရှောင်ကျူး ဟာ အရေးတော်ပုံအောင်မြင်ဖို့ မြင်းဖြူဘုံကျောင်းမှာ လာပြီး ဝတ်ပြုဆုတောင်းဖို့ ဘုံကျောင်းကို လာလေ့ရှိ တယ်....၊

'သူဟာ တစ်ကိုယ်လုံး အဖြူရောင် အဝတ်အစားတွေ ဝတ်ပြီး ဘုံကျောင်းကို လာလေ့ရှိတယ်....၊



'ဝတ်ပြု ဆုတောင်းပြီးရင် ဘုံကျောင်းဘေးက ပန်း ဥယျာဉ်ထဲဝင်ပြီး အပမ်းဖြေလေ့ရှိတယ်....၊

'သစ်တော်ပင်ကြီးအောက်က ကျောက်ခုံတန်းလေးမှာ အတော်ကြာကြာ ထိုင်လေ့ရှိတယ်....၊

'အဲဒီနေရာဟာ မင်းအတွက် အကောင်းဆုံးပဲ'

သခင်လေးရှောင်ကျူးနှင့် ပတ်သက်သော ကိစ္စအဝဝကို ရှင်းလင်းပြောပြလေ၏။

ကျင်းဟူသည် အချိန်ယူပြီး အကွက်စေ့အောင် စုံစမ်း ထားသည့် သဘောရှိလေ၏။

ကောင်းလိက ကျင်းဟူပြောသမျှကို သေသေချာချာ မှတ်သားထားလိုက်လေ၏။

ကျင်းဟူက....

'သခင်လေး ရှောင်ကျူး သစ်တော်ပင် အောက်က ကျောက်ခုံတန်းလေးပေါ်မှာ ထိုင်ပြီး အနားယူတဲ့အချိန်မှာ မင်းက လုပ်ကြံပစ်ရမယ်'

ဟု အခါတော် ပေးလိုက်လေတော့၏။

* * *

ကောင်းလိသည် ရွှေနဂါးတည်းခိုခန်းတွင် ငါးရက်နေ ထိုင်ခဲ့လေ၏။

ထိုငါးရက်အတွင်း မြင်းဖြူဘုံကျောင်းသို့ သွားကာ လေ့လာစုံစမ်းမှုများ ပြုလုပ်ခဲ့၏။

ဘုံကျောင်းသို့ ဝင်လမ်းထွက်လမ်းများကို သေသေချာ ချာ လေ့လာမှတ်သားထားလိုက်၏။

သစ်တော်ပင်ကြီးနှင့် ကျောက်ခုံတန်းလေး၏ အခြေ အနေကို အပြန်ပြန် အလှန်လှန် လေ့လာခဲ့၏။

ကိုယ်တိုင်ထိုင်ကြည့်၏။

ငါးရက်မြောက်သော နေ့တွင် အရာရာ အားလုံးကို အသေးစိတ် လေ့လာပြီးသားဖြစ်သွား၏။

သခင်လေး ရှောင်ကျူး ရောက်လာလျှင် လုပ်ကြံဖို့သာ ကျန်တော့၏။

* * *

မြင်းဖြူဘုံကျောင်း....

မြင်းဖြူဘုံကျောင်းသည် အလယ်အလတ်တန်းစားအဆင့် ရှိသော ဘုံကျောင်းတစ်ခုဖြစ်၏။



ထိုဘုံကျောင်းအတွင်း၌ ထူးထူးခြားခြား နတ်ကွန်း တစ်ခုရှိပြီး ထိုနတ်ရုပ်တုအား ပူဇော်ပသ ဆုတောင်းလျှင် လိုအင်ဆန္ဒပြည့်စုံသည်ဟု ဆိုကြလေ၏။

ဆဋ္ဌမမြောက်သောနေ့....

ထိုနေ့တွင် သခင်လေး ရှောင်ကျူးအား လုပ်ကြံရမည် ဖြစ်လေ၏။

ကောင်းလိသည် နံနက်စောစောမှာပင် တည်းခိုခန်းမှ အပြီးအပိုင် ထွက်လာခဲ့လေ၏။

မြင်းဖြူဘုံကျောင်းသို့ ဦးတည်သွားလိုက်၏။

နံနက်စောစောအချိန်ဖြစ်၍ မြင်းဖြူဘုံကျောင်းအတွင်း ၌ကား အနီးပတ်ဝန်းကျင်ရှိ ဥယျာဉ်အတွင်း၌ပါ လူသူ ကင်းရှင်းနေပါ၏။

ကောင်းလိသည် ဟိုဟိုဒီဒီကြည့်လိုက်ပြီး သစ်တော်ပင် ကြီးပေါ်သို့ ဖျတ်ခနဲ ခုန်တက်လိုက်၏။

သစ်ရွက် သစ်ကိုင်းများအကြား၌ ပုန်းအောင်းနေလိုက် လေတော့၏။

အကယ်၍....

ကျင်းယူပြောသည့်အတိုင်း သခင်လေးရှောင်ကျူးသည် မြင်းဖြူဘုံကျောင်းသို့ ရောက်လာမည်ဆိုပါလျှင် —

နတ်ရုပ်တုရှေ့၌ ဝတ်ပြုဆုတောင်းပြီးလျှင် ပန်းဥယျာဉ် အတွင်းသို့ လာမည်ဆိုပါလျှင်....

သစ်တော်ပင်ကြီးအောက်မှ ကျောက်ခုံတန်းလျား၌ ထိုင်ကာ အနားယူ အပမ်းဖြေမည်ဆိုပါလျှင်....

ကောင်းလိသည် သခင်လေး ရှောင်ကျူးအား ကျိန်းသေလုပ်ကြံနိုင်လိမ့်မည်ဟု ယုံကြည်ထားလေ၏။

* * *

နေဝန်းနီသည် ကောင်းကင်ပေါ်သို့ တစ်စတစ်စ မြင့်တက်လာပြီဖြစ်လေ၏။

မြင်းဖြူဘုံကျောင်း၌ လာရောက်ဝတ်ပြုသူများ တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာကြလေ၏။

မြင်းဖြူဘုံကျောင်း၌ လည်းကောင်း၊ ပန်းဥယျာဉ်၌ လည်းကောင်း စည်စည်ကားကား ဖြစ်လာလေ၏။

ကောင်းလိသည် သစ်တော်ပင်ကြီးပေါ်၌ ပုန်းအောင်းနေ၏။

မြင်းဖြူဘုံကျောင်းကို လည်းကောင်း၊ ပန်းဥယျာဉ်ကို လည်းကောင်း မျက်ခြည်မပြတ် အကဲခတ်ကြည့်နေခဲ့၏။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားပြီး မွန်းတည့်ချိန်နီးကပ်လာ၏။



ကောင်းလိက သတိကြီးစွာ ထားနေလိုက်၏။

သခင်လေးရှောင်ကျူးသည် နေမွန်းတည့်ချိန် မတိုင်မီရောက်လာလိမ့်မည်ဟု ကျင်းဟူက ပြောပြထားသည် မဟုတ်ပါလား။

နေပူလာပြီမို့ ဘုံကျောင်းသို့လာသူ နည်းပါးသွားလေ၏။

နံနက်စာ စားသောက်ရန်ပြန်ကုန်ကြသဖြင့် ပန်းဥယျာဉ်အတွင်း၌လည်း လူရှင်းသွား၏။

ထိုအချိန်မှာပင်....

အဖြူရောင် ဝတ်ဆင်ထားသူ တစ်ယောက်သည် ပန်းဥယျာဉ်အတွင်းသို့ ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရတော့၏။

* * *

ကောင်းလိ ကြောင်အမ်းအမ်း ဖြစ်သွား၏။

အဖြူရောင် ဝတ်ထားသူသည် သူ၏မျက်စိ ရှေ့မှောက်မှာပင် ပန်းဥယျာဉ်အတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်၏။

သို့သော်....

ဘုံကျောင်း အတွင်းသို့ ဝင်ရောက်ခဲ့သည်ကို လည်းကောင်း၊ ဘုံကျောင်းထဲမှ ထွက်လာသည်ကိုလည်းကောင်း သတိမပြုမိလိုက်ချေ။

ကောင်းလိ ကိုယ့်ကိုကိုယ် မကျေမနပ်ဖြစ်သွားလေသည်။

အကြောင်းတစ်ခုခုကြောင့်သာသခင်လေးရောင်ကျူးက ပန်းဥယျာဉ်ထဲကို ဝင်မလာဖြစ်ခဲ့ဘူးဆိုရင် လုပ်ကြံဖို့ အခွင့်အရေး ဆုံးရှုံးသွားတော့မှာပဲ

ယခု....

အဖြူရောင် ဝတ်ဆင်ထားသူကို မျက်ခြည်မပြတ် စောင့်ကြည့်နေလိုက်၏။

ထိုလူမှာ အသက်သုံးဆယ်ခန့် ရှိသူတစ်ယောက် ဖြစ်ပါသည်။

လက်နှစ်ဖက် နောက်ပစ်ကာ ပန်းဥယျာဉ်အတွင်းသို့ ဝင်ရောက်လာပြီး ဟိုဟိုသည်သည် ငေးမောကြည့်ရှုလိုက်၏။

ထို့နောက်....

ကောင်းလိရှိနေသော သစ်တော်ပင်ကြီးဆီသို့ ဦးတည်လှမ်းလာ၏။

ကောင်းလိ စိတ်လှုပ်ရှားလာ၏။

ထိုလူသည် သစ်တော်ပင်ကြီး အနီးသို့ ရောက်ရှိလာပြီး ကျောက်ခုံတန်းလျားပေါ်၌ ထိုင်ချလိုက်၏။

သားကောင်ကား ရောက်ရှိလာလေပြီ။



ကောင်းလိသည် အစစအရာရာစောင့်စေ့အောင်အကွက်ချ စီစဉ်တတ်သည့် ကျင်းဟူကို ကျေးဇူးတင်လိုက်၏။

ကျင်းဟူ၏ကျေးဇူးကြောင့် သူက မင်းသားလေး ရှောင်ကျူးအား သုတ်သင်ရှင်းလင်းပစ်နိုင်တော့မည် မဟုတ်ပါလား။

ကောင်းလိသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

လူသူကင်းရှင်းပြီး လုပ်ကြံဖို့ အကောင်းဆုံးအခြေအနေရှိနေသည်ကို တွေ့ရလေ၏။

ကောင်းလိက အချိန်ဆွဲမနေတော့ပါ။

ကြိုတင် ချိုးယူထားသော သစ်ကိုင်းခြောက် တစ်ခုကို အောက်သို့ ပစ်ချလိုက်၏။

'ဖျောက်'

သစ်ကိုင်းခြောက်လေးသည် အဖြူရောင်ဝတ် လူရွယ်၏ အရှေ့ဘက် မလှမ်းမကမ်းသို့ ကျသွား၏။

လူရွယ်က သစ်ကိုင်းခြောက်ကို လှမ်းကြည့်လိုက်၏။

ကောင်းလိဆင်ထားသည့် အကွက်ထဲသို့ ဝင်လာခြင်း ဖြစ်၏။

ကောင်းလိသည် သစ်ပင်ပေါ်မှ ကိတ်တဆိတ် ခုန်ဆင်းလိုက်၏။

'ဖုတ်'

ကောင်းလိ မြေပေါ်ရောက်သွား၏။

လူရှုယ်သည် သစ်ကိုင်းခြောက်ကို ငေးကြည့်နေရာမှ လူ ရှားသံသဲ့သဲ့ ထွက်ပေါ်လာခြင်းကြောင့် ကပျာကယ နောက်လှည့်ကြည့်လိုက်၏။

သူ၏ လက်တစ်ကမ်းအကွာသို့ရောက်ရှိလာသော ကောင် လီကို အံ့အားသင့်စွာ ကြည့်နေ၏။

ကောင်းလီက လျင်မြန်စွာ လှုပ်ရှားလိုက်၏။

လက်ဆန့်ထုတ်လိုက်လျှင် အင်္ကျီလက်အိုးထဲ၌ ဝှက်ထား သော ဓားပါးလေးသည် လက်ထဲသို့ ရောက်လာ၏။

ကောင်းလီက ဓားရိုးကို တင်းကြပ်စွာ ဆုပ်ကိုင်ကာ လူရှယ်၏ နှလုံးသားနေရာ တည့်တည့်သို့ ထိုးသွင်းလိုက်၏။

သူ၏လှုပ်ရှားမှုသည် လျှပ်ပြက်သလို လျင်မြန်နေပါတော့ သည်။

'အင့်'

လူရှယ်၏ထံမှ မသဲမကွဲညည်းညူသံ ထွက်ပေါ်လာ၏

လူရှယ်သည် မမျှော်လင့်သော အဖြစ်ကြောင့် ပါး အဟောင်းသား ဖြစ်နေ၏။

ကောင်းလီက ဓားကို ချက်ချင်းပြန်လည်ဆွဲနုတ်လိုက်က အင်္ကျီလက်အိုးကြား၌ သိမ်းဆည်းထားလိုက်၏။

မြေပေါ်ခြေဆောင့်ကာ နောက်ကျွမ်းပစ်လိုက်၏။

ကြိုတင် လေ့လာထားသည့် အတိုင်းပင် ပန်းပင်မျ ကြားသို့ ကျရောက်သွား၏။



ထိုအချိန်မှာပင်....

ဘုံကျောင်းသို့ လူတစ်စု ရောက်ရှိလာကြသည်ကို တွေ့ လိုက်ရ၏။

အချို့က ဘုံကျောင်းပေါ်သို့တက်သွားကြပြီး အချို့က ပန်းဥယျာဉ်အတွင်းသို့ ဝင်လာကြ၏။

အဖြူရောင်ဝတ်ထားသော လူရှယ်သည် ခန္ဓာကိုယ် ယိမ်း ထိုးလာပြီး....

'ဖုတ်'

မြေပေါ် အရှပ်ကြီးပြုတ် လဲကျသွားလေ၏။

ပန်းဥယျာဉ်အတွင်းသို့ဝင်လာကြသူများသည်ထို လူရှယ်၏ အဖြစ်အပျက်ကို မြင်လျှင် ကပျာကယာ ပြေးလွှားသွား ကြ၏။

ဆူဆူညံညံအသံများလည်း ထွက်ပေါ်လာ၏။

ကောင်းလီက ပန်းပင်များကြားမှဖြတ်ကာ ဘုံကျောင်း အနောက်ဘက်သို့ ပြေးလွှားသွား၏။

ဘုံကျောင်းအနောက်ဘက်၌ ကာရံထားသော အုတ် တံတိုင်းအားကိုယ်ဖော့ပညာအသုံးပြုကာခုန်ကျော်လိုက်လျှင် တစ်ဖက် လမ်းကြားလေးအတွင်းသို့ ရောက်သွားလေ၏။

ဆူဆူညံညံအသံများ ပျောက်ကွယ်သွား၏။

ကောင်းလီသည် ရုတ်ရုတ်သဲသဲဖြစ်နေသော ဘုံကျောင်း နံဘေးမှ ပန်းဥယျာဉ်နှင့်ဝေးသွား၏။

သူ့အတွက် အတားအဆီး အနှောင့်အယှက် မရှိသေ
ကမ္ဘာသစ်တစ်ခုသို့ ရောက်သွားသည်ဟုပင် ဆိုနိုင်၏။

ကောင်းလိမှာ ပျာယီပျာယာ မဖြစ်ပါ။

လက်နှစ်ဖက် နောက်ပစ်လျက် ခေါင်းမော့ရင်း လမ်
ကြားကလေးအတွင်းမှ ထွက်ခွာသွားလေတော့သည်။

* * *

အရှေ့ဘက်မြို့စွန်တွင် ဆင်းရဲနွမ်းပါးသူတို့ စုရုံးနေထိုင်
ကြသည်။

လမ်းကြားလေး တစ်ခုရှိလေ၏။

ကောင်းလိသည် ထိုလမ်းကြားလေးအတွင်းသို့ ဝင်ရောက်
သွားလေ၏။

မကြာပါချေ၊

အရက်ဆိုင်လေးတစ်ဆိုင်ရှေ့သို့ ရောက်သွား၏။

ကောင်လိက ဟိုဟိုဒီဒီ အကဲခတ်ကြည့်လိုက်ပြီးမှထိုအရက်
ဆိုင်ကလေးအတွင်းသို့ လှမ်းဝင်လိုက်၏။

နေမွန်းတည့်ချိန်ဖြစ်၍ အရက်ဆိုင်ထဲ၌ လူရှင်းနေပါ
သည်။



အရက်ကိုစွဲစွဲမြဲမြဲ သောက်သုံးပုံရသော အရက်သမား
သုံးလေးယောက်မျှသာလျှင် ရှိလေ၏။

ကောင်းလိက ဆိုင်ထောင့်ပေါက်သို့ မျက်နှာမူသော
စားပွဲတစ်လုံး၌ ထိုင်လိုက်၏။

အရက်တစ်အိုးနှင့် မြေပဲကြော်ကို ဝယ်ကာစားသောက်
လိုက်လေ၏။

ဤဆိုင်ကလေးတွင် ကျင်းဟူနှင့် ချိန်းထားသည် မဟုတ်
ပါလား....

ကောင်းလိက ကျင်းဟူ ရောက်လာမည့်အချိန်ကို စောင့်
နေလိုက်လေ၏။

အချိန်များက တရွေ့ရွေ့ ကုန်ဆုံးသွား၏။

ကောင်းလိက အရက်သောက်ပြီးပြီ ဖြစ်သော်လည်း
ကျင်းဟူ ရောက်မလာသေးပါချေ။

ကောင်းလိ အံ့သြသွား၏။

အကွက်ကျကျ စီစဉ်တတ်သော ကျင်းဟူသည် အချိန်
တိကျမှုကိုလည်း အရေးထားသူ ဖြစ်လေ၏။

မွန်းတည့်ချိန်၌တွေ့ဆုံကြမည်ဆိုလျှင် မဖြစ်မနေအရောက်
လာမည်သာ ဖြစ်လေ၏။

ကျင်းဟူသည် အဘယ်ကြောင့် နောက်ကျနေရပါ
သနည်း။

ကောင်းလိ မျက်မှောင်ကုတ်ကာ တွေးတောစဉ်းစာ ရင်း ယနေ့အဖို့ မိမိဆောင်ရွက်ခဲ့သည့်ကိစ္စသည် ငှက်ပျေ သီး အခွံနွာစားရသည်ထက်ပင် လွယ်ကူနေသေးသည်ဟု တွေးလာမိ၏။

သူ၏ လက်ချက်မိသွားသော လူရွယ်၏ အံ့သြနေသေ မျက်နှာကိုလည်း မြင်ယောင်လာ၏။

လူငယ် ယခုလိုလုပ်ကြံခံရမည်ဟု ဘယ်တုန်းကမှ မမျှေ လင့်ခဲ့ပုံမျိုးဖြစ်သည်။

အံ့သြခြင်း မယုံကြည်နိုင်ခြင်းများသာရှိပြီး ခံပြင်း ဒေါ သထွက်ခြင်း ရန်ပြုလက်တုန့်ပြန်လိုခြင်း အလျဉ်းမရှိချေ။

လူရွယ်သည် ယောကျ်ားပီသစွာ ချောမောခန့်ညားသူ တစ်ယောက်လည်း ဖြစ်ပါသည်။

သဘော မနောကောင်းပြီး အေးအေးဆေးဆေး နေ တတ်သည့် အသွင်လည်းရှိသည်။

ကောင်းလိသည် တွေးရင်းတွေးရင်း....

'တစ်ခုခုတော့ မှားနေပြီထင်တယ်'

ဟု လွတ်ခနဲ ရေရွတ်မိလိုက်လေ၏။

အမှား....

မည်သည့်နေရာတွင် မှားယွင်းမှု ဖြစ်ပေါ်နေပါသနည်း။

\+ * +



ကျင်းဟူ ရောက်မလာသေးပါ။

မှန်းလွဲသွားပြီဖြစ်ရာ အရက်သောက်မည့်လူများ တစ် ယောက်စ နှစ်ယောက်စ ရောက်ရှိလာကြလေ၏။

ကောင်းလိလည်း အရက်ဆိုင်ထဲ၌ ရှိနေဆဲ....

ငူငူကြီးထိုင်နေဆဲ....

သူ၏ လက်ချက်ဖြင့် သေဆုံးသွားခဲ့ရှာသည့် အဖြူ ရောင်ဝတ်ထားသော လူရွယ်၏မျက်နှာကို မြင်ရောင်နေဆဲ...

မင်းသားလေး ရှောင်ကျူးမှာ သူ၏လက်ချက်ကြောင့် သေဆုံးသွားခဲ့ပြီလော...

သူက ဓားထုတ်ကာ တိုက်ခိုက်လိုက်သည်နှင့် တစ်ဖက် လူ၏ နှလုံးသားကို သူ၏ဓားက လျှင်မြန်သော အဟုန်ဖြင့် ထိုးဖောက်သွားတတ်စမြဲ ဖြစ်လေသည်။

နှလုံးသားကို ထိုးဖောက်ခံလိုက်ရပြီးနောက် မည်သူ သည် ဆက်လက်အသက်ရှင်နိုင်တော့ပါမည်နည်း။

မင်းသားလေး ရှောင်ကျူးအား လုပ်ကြံဖို့ ကျင်းဟူ သည် တစ္ဆေညီနောင်နှင့် မိုးကြိုးဓားတို့အား စေလွှတ်ခဲ့ သော်လည်း အောင်မြင်ခြင်းမရှိသည့်အပြင် အသက်ဆုံးရှုံး သွားခဲ့ရသည်။

မင်းသားလေး ရှောင်ကျူးသည် သူ့အား လုပ်ကြံမည့် သူများ ရှိနေသည်ကို ကောင်းစွာ သိရှိထားပြီး လုံခြုံရေး အစီအစဉ်များကို တင်းကြပ်စွာ ချမှတ်ထားမည် ဖြစ်လေ သည်။

လွယ်လင့်တကူ လုပ်ကြံနိုင်ဖို့ ဆိုသည်မှာ မဖြစ်နိုင်သေ
ကိစ္စတစ်ခု ဖြစ်လေ၏။

သူကိုယ်တိုင် ကြုံတွေ့ခဲ့ရသည်မှာကား အလွန် လွယ်
ရှင်းလင်းနေပါ၏။

ကောင်းလိ၏ တစ်စုံတစ်ခု မှားယွင်းနေပြီ ဟူသေ
အတွေးက ပို၍ ခိုင်မာသွားလာ၏။

ရောက်ချိန် တန်ပါလျက် ကျောင်းဟူလည်း ရောက်မလ
ပါ။

ကောင်းလိ မနေနိုင်တော့ပါချေ။

ထိုင်ရာမှထရန် ဟန်ပြင်လိုက်စဉ် ကလေးငယ် တစ်ယော
သည် ဆိုင်ထဲသို့ ဝင်လာကာ ဆိုင်လုလင် တစ်ယောက်အ
တစ်စုံတစ်ခု မေးမြန်းနေသည်ကို တွေ့ရ၏။

ဆိုင်လုလင်သည် ထိုကောင်လေးနှင့် စကားပြောဆို
ရင်း....

မိမိထံသို့ ညွှန်ပြလိုက်သည်ကို ကောင်းလိ တွေ့မြင်လိုက်
လေ၏။

ထူးခြားနေမှန်းသိ၍ ဆက်လက် ထိုင်နေလိုက်လေ၏။

ကောင်လေးသည် ဆိုင်လုလင် ညွှန်ပြသည်နှင့် သူ့ထံ
လှမ်းလာနေသည်ကို တွေ့ရလေ၏။



အနီးသို့ ရောက်လျှင်....

'အစ်ကိုကြီးက တစ်ယောက်ယောက်နဲ့ ချိန်းထားတယ်
မဟုတ်လား

ဟု မေးလာလေ၏။

ကောင်းလိက ကောင်လေးကို အကဲခတ် ကြည့်လိုက်၏။

ကောင်လေးမှာ အသက် ဆယ်နှစ်နှစ် ဆယ့်သုံးနှစ်ခန့်မျှ
သာ ရှိသေးသော်လည်း လည်လည်ဝယ်ဝယ် ရှိပုံရလေ၏။

ဟောင်းနွမ်း ပေကျံနေသော အဝတ် အစားများက
ဆင်းရဲနွမ်းပါးပြီး ဘဝကို အရွယ်နှင့် မလိုက်အောင်လှုပ်ရှား
ရုန်းကန်နေသူလေး ဖြစ်ကြောင်း ဖော်ပြနေ၏။

ကျောင်းဟူသည် ထိုသို့သော ကောင်လေးများကို အသုံးချ
တတ်လေ့ ရှိပေ၏။

ကောင်းလိက....

'အေး ဟုတ်တယ်ဆိုရင်ကောကွာ'

ဟု ပြန်ပြောလိုက်၏။

ကောင်လေးက....

'အစ်ကိုကြီးသာ ကောင်းလိဆိုတဲ့လူ ဖြစ်တယ်ဆိုရင် ကျွန်
တော့်အတွက် ငွေတုံးလေး တစ်တုံးလောက်တော့ အသာ
လေး ပေးလိမ့်မယ်လို့ ပြောပါတယ်ဗျာ'

ဟု ပြောကာ စာတစ်စောင်ကို ထုတ်ယူလိုက်၏။

ကောင်းလိအား ချက်ချင်းတော့ လှမ်းမပေးသေးချေ။

ကောင်းလိကလည်း လုမယူပါ။

'ရော့ကွာ'

ငွေတုံးကလေး တစ်တုံး ထုတ်ပေးလိုက်၏။
ကောင်လေး ဝမ်းသာသွားလေ၏။

ငွေတုံးကလေးကို ဆတ်ခနဲ ကောက်ယူပြီး ငွေ စစ်မစစ် သွားဖြင့် ကိုက်ကြည့်လိုက်ပြီးမှ စာကို စားပွဲပေါ် တင်ပေး ကာ ဆိုင်ထဲမှ ပြေးလွှား ထွက်သွားလေတော့၏။

\+ * +

ကောင်လေး ထွက်ခွာသွားပြီ ဖြစ်ပါ၏။

ကောင်းလိကလည်း ကောင်လေးကို စိတ်မဝင်စားပါ။ ကောင်လေးပေးသွားသော စာကိုသာ စိတ်ဝင်စားနေလေ သည်။

ကောင်းလိသည် မည်သူ့ကိုမှ အမှုမထားဘဲ ကောင်လေး ပေးသွားသော စာကို ယူကာ ဖတ်ကြည့်လိုက်လေ၏။

စာထဲ၌ ရေးထားသည့် လက်ရေးကို တွေ့လျှင်ပင် ကျင်း ဟူ၏ စာဖြစ်ကြောင်း ကောင်းလိ နားလည်လိုက်၏။

ကျင်းဟူသည် လူကိုယ်တိုင် မလာနိုင်သဖြင့် စာဖြင့် အကြောင်းကြားခြင်း ဖြစ်ကြောင်း ထင်ရှားပါ၏။

ကောင်းလိက ဖတ်ကြည့်လိုက်သောအခါ....



"ကောင်းလိ....

အားလုံး မှားကုန်ပြီ
ပြေးပေတော့...."

ကျင်းဟူ

ဟု တိုတိုတုတ်တုတ်ပင် ရေးသားထားလေ၏။

ကောင်းလိ၏ ခန္ဓာကိုယ် ဆတ်ခနဲ တောင့်တင်းသွားလေ သည်။

'အားလုံး မှားကုန်ပြီ'

ဟု သံယောင်လိုက်ကာ ရေရွတ်လိုက်မိ၏။

မှားနေပြီဆိုသည်ကို ကျင်းဟူက ကောင်းစွာ သိထားပြီ ဖြစ်၏။

သူကတော့ မည်သည့် နေရာတွင် မှားယွင်းနေသည်ကို မသိနိုင်သေးပါ။

အမြန်ဆုံး ရှောင်တိမ်းသွားဖို့ ကျင်းဟူက တိုက်တွန်း ထားလေ၏။

သို့သော်....

ကောင်းလိက ထွက်ပြေးဖို့ မစဉ်းစားပါ။

မည်သို့မည်ပုံ မှားယွင်းခဲ့သည်ကို ဖော်ထုတ်မည်ဟု ဆုံးဖြတ်လိုက်လေ၏။

ချက်ချင်းပင် ကျသင့်ငွေပေးချေပြီးလျှင် အရက်ဆိုင်လေးထဲမှ ထွက်လာခဲ့လေတော့၏။

## ဓားစာခံ

စန်းတုံးနယ်၏ အခြေအနေကား ရှုပ်ထွေးနေလေ၏။

နယ်စားကြီး ကွယ်လွန်သွားသောအခါ ဖခင်၏ အရိုက်အရာကို သားအရင်းဖြစ်သော မင်းသားလေး ရှောင်ကျူးနှင့် မွေးစားသား ဖြစ်သော ရှောင်စုတို့ သူရထိုက်သည် ငါရထိုက်သည်ဟု အငြင်းပွားရင်း ပြဿနာများ ပေါ်ပေါက်လာလေ၏။

မတရားသဖြင့် နယ်စားရာထူးကို ရယူလိုသော မွေးစားသား ရှောင်စုသည် ကျင်းဟူ အပါအဝင် အနက်ရောင်သိုင်းသမားများ၊ ဒုစရိုက်သမားများကို အခကြေးငွေ ပေးကာ ငှားရမ်းခဲ့ပြီး မင်းသားလေး ရှောင်ကျူးအား ဒုက္ခပေးခဲ့လေ၏။

အငိုက်မိသွားသော ရှောင်ကျူးမှာ အသက်အန္တရာယ်ကြုံတွေ့ရလေသောအခါ လက်လွတ် ထွက်ပြေး ရလေတော့သည်။

မွေးစားသား ရှောင်စုသည် နယ်စားဂေဟာကိုသိမ်းပိုက်ကာ ကိုယ့်ကိုကိုယ် စန်းတုံး နယ်စားကြီးဖြစ်သည်ဟု ကြေညာလေ၏။

သို့သော်....

နယ်သူ နယ်သားများသည် လည်းကောင်း၊ နယ်စားကြီးအား သစ္စာရှိသူများသည် လည်းကောင်း လက်မခံကြပချေ။

ရှောင်ကျူးကလည်း လက်နက်လူသူ စုရုံးကာ ရှောင်စုကိုရင်ဆိုင်ခဲ့လေ၏။

နောက်ဆုံး....

ရှောင်စုနှင့် သိုင်းသမားဆိုးများ အရေး နိမ့်သွားတော့သည်။

တိုက်ပွဲများတွင် သိုင်းသမားဆိုးများ သေသူသေ၊ ထွက်ပြေးသူ ထွက်ပြေးဖြင့် ဖရိုဖရဲ ဖြစ်သွား၏။

ရှောင်စုသည် အဖမ်းခံလိုက်ရ၏။

စန်းတုံးနယ်အား နယ်စားကြီး၏သား ရှောင်ကျူးပြန်လည် သိမ်းပိုက်ကာ နယ်စားအရိုက်အရာ ဆက်ခံလိုက်လေသည်။



ရှောင်ကျူးသည် ရှောင်စုအား စစ်ဆေးပြီး သေဒဏ်စီရင်လိုက်၏။

ထို့အတူ....

ရှောင်စုကို အားပေး ကူညီခဲ့သည့် သိုင်းသမားဆိုးများအား ဖော်ထုတ် အပြစ်ပေးနိုင်ရန် စီစဉ်၏။

သိုင်းသမားဆိုးများအကြောင်း စုံစမ်းကာ ဆုငွေကြော်ငြာများ ထုတ်ပြန်လိုက်၏။

ဆုငွေ ထုတ်ခံရသည့် သိုင်းသမားဆိုးများ စာရင်းတွင်ခွေးအကြီး ကျင်းဟူ၏ အမည်က ထိပ်ဆုံးမှ ပါဝင်နေလေသည်။

မင်းသားလေး ရှောင်ကျူးသည် သေဆုံးသွားခြင်း မရှိသည့်အပြင် နယ်စား အရိုက်အရာပင် ဆက်ခံလိုက်ပြီ ဖြစ်လေသည်။

ဤသို့ဆိုလျှင်....

မြင်းဖြူ ဘုံကျောင်းနံဘေး ပန်း ဥ ယျာဉ် အ တွင်း၌ကောင်းလိ၏လက်ချက်မိကာ သေဆုံးသွားသူမှာ မည်သူဖြစ်သနည်း။

ကောင်းလိသည် မြင်းဖြူဘုံကျောင်းနှင့်ဝေးရာသို့ ရှောင်တိမ်းသွားပြီးမှ မြင်းဖြူဘုံကျောင်းသို့ ဒုတိယအကြိမ် ပြန်လည် ရောက်ရှိလာခဲ့လေတော့သည်။

* * *

မြင်းဖြူဘုံကျောင်း....

မြင်းဖြူဘုံကျောင်း၌ လာရောက် ဝတ်ပြုကြသူများဖြင့် စည်ကားသိုက်မြိုက်နေလေသည်။

ဘုံကျောင်းနံဘေး ပန်းဥယျာဉ်အတွင်း၌လည်း အပမ်းဖြေကြသူများဖြင့် စည်ကားနေသည်။

ကောင်းလိက မယောင်မလည်ဖြင့် ပန်းဥယျာဉ်အတွင်းသို့ ဝင်လာခဲ့သည်။

ပန်းဥယျာဉ်အတွင်း၌ သစ်တော်ပင်ကြီးနှင့်မလှမ်းမကမ်းသို့ ရောက်လာလေသည့်အခါ ကျောက်ခုံတန်းလေးပေါ်၌ လူငယ်မောင်မယ်နှစ်ယောက် ယှဉ်တွဲကာ ရယ်မောပျော်ရွှင်နေကြသည်ကို တွေ့ရပေသည်။

မှန်းတည့်အချိန်ကပင် ထိုနေရာ၌ လူတစ်ယောက်အသက်ခံလိုက်ရသေး၏။

ယခုတော့ ...

အသက်ခံလိုက်ရသူအကြောင်းကို မေ့ထားလိုက်ကြပြီဖြစ်သည်။

ကောင်းလိ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များဖြစ်ပေါ်လာလေ၏။

ငူငူကြီးရပ်ကာ ငေးမောနေမိတော့၏။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေ၏။

ညနေဆည်းဆာချိန်သည် လျင်မြန်စွာ ရွေ့လျားကွယ်ပျောက်သွားသည်။



နေခြည်ကွယ်ပျောက်သွားပြီး အမှောင်ထုက လွှမ်းမိုးလာ၏။

မကြာမီ....

ကောင်းကင်ပေါ်၌ ကြယ်ကလေးများခြံရံကာ လဝန်းထွက်ပေါ်လာလေ၏။

ညချမ်းကာလသို့ ရောက်လေတော့မှ တွေဝေငေးမောနေသည့် ကောင်းလိ သတိဝင်လာလေတော့၏။

ပန်းဥယျာဉ်အတွင်း၌ လူသူ တစ်စုံ တစ်ယောက်မှ မရှိတော့ဘဲ ရှင်းရှင်းလင်းလင်း ဖြစ်နေပါပြီ။

ဘုံကျောင်းလေးပေါ်မှ ထွန်းညှိထားသော မီးရောင်များသည် မသဲမကွဲ လွင့်ပျံ့လာ၏။

တရားစာ ရွတ်ဖတ်သံများလည်း ကြားရ၏။

ကောင်းလိ မျက်နှာပျက်သွား၏။

သူ၏ခြေလှမ်းများသည် အလိုလိုပင် ဘုံကျောင်းလေးဘက်သို့ ဦးလှည့်လိုက်မိလေ၏။

ပန်းဥယျာဉ်သည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့၏။

ကောင်းလိသည် ကျောက်လှေကားထစ်များကို ဖြတ်ကျော်ကာ ဘုံကျောင်းလေးပေါ်သို့ ရောက်သွား၏။

ဘုံကျောင်းအတွင်း၌ ဝတ်ပြုရင်း တရားစာများ ရွတ်ဖတ်နေသော ဘုန်းတော်ကြီးများနှင့် ကိုရင်လေးများကို တွေ့ရလေ၏။

ကောင်းလိသည် ဘုံကျောင်းအတွင်းသို့လှမ်းဝင်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

'ခဏနေပါဦးကွယ်'

စကားသံတစ်ချက် ထွက်ပေါ်လာလေသည်။

ကောင်းလိ ချာခနဲ လှည့်ကြည့်လိုက်မိ၏။

ထိုအခါ အဘိုးအိုတစ်ယောက်က သူ့ထံသို့ လှမ်းလာ‌ေ သည်ကို မြင်တွေ့လိုက်ရလေသည်။

ကောင်းလိက မျက်မှောင်ကုတ်ကာ ကြည့်နေမိ၏။

အဘိုးအိုသည် သူ၏အနီးသို့ ရောက်ရှိ လာ လေ သေ အခါ....

'မောင်ရင်လေးက ဝတ်ပြုဖို့လာတာလားကွယ်၊ အမ တော့.... ကျုပ်တို့ မြင်းဖြူဘုံကျောင်းဟာ နေ့ဝင်တာ ညှို့သည် လက်မခံတော့ပါဘူး၊ ဒါမှ ဘုန်းတော်ကြီး အေးအေးချမ်းချမ်း ဝတ်ပြုပြီး တရားစာရွတ်ဖတ်ဖို့ အခ ရမယ် မဟုတ်လားကွယ်....၊

'.... ကျုပ်ဟာ ဒီဘုံကျောင်းက ကပ္ပိယကြီး ပ မောင်ရင်လေးက ဝတ်ပြုချင်လို့လာရင် နောက်ကျသွာ တယ်ဆိုရင်တော့ ဒီဘက်ကလာပြီး ဝတ်ပြုပါကွယ်၊ က စီစဉ်ပေးပါ့မယ်'

ဝဲဘက်တနေရာသို့ ညွှန်ပြကာ ပြောလာလေ၏။

တရားဓမ္မ၌ ကိန်းအောင်းမွေ့လျော်နေသူမို့ ကပ္ပိ ကြီး၏ မျက်နှာသည် ပကတိအေးချမ်း ရှင်လန်းနေလေ

ကောင်းလိ သက်ပြင်းချလိုက်၏။



'ကျွန်တော် ဝတ်ပြုပြီးပါပြီခင်ဗျာ၊ ဒါပေမယ့် ဒီနေရာဟာ သာယာလှပပြီး ကျွန်တော့်အတွက် စိတ်အေးချမ်းမှုကို ရခဲ့တာကြောင့် ထွက်မသွားဖြစ်သေးတာပါ'

ဟု လိမ်ပြောလိုက်လေသည်။

ကပ္ပိယကြီး ခေါင်း တဆတ်ဆတ်ညိတ်လိုက်၏။

'ဩော်....ဩော်'

ကောင်းလိက....

'ဒါပေမယ့် ဒီနေရာမှာ လူသတ်မှုတစ်ခု ဖြစ်ပွားသွားခဲ့တယ်လို့ သတင်းရတာကြောင့် ကျွန်တော် အတော်ပဲ စိတ်မကောင်းဖြစ်မိပါတယ်'

သတင်းစုံစမ်းလိုသဖြင့် သွေးတိုးစမ်းသည့် သဘောဖြင့် ပြောလိုက်ခြင်း ဖြစ်လေ၏။

ကပ္ပိယကြီးက....

'နေပါဦး၊ လူသတ်မှုဖြစ်တယ်လို့ မောင်ရင်လေး ဘယ်လိုများ သတင်းကြားခဲ့လို့လဲ၊ ဒီမှာဘာလူသတ်မှုမှ မဖြစ်ခဲ့ပါဘူးကွယ်'

'ဗျာ....'

ကောင်းလိ အံ့ဩသွားလေ၏။

ကပ္ပိယကြီးကို မယုံကြည်နိုင်စွာကြည့်ရင်း....

'လူသတ်မှု မဖြစ်ခဲ့ဘူးဟုတ်လား'

'မဖြစ်ပါဘူးကွယ်၊ ဒါပေမယ့် လူရှယ်တစ်ယောက်က
တော့ ပန်းဥယျာဉ်ထဲမှာ ခေါင်းမူးပြီးလဲသွား ပို့ သူ
အဖော်တွေက ဖေးမခေါ်ဆောင်သွားခဲ့ကြတာကို တွေ့ရ
တယ်....၊

'သူတို့ဟာ ဒီမြို့က မဟုတ်ကြဘူးကွယ့်၊တောရွာကလေး
တစ်ရွာကနေ ဈေးရောင်းလာကြတာ ခုတော့ရွာပြန်သွား
ကြပါပြီကွယ်'

ကောင်းလိ မယုံကြည်နိုင်အောင် ဖြစ်သွား၏။

သူ၏ လက်အချိန်အဆကို သူကောင်းစွာ နားလည်
သဘောပေါက်ထားပါ၏။

သူ၏တိုက်ခိုက်ခြင်း ခံလိုက်ရသူသည် မည်သည့်နည်းနှင့်မျှ
အသက်ရှင်နိုင်မည် မဟုတ်ဘဲ သေဆုံးသွားလိမ့်မည်ဖြစ်လေ
သည်။

သိုင်းလောကသားများသည် တစ်စုံတစ်ခု ဖြစ်သည်နှ
ဒဏ်ရာကို ရှာဖွေဘတ်ကြသည်။

သေဆုံးရသည့် အကြောင်းရင်းကို ရှာဖွေတတ်ကြ၏
ထို့ကြောင့်လည်း သေဆုံးသူသည် မည်သည့်အကြော
ကြောင့် သေဆုံးရသည်။

လုပ်ကြံခံရသည်ကို ချက်ချင်း ဖော်ထုတ်နိုင်တတ်ကြ
သည်။



ယခု....
မိမိလက်ချက်မိကာ သေဆုံးသွားရသူမှာ သိုင်းလောက
လုံးဝပတ်သက်ခြင်းမရှိသော တောရွာလေးတစ်ရွာမှ
ယ်တစ်ယောက် ဖြစ်နေကြောင်း ကောင်းလိ နားလည်
လေတော့၏။

ထို့ကြောင့်လည်း သူ၏လက်ချက်မိသွားသည်ကို ထိုလူ
၏ အဖော်များက မရိပ်မိဘဲ သယ်ယူသွားကြပုံ ရသည်
ဆင်ခြင်မိလိုက်လေ၏။

သူ၏လက်ချက် မိသွားသူတိုင်းသည် သွေးထွက်သံယို
ရာကြီးကြီးမားမား ရရှိလေ့မရှိကြပေ။

အလွန်းပါးလွှာပြီး ထက်မြက်လွန်းသော ဓားတစ်လက်
အသုံးပြုရခြင်းကြောင့် နှလုံးသားနေရာတည့်တည့်တွင်
လက်မခန့် ဒဏ်ရာကိုသာ တွေ့နိုင်ကြမည်ဖြစ်၏။

သေချာချာ စစ်ဆေးကြည့်မည်မဟုတ်လျှင် ထိုဒဏ်
ဒဏ်ရာဟုမထင်ဘဲ အနီစင်းကြောင်းလေး တစ်ခုဟု
ထင်မှတ်ကြရမည်ဖြစ်၏။

လက်သည်းခြစ်ရာပမာရှိသော အပ်ချည်မျှင်တစ်မျှင်မျှ
ငယ်သော ထိုအနီစင်းကြောင်းလေးကို ဒဏ်ရာဟုလည်း
မှတ်ကြလိမ့်မည် မဟုတ်ပါ။

တောရွာကလေးမှ လူရှယ်သည် ဘုမသိဘမသိ သေဆုံး
ခဲ့ရခြင်းပေတကား။

ငါ လူမှားသွားပြီ'
ကောင်းလိ စိတ်ထဲမှ ရေရွတ်လိုက်မိလေ၏။

သူ လုပ်ကြံရမည်မှာ မင်းသားလေး ရှောင်ကျ
သည်။

သူ၏လက်ချက်ဖြင့် အမှန်တကယ် သေဆုံးသွားခဲ့
တောရွာကလေးတစ်ရွာမှ ဈေးလာရောင်းသော အပြ
သည့် လူရွယ်တစ်ယောက် ဖြစ်နေပါ၏။

ကောင်းလိမျက်နှာ ပို၍ ဖြူဖတ်ဖြူလျော် ဖြစ်လာ
သည်။

ကပ္ပိယကြီးက....

'မောင်ရင်လေး ဝတ်ပြုမယ်ဆိုရင် ဒီဘက်ကို လာ
ကွယ်'

ဟု ပြောလာလေ၏။

ကောင်းလိ ခေါင်းခါယမ်းလိုက်၏။

'မနက်မိုးလင်းမှပဲ ကျွန်တော် လာခဲ့ပါတော့မယ်၊
တော်ကြောင့် အနှောင့်အယှက် မဖြစ်စေချင်ပါဘူး...

'ဒါထက် အဲဒီမှူးလဲသွားတယ်ဆိုတဲ့ သူဟာ ဘယ်
လာတာလဲ၊ ဘယ်သူဘယ်ဝါလဲဆိုတာ သိရင်ပြော
လားခင်ဗျာ'

ကပ္ပိယကြီးက....

'သူ့အဖော်တွေက သူ့ကို ချန်မင်းလို့ ခေါ်
ကြားတယ်ကွယ့်....၊

'အနောက်ဘက် ထုံးအိုင်ရွာက လာကြတာလို့ သိ
ဘာများဖြစ်လို့လဲကွယ့်'



ကောင်းလိက....

'ဪ....ဘာမှမဖြစ်ပါဘူးခင်ဗျာ၊ ကျွန်တော်က လူ
တ်ခံရတယ်သတင်းကြားလို့ စိတ်ဝင်စားမိလို့ပါခင်ဗျာ'

ကပ္ပိယကြီးက—

'လူသတ်ခံရတာ မဟုတ်ပါဘူး မှူးလဲသွားတာပါ'

'ဟုတ်ကဲ့ ခုလို ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်
ဗျာ....'

'ကျွန်တော့်ကို ခွင့်ပြုပါဦး'

'ကောင်းပါပြီ....ကောင်းပါပြီ'

ကောင်းလိသည် ကပ္ပိယကြီးကို နှုတ်ဆက်ကာ ခပ်သွက်
ွက် ထွက်လာခဲ့လေတော့၏။

* * *

စန်းတုံးနယ်စား ဖြစ်လာသော မင်းသားလေး ရှောင်
ကျူးသည် စန်းတုံးနယ်သို့ ရောက်လာခဲ့ကြသော သိုင်း
သမားဆိုးများအား ပြတ်ပြတ် သားသား နှိမ်နင်းရန် စီမံ
ဆောင်ရွက်ခဲ့လေ၏။

မေးစားသား ရှောင်စုသည် သိုင်းသမား ဆိုးမှု
အားကိုး အားထားပြုကာ ထင်တိုင်းကဲ့ခဲ့သည် မဟု
လား။

ထိုသို့ ဖြစ်ရပ်မျိုး စန်းဟုံးနယ်တွင် နောက်ထပ်
တော့မှ မဖြစ်စေရဟု ကြွေးကြော်ပြီး သိုင်းသမား ဆိုး
ကို ဆုငွေထုတ်၏။

သိုင်းလောကမှ အဖြူရောင် သိုင်းသမားများကို
အညီ တောင်းခံ၏။

တရားမျှတမှုကို လိုလားသော တရားဥပဒေကို လေး
လိုက်နာသော တိုင်းပြည်နှင့်အဝှမ်း အေးချမ်း သာယာ
ကို မင်းမှုထမ်းများနှင့်အတူ လက်တွဲဆောင်ရွက်နေကြ
အဖြူရောင်သိုင်းသမားများသည် စန်းဟုံးနယ်သို့ တစ်
ပြီး တစ်သုတ် ရောက်လာကြလေ၏။

ရှောင်ကျူးနှင့် လက်တွဲကာ သိုင်းသမား ဆိုးများ
နှိမ်နင်းကြမည် ဖြစ်လေ၏။

ဆုငွေထုတ်ခြင်း ခံရသော သိုင်းသမားများတွင်
ဟူက ထိပ်ဆုံးမှ ပါဝင်နေ၏။

ခွေးအကြီး ကျင်းဟူအား ဖမ်းဝရမ်းထုတ် ဆုငွေ
ကြောလိုက်သော အခါ ကောင်းလီသည်လည်း အခြေ
မကောင်းတော့ချေ။

ခွေးအကြီး ကျင်းဟူနှင့် ပတ်သက်နေသည့် သိုင်းသ
ဆိုး အားလုံးကိုလည်း ဖမ်းဆီး အပြစ်ပေးလိမ့်မည်
ပါလား။



ကောင်းလီသည် ကြေးစား လူသတ်သမား တစ်ယောက် ဖြစ်သလို ကျင်းဟူ စေခိုင်းသည့် အတိုင်း ရှောင်ကျူးအား လုပ်ကြံဖို့ ကြိုးစားခဲ့သူ ဖြစ်လေ၏။

ဆုငွေထုတ်ကာ ကြေညာထားသည့် လူများစာရင်းတွင် အရှုးလေး ဆိုသော အမည်သည်လည်း မထင်မရှား ပါဝင်လာလေ၏။

ကျင်းဟူကား အခြေအနေ မဟန်မှန်းသိ၍ ထွက်ပြေးသွားပြီ ဖြစ်၏။

ကောင်းလီကိုလည်း ထွက်ပြေးဖို့ သတိပေးခဲ့၏။

သို့သော်....

ကောင်းလီက ထွက်မပြေးသေးပါ။

သူသည် အန္တရာယ်ကို အမှုမထားဘဲ သူက လူမှားပြီး လုပ်ကြံမိသည့် ချန်မင်း အကြောင်းကို လိုက်လံ စုံစမ်းနေပါသည်။

ကောင်းလီသည် လူ့အသက်ကို ဖက်ရွက်ပမာ သဘောထားသော ကြေးစား လူသတ်သမား တစ်ယောက် ဖြစ်လေသည်။

အဘယ်ကြောင့်....

ချန်မင်းအကြောင်းကို စိုးဝင်စားနေရပါသနည်း။

လူတစ်ယောက်၏ ဇီဝိန်ကို အချိန်မရွေး ခြွေပစ်ရန် ဝန်မလေးခဲ့သော ကောင်းလီသည် သူ၏ လက်ချက်ဖြင့် လူမှားပြီး ချန်မင်းအား လုပ်ကြံမိပြီဟု သိရသောအခါ တုန်လှုပ်ချောက်ချားခဲ့သည်မှာ အဘယ်ကြောင့်နည်း။

အမှန်တော့....

ကောင်းလိတွင် ငမ်းနည်း ကြေကွဲစရာ အတိတ်ရှိခဲ့ဖူးပေသည်။

ကြုံတွေ့ရသော ဘဝဒုက္ခ သောကကို ဒေါသ ရှေ့ထားကာ မဆင်မခြင် ဖြေရှင်းခဲ့ရာမှ လူဆိုးလူမိုက်ဘဝသို့ ရောက်ခဲ့ရ၏။

ခွေးအကြီး ကျင်းဟူနှင့် တွေ့သောအခါ ကြေးစား လူသတ်သမားကြီး ဖြစ်သွားခဲ့ရ၏။

ကောင်းလိသည် ဘဝပေး အခြေအနေအရ ကြေးစားလူသတ်သမားဘဝ ရောက်ခဲ့ရခြင်း ဖြစ်၏။

သူသည် လူကြားထဲမှ လူသားတစ်ယောက်သာ ဖြစ်ပါသည်။

ထို့ကြောင့်....

သူ၏ လက်ချက်ဖြင့် အပြစ်မရှိသူ တစ်ယောက် သေဆုံးခဲ့ရပြီဟု သိလာရသောအခါ....

* * *

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန် သာနေ၏။

ကြယ်ကလေးများလည်း ဝင်းလက် တောက်ပ နေပါသည်။



သာယာအေးမြသော ညချမ်းကာလ ဖြစ်ပါ၏။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသော်လည်း ကောင်းလိ၏ ရင်ထဲ၌ကား မသာမယာ ဖြစ်နေမိ၏။

'မှားပြီ'

ဆိုသော စကားကို ထပ်တလဲလဲ ရေရွတ် နေမိလေတော့သည်။

လူတစ်ယောက်အား မှားယွင်း သတ်ဖြတ်မိပြီ ဆိုသော အတွေးက သူ့အား စိုးမိုး ခြောက်လှန့်နေပါ၏။

ကောင်းလိ၏ မျက်နှာသည် နေ့ချင်း ညချင်းပင် အိုစာသွားသည်ဟု ထင်ရလေ၏။

သူ၏ ဘဝတစ်သက်တာတွင် ရင်ဆိုင် တိုက်ပွဲများစွာကြုံတွေ့ခဲ့ရကြောင်း သူ့ကိုယ်ပေါ်မှ ဒဏ်ရာ အမာရွတ်များက သက်သေခံနေပါ၏။

ကောင်းလိသည် သူသေကိုယ်သေ ရင်ဆိုင် တိုက်ခိုက်ပြီးမှ တစ်ဖက်လူကို သုတ်သင် ရှင်းလင်းပစ်နိုင်ခဲ့သည်ချည်း ဖြစ်လေသည်။

ယခုတော့....

ခုခံခြင်း လုံးဝမရှိ။

ဘာဆို ဘာမှ မသိ အပြစ်လုံးဝ ကင်းစင်သူတစ်ယောက် သူ၏ လက်ချက်ဖြင့် သေဆုံးသွားခဲ့ရပါပြီ။

ကောင်းလိသည် ကောင်းကင်ပေါ်မှ လဝန်းကို ငေးမော ကြည့်နေ၏။

သူ၏ မျက်လုံးများကား ကြောင်စီစီဖြစ်နေသလို လ...
ကိုလည်း တွေ့မြင်ပုံ မရချေ။

သူ တွေးတောနေသည်မှာ အတိတ်က ဘဝ အကြော...
ပင်—

ချွန်မင်း သေဆုံးသွားရသည့် ကိစ္စနှင့် ပတ်သတ်ပြီး ...
မေ့ပျောက်ထားခဲ့သော အတိတ်မှ ဖြစ်ရပ်များသည် အစီအ...
ပြန်ပေါ်လာ၏။

ကောင်းလိ၏ စိတ်အစဉ်သည် အတိတ်ကာလသို့ လွင့်မျော...
နေလေတော့၏။

## အတိတ်ကာလ

နေသည် ခြစ်ခြစ်တောက်ပူပြင်းနေသည်။

ခြေထောက်တွင် ဖိနပ်မပါ၊ ဦးခေါင်း ပေါ်တွင်လည်း အဆောင်းအကာ မပါသော ညစ်ပတ် ပေကျံ နေသည့် ကောင်လေး တစ်ယောက်သည် ဖုန်ထူထူ လမ်းကို ဖြတ်ကာ အဝေးတွင် မြင်နေရသော မှိုင်းညို့ညို့ တောတန်းဆီသို့ အပြေးနှင်နေ၏။

အစာရေစာ ဝဝလင်လင် မစားရသဖြင့် အာဟာရ ချို့တဲ့ကာ အရိုးပေါ် အရေတင် ပိန်ချုံးနေ၏။

နေပူထဲမှ ဖြတ်လာရသဖြင့် သူ၏ တစ်ကိုယ်လုံး ချွေးရွှဲရွှဲ စိုနေပါ၏။

ကောင်လေးသည် တောအုပ်ထဲသို့ ရောက်မှ သစ်ပင် တစ်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး....

'ဟူး....မောလိုက်တာ'

ဟု ရေရွတ်သိုက်၏။

ထိုကောင်လေးမှာ ကောင်းလိ ဖြစ်၏။

ကောင်းလိသည် မနက်စောစော မြို့လယ်ဈေးတွင် ဈေးသည်များ ခိုင်းစေသည့် တောက်တိုမယ်ရအလုပ်များ ဝိုင်းဝန်း ကူညီလုပ်ဆောင်ပေးနေကျဖြစ်သည်။

နေအတော်မြင့်လာပြီး ဈေးကွဲသွားသောအခါ ဈေးသည်များ ပေးကမ်းလိုက်သောမုန့်နှင့်ငွေများ၊ ဟင်းချက်စရာအသီးအနှံများကိုယူ၍ အိမ်သို့ပြန်ကာ ချက်ပြုတ်ရလေသည်။

သူ၏မိခင်သည် နေထိုင်မကောင်းဖြစ်နေ၍ ချက်ပြုတ်လျှော်ဖွပ်ရသည့် ကိစ္စအဝဝကို သူပင်လုပ်ကိုင်ရသည်။

သူ၏ဖခင်မှာ သူငယ်စဉ်ကပင် ကွယ်လွန်သွားခဲ့သည်။

မိခင်ကြီးသည် တစ်ပင်လဲ၍တစ်ပင်ထူ အားကိုးရာရှာသည့်သဘောဖြင့် နောက်အိမ်ထောင်ပြုခဲ့လေသည်။

သို့သော် ..

နောက်အိမ်ထောင်သည် အရက်သမားကြီး လုံးလုံးဖြစ်နေသည်။

အားမကိုးရသည့်အပြင် ကောင်းလိတို့သားအမိ အနှိပ်အစက် ခံကြရတော့သည်။

ပထွေးဖြစ်သူ၏ အရက်ဖိုးကို သားအမိနှစ်ယောက်ကပင် ရှာဖွေပေးရတော့၏။



မိခင်ကြီး ကျန်းမာချိန်ကဆိုလျှင် အိမ်တကာလည်ကာ အဝတ်လျှော်၊ ရေခပ် အောက်ခြေသိမ်းအလုပ်များလုပ်ကိုင်ကာ ရှာဖွေကျွေးမွေးခဲ့လေသည်။

ကောင်းလိ၏တာဝန်မှာ သုံးမိုင်ခန့်ဝေးသော တောအုပ်ဆီသို့ သွားကာ ထင်းခြောက်များ ကောက်ယူရခြင်းသာရှိခဲ့၏။

ကောင်းလိရှာဖွေလာသော ထင်းများကို အိမ်မှာ အသုံးပြုသလို ပိုလျှံပါက ရောင်းချခြင်းဖြင့် မီးဖိုချောင်စားရိတ်ကာမိလေသည်။

မိခင်နေမကောင်းသဖြင့် ကောင်းလိသည် ထင်းရှာရုံမျှမကဘဲ စားသောက်ဖို့ပါ ရှာဖွေရတော့သည်။

အိပ်ရာထဲ လဲနေသော မိခင်ကြီးအတွက် ဆေးကုပေးနိုင်အောင် မရှာနိုင်ခဲ့ပါ။

ထို့ကြောင့်လည်း ကောင်းလိသည် အနားမယူဘဲ ထင်းရှာထွက်လာခြင်း ဖြစ်သည်။

ထင်းရောင်းပြီးပါက ဆေးဝါးအနည်းငယ် ဝယ်နိုင်လိမ့်မည်ဟု မျှော်လင့်ထားလေသည်။ •

ပထွေးဖြစ်သော အရက်သမားကြီးကား ကောင်းလိတို့သားအမိကို လှည့်မကြည့်ဘဲ အရက်ဆိုင် တစ်ဆိုင်ပြီးတစ်ဆိုင်ပြောင်းကာ သောက်စားမူးယစ်နေပါတော့သည်။

ကောင်းလိသည် သစ်ပင်အရိပ်အောက်၌ ခဏအနားယူလိုက်ပြီးလျှင် တောအုပ်ထဲသို့ ထင်းခြောက်ရှာလိုက်လေ၏။

မြေပေါ်ကျိုးကျနေသော သစ်ကိုင်း ခြောက်များ ကို ကောက်ယူကာ ထင်းဆိုက်၍ကောင်းမည့်အရွယ် အနေတော် ဖြစ်အောင် ပါလာသော ဓားမတိုဖြင့် ခုတ်ဖြတ်ပြီး စုစည်း လိုက်သည်။

သစ်ပင်ပေါ်မှ ခြောက်သွေ့စ ကျိုးပဲ့စ ပြုနေသော သစ်ကိုင်းများကို သစ်ပင်ပေါ်တက်၍ ခုတ်ယူလိုက်၏။

တွေ့သမျှ သစ်ပင်သစ်ကိုင်းဟူသမျှကို ထင်းအဖြစ်ခုတ်ယူ ခြင်းတော့ မဟုတ်ပေ။

ကောင်းလိသည် ချွေးတဒီးဒီး ကျလာအောင်ပင် ဇယ် ဆက်သလို လုပ်ကိုင်လိုက်ရာ မကြာမီ ထင်းခြောက်များ တစ်ပုံတစ်ပင် ရလာလေတော့၏။

ကောင်းလိ ဝမ်းသာနေ၏။

သစ်ကိုင်းတစ်ခုကို ထမ်းပိုးအဖြစ် အသုံးပြုရန် ခုတ်ယူ လိုက်၏။

အသင့်ပါလာသော ကြိုးများဖြင့် ချိုးဖဲ့ထားသော သစ်ကိုင်းခြောက်များကို ထင်းစည်းကြီး နှစ်စည်းအဖြစ် စုစည်းချည်နှောင်လိုက်၏။

ထင်းစည်းနှစ်စည်းကို ရှေ့တစ်စည်း နောက်တစ်စည်း သစ်ကိုင်းဖြင့် လျှို၍ထမ်းလိုက်၏။

ထင်းနှစ်စည်းကို မနိုင့်တနိုင်ထမ်းကာ တောအုပ်ထဲမှ ထွက်ရန် ဟန်ပြင်လိုက်၏။



ထိုစဉ်....

'ယား'

'ဖုန်း'

'ခွပ်'

တောအုပ်အတွင်းမှ စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

ကောင်းလိ အံ့သြသွား၏။

ထင်းစည်းကိုချကာ အသံဗလံများ ထွက်ပေါ်လာရာဆီ သို့ လှမ်းမျှော်ကြည့်လိုက်လေ၏။

တောအုပ်အတွင်းပိုင်းမှ စကားသံအချို့ ထွက်ပေါ်လာ သည်။

ကောင်းလိ စိတ်ဝင်စားသွား၏။

'ဘာတွေဖြစ်နေပါလိမ့်'

ဟု တွေးကာ အသံဗလံများ ထွက်ပေါ်လာရာဆီသို့ ဦးတည် လှမ်းသွားလိုက်လေ၏။

ကောင်းလိ ထိုသို့သွားရောက် စပ်စုမိလိုက်ခြင်းကြောင့် သူ၏ဘဝ အပြောင်းလဲကြီး ပြောင်းလဲသွားလိမ့်မည် ဖြစ် ကြောင်း ထိုစဉ်က မသိနိုင်ပါတကား။

* * *

ကောင်းလီသည် အသံဗလံများ ထွက်ပေါ်လာရာသို ဦးတည် သွားလိုက်လေသည်။

တောအုပ်အတွင်းပိုင်း၌ ချုံမြင်ကိုင်းပင်များ ထူထပ် ပေါက်ရောက်လျက်ရှိပါ၏။

ကောင်းလီက ချုံပင် ကိုင်းပင်များကြားမှ ဖြဲရဲတိုး ကာ တိတ်တဆိတ် ချဉ်းကပ်သွားလိုက်ခြင်းဖြစ်၏။

မကြာပါချေ။

တောအုပ်အတွင်း၌ မြေကွက်လပ်တစ်ခုရှိနေပြီး ထို ကွက်လပ်၌ လူသုံးယောက်နှင့် အသက်နှစ်ဆယ်ခန့်ရှိ လူငယ် နှစ်ယောက်တို့ ဖြစ်ကြလေ၏။

'ဘယ်သူတွေပါလိမ့်၊ တောအုပ်ထဲမှာ ဘာလာလုပ် ကြတာပါလိမ့်'

ကောင်းလီ ချောင်းကြည့်လိုက်လေ၏။

အဘိုးအိုသည် အဖြူရောင်အဝတ်အစားများ ဝတ် ထားပြီး ဥပမိရုပ် တည်ကြည့်ခန့်ညားသူဖြစ်၏။

လူငယ်နှစ်ယောက်မှာလည်း ယောကျ်ားပီသစွာ ခ မောခန့်ညားသူများဖြစ်လေ၏။

သူတို့သည် မလှမ်းမကမ်းသို့ ကောင်းလီ ရောက် သည်ကို သတိပြုမိပုံ မရကြချေ။

အဘိုးအိုက လူငယ်နှစ်ယောက်အားကြည့်လိုက်ပြီး....

'အင်း....မင်းတို့နှစ်ယောက် အတော်တိုးတက်လာပြီ၊ ဓားသိုင်းလေ့ကျင့်ရအောင်'

ဟု ပြောလိုက်၏။



လူငယ်နှစ်ယောက်က ဦးညွှတ်လိုက်ပြီး....

'ကောင်းပါပြီဆရာ'

ချက်ချင်းပင် သူတို့၏ခါး၌ ချိတ်ဆွဲထားသောဓားများ ကို ဆွဲထုတ်လိုက်ကြလေသည်။

ကောင်းလီ ထိတ်လန့်သွားသည်။

'ဟိုက်....လူဆိုးတွေပါလား'

ဟု စိတ်ထဲမှ ရေရွတ်မိလိုက်လေသည်။

ချက်ချင်းထွက်ပြေးရန်ဆုံးဖြတ်လိုက်သော်လည်းကြောက် လန့်မှုဖြင့် ခြေလက်များ မသယ်နိုင်အောင်ဖြစ်ကာ ထွက်၍ မပြေးနိုင်ပါတော့ချေ။

အဘိုးအိုက....

'ကဲ..စပေတော့'

ဟု အမိန့်ပေးလိုက်သည်။

'ကောင်းပါပြီဆရာ'

လူငယ်နှစ်ယောက်သည် အဘိုးအိုအား ဦးညွှတ်လိုက်ပြီး လျှင် မျက်နှာချင်းဆိုင် ရပ်လိုက်၏။

တစ်ယောက်ကို တစ်ယောက် ဦးညွှတ်လိုက်ပြီးလျှင် ဓား ကိုယ်စီ ဆွဲထုတ်ကာ....

'ယား'

ညာသံပေးကာ တိုက်ခိုက် သိုက်လေ၏။

အဘိုးအိုသည် လူနှစ်ယောက်တိုက်ခိုက်နေသည်ကို အေး အေးဆေးဆေးပင် လက်ပိုက်၍ကြည့်နေ၏။

ကောင်းလို မကျေမနပ်ဖြစ်သွား၏။

'တော်တော်ဆိုးတဲ့ အဘိုးကြီး၊ ဟို အစ်ကိုကြီးတွေ
အချင်းချင်း ပြန်သတ်ခိုင်းနေပါလား'

အဘိုးအိုကို အပြစ်တင်လိုက်မိသည်။

လူငယ်နှစ်ယောက်သည် အဘိုးအိုစေခိုင်းသည့် အတို
အဘယ်ကြောင့် ပြုလုပ်နေရပါသနည်း။

ဝင်းလက်တောက်ပသော ဓားရောင်များထွက်ပေါ်လ
သည်။

'ချွမ်း ချွမ်း'

'ယား'

သံ သံချင်း ပြင်းထန်စွာထိတွေ့လိုက်မိသော အသံမျာ
ညာသံပေးသံများ ကျယ်လောင်စွာ ထွက်ပေါ်၍ လာ
သည်။

ကောင်းလိမှာ တိုက်ပွဲသို့ အသည်း တ ယားယား
ကြည့်နေမိတော့သည်။

လူငယ်နှစ်ယောက်သည် အဆုတ်အတက် အတိုက်အ
အကွက်ကျကျယှဉ်ပြိုင်နေကြခြင်း ဖြစ်သည်။

မည်သူကမျှ အသာစီး မရချေ။

ထိုစဉ်....

'ရပ်လိုက်'

အဘိုးအို၏ ဟန့်တားသံထွက်ပေါ်လာ၏။



လူငယ်နှစ်ယောက် ချက်ချင်း ရပ်လိုက်ကြလေ၏။

အဘိုးအိုက ...

'မင်းတို့ နှစ်ယောက် ဓားသိုင်း အသုံးပြုတာ တိကျတယ်၊
အကွက်ကျ မှန်ကန်တယ်၊ ဒါပေမယ့် .... လှုပ်ရှားမှုတွေဟာ
နှေးကွေး လေးလံနေသေးတယ်၊ ဒါကြောင့် အိမ်ရောက်ရင်
ထပ်ပြီး လေ့ကျင့်ကြပါ၊ တကယ် ရန်သူနဲ့ ရင်ဆိုင်ရမယ်ဆို
ရင် လက်နှေးနေတာနဲ့ အရေးနိမ့်သွားနိုင်တယ်'

ဟု ပြောလေ၏။

လူငယ်နှစ်ယောက်က ဦးညွှတ်လိုက်၏။

'ကောင်းပါပြီ....ဆရာ၊ ကျွန်တော်တို့ ပြုပြင်ပါ့မယ်၊ ကြိုး
စားပါ့မယ်'

အဘိုးအိုက....

'ကဲ....တို့တစ်တွေ အပမ်းဖြေ ထွက်လာကြတာ၊ ခုတော့
သိုင်းပညာ လေ့ကျင့်တဲ့ဆီကို ရောက်သွားပြန်ပြီ၊ နေမွန်း
တည့်ချိန်လဲ ကျော်နေပြီ၊ အိမ်ပြန်ကြစို့'

'ကောင်းပါပြီ....ဆရာ'

အဘိုးအိုက လက်နှစ်ဖက် နောက်ပစ်ကာ ရှေ့မှ ထွက်
သွား၏။

လူနှစ်ယောက်က နောက်မှ လိုက်ပါ သွားကြလေတော့
သည်။

ကောင်းလိသည် အဘိုးအိုနှင့် လူငယ်နှစ်ယောက်ကို ငေး
မောကြည့်ရင်း....

'သိုင်းပညာဆိုပါလား'

ဟူသော စကားလုံးကို ထပ်တလဲလဲ ရေရွတ် နေမိ တော့၏။

* * *

ကောင်းလီက ပင်ပန်းခံကာ ကြိုးစားခဲ့သဖြင့် မိခင်ဖြစ် အား အာဟာရ မပြတ်ရလေအောင် အစာရေစာကျွေးမွေ နိုင်သည့်အပြင် ဆေးဝါးအချို့ ဝယ်ပေးနိုင်လေ၏။

ထို့အပြင်....

ပထွေးဖြစ်သူအတွက် အရက်ဖိုးကိုပါ ရှာကြံ ပေးနိုင် သည်။

ထိုရက်များအတွင်းပထွေးဖြစ်သူသည်ကောင်းလီအပေ များစွာ ကြည်ကြည်ဖြူဖြူ ရှိခဲ့လေ၏။

သို့ဖြင့်....

ဆယ်ရက်ခန့်အကြာတွင် ကောင်းလီ၏ မိခင် နေကော သွား၏။

သို့သော်....



ကောင်းလီသည် ယခင်ကလို ထင်းခြောက် ကောက်ခြင်း သာမကတော့ဘဲ မနက်ပိုင်း မြို့လယ်ဈေးသို့သွားကာ ပိုက်ဆံ ရှာရသည့် တာဝန် တိုးလာလေ၏။

ကောင်းလီ၏ ခန္ဓာကိုယ်သည် တစ်နေ့တခြား ပို၍ ပိန်လှီ လာ၏။

အသားအရည်များ မွဲခြောက်ခြောက် ဖြစ်လာလေတော့ သည်။

သူ၏ အဝတ်အစားများလည်း တစ်စထက် တစ်စ ညစ် နွမ်းလာတော့၏။

ကောင်းလီသည် အရွယ်နှင့် မလိုက်အောင် ပင်ပန်းကြီး စွာ လုပ်ကိုင်ခဲ့ရ၏။

သားအမိနှစ်ယောက် ရှာဖွေ၍ ရသမျှ ပထွေး ဖြစ်သူ၏ အရက်ဖိုးသာ ဖြစ်သွားရာ သားအမိ နှစ်ယောက် ချို့ချို့ တဲ့တဲ့ စားသောက်ရ၏။

ကောင်းလီသည်လည်း ထူးခြားသော အဘိုးအိုနှင့် သိုင်း လေ့ကျင့်ခဲ့သော လူငယ် နှစ်ယောက်ကို မေ့သွားလေတော့ သည်။

နေ့စဉ် နေထွက်ချိန်မှစ၍ နေဝင် မိုးချုပ်သည်အထိ ပင် ပန်းကြီးစွာ လုပ်ကိုင် ဆောင်ရွက်ခဲ့ရင်း အမှတ်မထင် အဘိုး အိုနှင့် သိုင်းလေ့ကျင့်ခဲ့သော လူငယ်နှစ်ယောက်အား သတိ ရစရာ ဖြစ်ပေါ်လာသောအခါ....

* * *

ယနေ့....

ယနေ့သည် အလွန် ကံကောင်းသော နေ့ဟု ကောင်း
ထင်မှတ်မိလေ၏၊

အကြောင်းမှာ ...

ဈေးသည် တစ်ယောက်သည် ကောင်းလိ၏ ကူညီလုပ်
ပေးမှုကို သဘောကျသဖြင့် မုန့်ဖိုးအပြင် အိမ်၌ ချက်စား
ငါးကြီးကြီး တစ်ကောင်ကို ပိုပေးလိုက်ခြင်းကြောင့်
လေ၏။

ကောင်းလိသည် ငါးကို လက်မှ ကိုင်ကာ လမ်းကြ
များကို ဖြတ်ပြီး အိမ်သို့ အပြေးပြန်လာခဲ့၏။

သူတို့သားအမိ အသားငါး မစားရသည်မှာ လပေါ
များစွာ ကြာမြင့်ခဲ့ပြီ မဟုတ်ပါလား။

ဈေးသည်ကြီးပေးလိုက်သော ငါးကိုမီးကင်၍ သား
နှစ်ယောက် မြိန်ရည်ရှက်ရည် စားကြမည်ဟု ကောင်းလိ
ကူးထားလေ၏။

ကောင်းလိ လမ်းကြားလေးတစ်ခု အတွင်းမှ ဖြတ်
သောအခါ....

'ကောင်းလိ....နေပါဦးကွ'

ဟန့်တားသံနှင့်အတူ သူနှင့် ရွယ်တူခန့် ရှိသော ကေ
လေးများအပြင် အသက် ပိုကြီးသော ကောင်လေးမျာ
ဝင်သည့် ကောင်ဆိုးလေး တစ်သိုက်က ဟန့်တား ဝိုင်း
ကြ၏။



ထိုကောင်ဆိုးလေးများသည် ကောင်းလိကဲ့သို့ ကောင်းမွန်စွာ လုပ်ကိုင် စားသောက်ခြင်းမရှိဘဲ ခိုးဝှက်ခြင်း၊ အလစ်သုတ်ခြင်း စသော မကောင်းမှုများ ပြုလုပ် နေကြသူများဖြစ်၏။

အခြေအနေမဲ့ ဆိုးသွမ်း လေလွင့် နေကြသူလေးများလည်း ဖြစ်၏။

သူ ရင်ထိတ်သွား၏။

'မင်း ... မင်းတို့'

ကောင်ဆိုးလေးများ၏ခေါင်းဆောင်ဖြစ်သောကျောက်ပေါက်မာ ဗရပျစ်နှင့် ကောင်လေးက ရှေ့တိုးလာပြီး....

'ကောင်းလိ....ဒီကနေ့ မင်းပွပေါက် တိုးလာပုံ ရတယ်၊ ဟုတ်လားကွ'

ဟု မေးလာလေ၏။

ထိုကောင်လေးသည် အသား မည်းကြုတ်ကြုတ် တုတ်တုတ်ခိုင်ခိုင်ဖြစ်၏။

သူနှင့် ယှဉ်လျှင် ဆင်နှင့် ဆိတ်ပမာ ကွာခြားလှပေတော့သည်။

ကောင်းလိ အသံများပင် တုန်လာ၏။

'ငါ့...ငါ့ကို ဈေးသည်ကြီးက ငါးတစ်ကောင် စားဖို့ပေးလိုက်တာပါကွ'

ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်၏။

ကျောက်ဖြူနှိုး ကောင်လေးက....

'အံမယ်....မင်းက ခိုးလာရင် ခိုးလာဘယ်လို့ ပြောစမ်း
ပါ'

ခိုးဝှက်လာသည်ဆိုသော စကားကြောင့် ကောင်းလိမ့်
ကြောက်ရွံ့နေသည့် ကြားမှ ဒေါသဖြစ်သွားလေ၏။

'ဟေ့....ငါခိုးလာတာ မဟုတ်ဘူးကွ၊ မင်းတို့ မယုံရင်
သွားမေးကြည့်'

ဟု အော်ငေါက်လိုက်မိ၏။

ကျောက်ဖြူနှိုးကောင်လေးက....

'သွားမေးနေစရာ မလိုပါဘူးကွာ၊ ငါလိုချင်တာကမင်း
ယူလာတဲ့ ငါးပဲဥစ္စာ'

ပြောပြောဆိုဆို ကောင်းလိ၏ မျက်နှာကို လက်သီးဖြင့်
ထိုးချလိုက်လေ၏။

'ခွပ်'

'အား'

ကောင်းလိမှာ မြေပေါ် ပက်လက်လန် လဲကျသွားလေ
တော့၏။

'ချကွာ'

'ဒီကောင့်ကို လက်သီးစာ ကျွေးလိုက်ရအောင်'

'အေး....ငါလဲ ကြည့်လို့မရတာ ကြာပြီ'



ကျန် ကောင်လေးများသည် တစ်ယောက် တစ်ပေါက်
ပြောလိုက်ကြပြီး ကောင်းလိအား ဝိုင်းဝန်း ထိုးကြိတ် ကန်
ကျောက်လိုက်ကြလေတော့၏။

ကောင်းလိကား မြေပေါ် လိမ့်သွား၏။

ပြန်လည်ခုခံနိုင်ခြင်း အလျဉ်းမရှိပါချေ။

'အမယ်လေးဗျ....သေပါပြီ'

ကောင်းလိက အော်ဟစ် နေသော်လည်း မည်သူကမှ
မသနားကြပါ။

လမ်းကြားလေးထဲမှ ဖြတ်သန်းသွားလာကြသော လူကြီး
များ ရှိကြပါသော်လည်း မည်သူကမျှ ဝင်ရောက်ဟန့်တား
ခြင်း မရှိကြပါချေ။

ကိုယ်နှင့်မဆိုင်သလို ရှောင်ကြဉ်သွားကြလေ၏။

ကျောက်ဖြူနှိုးတို့ ကောင်လေးတစ်စုသည် ကောင်းလိထံမှ
ငါးအပြင် ကောင်းလိရလာသော မုန့်ဖိုးကိုလည်း လုယူလိုက်
လေ၏။

စိတ်တိုင်းကျ ထိုးကြိတ်ကန်ကျောက်ပြီးမှ လှောင်ပြောင်
ရယ်မောကာ ထွက်သွားကြတော့၏။

* * *

ကျောက်ဖြုန်းလေးတို့ လက်ချက်ကြောင့် ကောင်းလိမှာ သုံးလေးရက်ခန့် အိပ်ရာထဲလှဲသွားတော့၏။

ကောင်းလိ၏မိခင်က တစ်ဖန် ပြုစုရလေ၏။

ပထွေးဖြစ်သူကား အရက်ဖိုးလျော့သွားသဖြင့် မြည်တွန် တောက်တီးကာ ဆူပူကြိမ်းမောင်းတော့၏။

မည်သို့ဆိုစေ....

သုံးရက်အကြာတွင် အမည်းအညို မပျောက်သေးသော် လည်း ကောင်းလိက မိုးလင်းသည်နှင့် ဈေးသို့သွားလေ၏။

သို့သော်....

ကောင်းလိမလာသည့် ရက်များတွင် အခြား ဆင်းရဲ နွမ်းပါးသော ကောင်လေးများက ဝင်ရောက် လုပ်ကိုင်ကြ သဖြင့် ကောင်းလိအတွက် အလုပ်မရှိတော့ပါ။

ကောင်းလိသည် စိတ်ပျက်လက်ပျက်ဖြင့် မင်းလမ်းမကြီး ပေါ်ရှိ စားသောက်ဆိုင်များဘက်သို့ ထွက်လာခဲ့၏။

တစ်ခါတရံတွင် စားသောက်ဆိုင်များ၌ အလုပ်လုပ်ရ လေ့ရှိသည်။

အမှိုက်သွန်ခြင်း၊ အိုးခွက်ပန်းကန်ဆေးကြောခြင်းစသည့် အောက်ခြေသိမ်းအလုပ်များ ဖြစ်၏။

ညစ်ပတ်ပေကျံကာ သန့်ရှင်းမှုမရှိသော အလုပ်များကို မည်သူမှ မလုပ်ကိုင်လိုကြသဖြင့် ကောင်းလိအတွက် အလုပ် ရတတ်ခြင်း ဖြစ်၏။



ကောင်းလိသည် စားသောက်ဆိုင် တစ်ဆိုင်မှ တစ်ဆိုင် ပြောင်းကာ အလုပ်ရှာနေစဉ် စားသောက်ဆိုင် တစ်ဆိုင်မှ ထွက်လာသော လူငယ်နှစ်ယောက်ကို တွေ့လိုက်ရ၏။

ကောင်းလိ ချက်ချင်းပင် မှတ်မိလိုက်၏။

'တောအုပ်ထဲမှာတွေ့ရတဲ့အစ်ကိုကြီးနှစ်ယောက်ပါလား'

ထိုလူနှစ်ယောက်မှာ အရက်သေစာ သောက်စားထား ကြဟန် ရှိလေ၏။

သူတို့သည် မူးယစ်ပျော်ရွှင်နေကြ၏။

တစ်ယောက်ကိုတစ်ယောက် သိုင်းဖက်ရင်း သီချင်းဆိုကာ ဒယီးဒယိုင်ဖြင့် ထွက်သွားကြ၏။

လမ်း၌တွေ့ရသော မိန်းကလေးများကိုလည်း နောက် ပြောင် ကျီစယ်ကြ၏။

ကောင်းလိသည် အဘယ်ကြောင့်မှန်းမသိ၊ ထိုလူ နှစ် ယောက်နောက်သို့ လိုက်သွားမိ၏။

လူငယ်နှစ်ယောက်သည် ဒယီးဒယိုင်ဖြင့် လျှောက်သွား ရင်း တစ်နေရာသို့အရောက်တွင် ရှေ့တူရူမှ ရယ်ရယ်မော မောဖြင့် လာနေသည့် လူငယ်မောင်မယ် စုံတွဲနှစ်ယောက်ကို သွားပြီး နောက်ပြောင်ကြ၏။

ထိုအခါ မိန်းကလေးသည် ရှက်လွန်း၍ ငိုကြွေးပြီး သူမ၏ ချစ်သူက မကျေမနပ်ဖြစ်ကာ ရန်ပြုလာ၏။

သို့သော်....

လူငယ်နှစ်ယောက်၏ ဝိုင်းဝန်းထိုးကြိတ်ခြင်းကို မရှုမလှ ခံလိုက်ရတော့၏။

လူငယ်နှစ်ယောက်က ဟားတိုက်ရယ်မောလိုက်ကြ၏။

တစ်ယောက်က....

'ငါတို့ဟာ ဆရာကြီးလိဖုံးရဲ့ ဘပည့်တွေ၊ လာမစမ်းနဲ့၊ ဒုက္ခရောက်သွားမယ်'

ဟု ကြုံးဝါးလိုက်သေး၏။

သူတို့သည် မြေပေါ်လဲနေသူကို ဂရုမစိုက်ဘဲ ဆက်၍ ထွက်သွားကြပြီး ခြံဝင်းတစ်ခုအတွင်းသို့ ဝင်သွားကြလေတော့၏။

ထိုခြံဝင်းသည် ချမ်းသာကြွယ်ဝသူများ နေထိုင်သည့် ရပ်ကွက်တွင် ရှိလေ၏။

ကောင်းလိတို့၏ဘဝနှင့် မိုးနဲ့မြေကြီးပမာ ကွာခြားလှ ရကား တစ်မြို့တည်းဖြစ်သော်လည်းထိုရပ်ကွက်သို့ ကောင်းလိ ရောက်ဖူးခြင်းမရှိချေ။

တိုက်တိုက်ဆိုင်ဆိုင်ပင် နောက်တစ်နေ့တွင် ဈေးထဲမှ မီးဖို ချောင်သုံးပစ္စည်းများ ရောင်းချသည့်ဆိုင်မှ ပစ္စည်းတချို့ကို မှာကြား ဝယ်ယူသူထံသို့ ပို့ဆောင် ပေး ရ သော အခါ ကောင်းလိ ဝိုင်းဝန်းကူညီ သယ်ပိုးခွင့်ရလေ၏။

ခါတိုင်း လုပ်နေကျအလုပ်ချိုးဖြစ်၏။

မည်သို့ဆိုစေ....

ယခုတစ်ကြိမ်၌မူ ကောင်းလိ ပစ္စည်းထမ်းပိုးရသည့်နေရာမှာ လူငယ်နှစ်ယောက် ဝင်သွားသော လူချမ်းသာအိမ် ဖြစ်နေ၏။



ဤတွင်....

ကောင်းလိသည် သိုင်းဆရာလိဖုံးနှင့် တွေ့ဆုံခဲ့ရလေ၏။

\+ ✻ +

ခြံဝင်းမှာ လေးဘက်လေးတန် အုတ်နံရံ ကာရံထားလေ၏။

ခြံဝင်းအဝင်ဝ၌ သံတံခါးကြီးကို အခိုင်အမာ တပ်ဆင်ထား၏။

ခြံဝင်းအဝမှသည် ခမ်းနားထည်ဝါလှသော အဆောက်အအုံကြီးသို့ ရောက်သည့်တိုင် ကျောက်ဖြူပြားလမ်းခင်းထား၏။

ကျောက်ပြားလမ်း တစ်ဖက်တစ်ချက်၌ ရောင်စုံပန်းများ စိုက်ပျိုးထားသည့် ပန်းဥယျာဉ်ကြီးရှိလေ၏။

ကောင်းလိသည် ပစ္စည်းများထမ်းပိုးပို့ဆောင်ပေးရာတွင် လူငယ်နှစ်ယောက်အား သိုင်းပညာသင်ပေးသောအဘိုးအိုက လက်ခံယူခဲ့လေ၏။

ကောင်းလိက တစ်ယောက်တည်း သွားပို့ရသည်ဘော့ မဟုတ်ပါ။

ပစ္စည်းပိုင်ရှင်အပြင် အခြားကောင်လေးများလည်း ပါလေ၏။

ပစ္စည်းလက်ခံသည့် အိမ်ရှင်အဘိုးအိုမှာ သိုင်းဆရာကြီး လိဖုံးဖြစ်ကြောင်း ကောင်းလီ ရိပ်မိလိုက်၏။

အဘိုးအိုသည် ပစ္စည်းလက်ခံကာ ကျသင့်ငွေ ချေလိုက်သည်။

ပစ္စည်းပိုင်ရှင်က ဂိုင်းဝန်းထမ်းပိုး သယ်ဆောင်ပေးခဲ့သော ကောင်းလီတို့ ကောင်လေးတစ်စုကို မုန့်ဖိုးပေး၏။

ထို့နောက် အားလုံးပြန်ထွက်သွားသောအခါ ကောင်းလီ ပါမသွားတော့ပါ။

ကောင်းလီသည် ခြံဝင်းအတွင်းရှိ ပန်းပင်များကြား၌ ပုန်းအောင်းရင်း ကျန်ရစ်ခဲ့လေ၏။

\+ * \+

ကောင်းလီသည် ပန်းပင်များကြားထဲ၌ ပုန်းအောင်းကာ ကျန်ရစ်ခဲ့၏။

အဘယ်ကြောင့် ထိုသို့ပြုလုပ်မိသည်ကို မစဲခဲ့နိုင်တော့ပါ။



သိုင်းဆရာကြီးလိဖုံးဆိုသော အဘိုးအိုသည်လည်း ပစ္စည်းများ လက်ခံယူပြီးကတည်းက အိမ်အပြင် ထွက်မလာတော့ပါ။

သိုင်းလေ့ကျင့်ခဲ့သည့် လိဖုံး၏တပည့်နှစ်ယောက်ကိုလည်း မတွေ့ရပါ။

ကောင်းလီသည် ပန်းပင်များကြား၌ ပုန်းအောင်းရင်း ခမ်းနားထည်ဝါလှသော အဆောက်အဦးကြီးကို ငေးကြည့်နေမိသည်။

သို့ဖြင့်....

အချိန်အတန်ကြာတော့မှ သူ၏ဘဝသည် အားငယ်ခြင်း၊ စိတ်ပျက်ခြင်းများ ပြည့်လျှံနေရကား အားကိုးအားထားပြုလိုက်သည့်သဘောဖြင့် သိုင်းဆရာကြီး လိဖုံးထံသို့ လာမိခြင်းဖြစ်ကြောင်း၊ ပန်းပင်များကြား ပုန်းအောင်းနေခဲ့မိခြင်းဖြစ်ကြောင်း မိမိကိုယ်ကို နားလည်သဘောပေါက်လာလေသည်။

သိုင်းဆရာကြီးလိဖုံးသည် သူအားကိုးရမည့်သူ ဖြစ်ပါသလော။

လိဖုံးကိုသာမက လိဖုံးနှင့် သူ၏ တပည့်နှစ်ယောက်ကိုပါ အရိပ်အရောင်ပင် မမြင်ရချေ။

ခြံဝင်းကြီးတစ်ခုလုံး အုံ့ညလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ကြာသော်....

ကောင်းလီ ပျင်းရိငြီးငွေ့လာသည်။

တစ်ချိန်လုံး ပင်ပန်းသမျှ ပန်းဥယျာဉ်အတွင်း၌ လ[...] ရောက် အပန်းဖြေသလို ရှိနေရကား ပန်းပင်များကြား၌ ခွေခွေလေး လဲကျအိပ်ပျော်သွားလေတော့သည်။

* * *

အချိန် မည်မျှကြာသွားမှန်း မသိ။

ကောင်းလိသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေရာမှ ကျယ်[...] လောင်သော စကားသံတစ်ခုကြောင့် လန့်နိုးလာလေ၏။

ကောင်းလိ ကပျာကယာ လူးလိမ့်ထလိုက်၏။

ဤတွင်....

သူ၏အနီးသို့ရောက်ရှိနေသော ဆရာကြီးလိဖုံးအား ရှေ[...] မြင်လိုက်ရလေသည်။

'ဟင်....'

ကောင်းလိ အထိတ်တလန့်ဖြစ်သွား၏။

မလုံမလဲဖြင့် ပြေးပေါက်ရှာလိုက်လေ၏။

သို့သော်....

ထွက်ပြေး၍ရမည်မဟုတ်ကြောင်း စိတ်ထဲမှ အလိုလိုသိ[...] ပါသည်။



ဆရာကြီးလိဖုံးက....

'မင်းဟာ မနက်ကပစ္စည်းလာပို့တဲ့အဖွဲ့နဲ့ လိုက်လာခဲ့တဲ့ ကောင်လေးမဟုတ်လား'

ဟု မေးလေသည်။

ကောင်းလိ ခေါင်းညိတ်လိုက်သည်။

'ဟုတ်....ဟုတ်ပါတယ်ခင်ဗျာ'

ဆရာကြီးလိဖုံးက....

'နေပါဦး၊ ကျန်တဲ့သူတွေကထွက်သွားပြီ၊ မင်းက ဘာကြောင့် ထွက်မသွားဘဲ ပန်းပင်တွေကြားထဲ ဝင်ပုန်းနေရတာလဲ'

သကျာမကင်း မေးလာလေသည်။

ကောင်းလိက....

'ကျွန်.... ကျွန်တော် ခိုးဖို့ဝှက်ဖို့ တမင်ပုန်းနေရစ်ခဲ့တာ မဟုတ်ပါဘူးခင်ဗျာ'

တုန်တုန်ယင်ယင်ဖြင့် ပြောလိုက်သည်။

ဆရာကြီးလိဖုံးက....

'ဒါဖြင့် မင်း ခုလိုပုန်းနေတာ ဘာသဘောလဲ'

'ကျွန်....ကျွန်တော်'

'မင်း အမှန်အတိုင်းပြောရင် မင်းကို ငါ အပြစ်ယူမှာ မဟုတ်ဘူး'

ဆရာကြီးလိက တည်ကြည်သောမျက်နှာထားဖြင့် ပြောလာလေသည်။

ကောင်းလိက....

'ကျွန်....ကျွန်တော် တောထဲမှာထင်းကောက်ရင်း ဘ ပြီး ရန်ဖြစ်ခဲ့ကြတာကိုကော တွေ့ခဲ့မိမှာပေါ့'

ကြီးဟာ အစ်ကိုနှစ်ယောက်ကို သိုင်းသင်ပေးနေတာ တွေ့ လို့ပါခင်ဗျာ'

ဆရာကြီးလိဖုန်း မျက်မှောင်ကုတ်သွားသည်။

အနည်းငယ် စဉ်းစားပြီးမှ ဦးခေါင်း တဆတ်ဆတ်ညိတ် ကာ....

'အဲဒီတော့ ဘာဖြစ်သလဲ၊ ပြောပါဦး'

ဟု မေးလေသည်။

ကောင်းလိက....

'ကျွန်....ကျွန်တော်လဲ ဟိုအစ်ကိုကြီးတွေလို သိုင်းပညာ သင်ချင်လို့ပါခင်ဗျာ'

'ဩြော်....'

ဆရာကြီးလိဖုန်းသည် ကောင်းလိ၏ ပုံပန်းသဏ္ဌာန် သေသေချာချာ အကဲခတ်ကြည့်ပြီးလျှင် တစ်စုံတစ် သဘောပေါက်လိုက်ဟန် ရှိလေသည်။

'လက်စသတ်တော့....မင်းဟာ ငါ့ဆီမှာ သိုင်းပညာ ချင်လို့ကိုး'

ဟုလည်း မှတ်ချက်ချလိုက်၏။

ကောင်းလိက....

'ဟုတ်....ဟုတ်ပါတယ်ဗျာ'

ဆရာကြီး လိဖုန်းက....



'မင်းက....ငါ့တပည့် နှစ်ယောက် အရက်မူး အပျော်လွန် ပြီး ရန်ဖြစ်ခဲ့ကြတာကိုကော တွေ့ခဲ့မိမှာပေါ့'

'ဟုတ်....ဟုတ်ကဲ့....တွေ့ခဲ့ပါတယ်'

'အေး....ငါ့တပည့်တွေဟာ ငါသင်ပေးတဲ့ ပညာကို အလွဲ သုံးစား လုပ်ခဲ့တာကြောင့် ရှေ့ဆက် သင်မပေးတော့ဘဲ ငါ့ဆီက မောင်းထုတ်ပစ်လိုက်ပြီ'

'ခင်ဗျာ'

ကောင်းလိ ကြောင်အမ်းအမ်း ဖြစ်သွားလေ၏။

ဆရာကြီးလိဖုန်းက....

'ငါ့တပည့် နှစ်ယောက်ကြောင့် ငါအရှက်ရခဲ့တယ်၊ ဒါ ကြောင့် သူတို့ကို မောင်းထုတ်ပစ်လိုက်ပြီး နောက်ထပ်တပည့် မမွေးတော့ဘူးလို့လဲ ငါဆုံးဖြတ်ထားတယ်၊ ကဲ....မင်းလှည့် သွားပေတော့'

လက်ငှေ့ယမ်းကာ ပြောလိုက်လေ၏။

ကောင်းလိမှာ ရင်ထဲ ဟာသွား၏။

တည်ကြည်လွန်းသော ဆရာကြီး လိဖုန်းအား စောဒက တက်ဝံ့ခြင်း မရှိပါချေ။

'ကောင်းပါပြီ..ခင်ဗျာ'

ထစ်ထစ်ငေါ့ငေါ့ ပြောရင်း ခြံဝင်းအတွင်းမှ ခပ်သုတ် သုတ်လေး ထွက်လာခဲ့ရလေတော့၏။

## အပြောင်းအလဲ

ငါးရက်....

ငါးရက်ဟူသော အချိန် ကုန်ဆုံးသွားပြီ ဖြစ်လေ၏။

ထိုငါးရက် အတွင်း၌ ထုံးစံအတိုင်း ကောင်းလိသည် နံနက်မိုးလင်းချိန်မှစ၍ နေဝင်မိုးချုပ်သည်အထိ ပင်ပန်းကြီး စွာ လုပ်ကိုင်ခဲ့ရ၏။

ရှာဖွေ၍ ရလာသမျှကို ပထွေးဖြစ်သူ လက်ထဲအကုန်အပ် ရလေ၏။

ကောင်းလိတို့ သားအမိမှာ မထွေး အရက်သမား၏ နှိပ် စက်မှုကို ခါးစည်းပြီး ခံနေကြရတော့၏။

ထိုမျှမကသေး။



ကျောက်ဖြူနှမ်း ကောင်ဆိုးလေးတို့ လူစုသည် ကောင်းလိ အား မတွေ့နှင့် တွေ့သည်နှင့် နေရာတွင် နိုင်ထက်စီးနင်း ပြု လုပ်ခြင်းကို ခံရလေ၏။

ကြာသော်....

ကောင်းလိ စိတ်ကုန်လာ၏။

အားလုံးနှင့် ဝေးရာသို့ ထွက်ပြေးသွားလိုစိတ်များ ဖြစ် ပေါ်လာလေ၏။

သူ၏ မိခင်သာ မရှိလျှင် တကယ်ပင် ထွက်ပြေးမည် ဖြစ် လေ၏။

မိခင် ဖြစ်သူကိုတော့ ကောင်းလိ အလွန် ချစ်မြတ်နိုးပါ သည်။

သူ့ဘဝအတွက် တွယ်တာစရာတစ်ခုတည်းသော သံယော ဇဉ် မဟုတ်ပါလား။

သူက ရှာဖွေပေးနိုင်လျှင် ပထွေးဖြစ်သူ ကြည်ဖြူမည်၊ မိခင်ကြီးလည်း အနှိပ်စက်ခံရသည့် ဘေးမှ ဝေးမည်ဖြစ်ရာ အရှယ်နှင့် မလိုက်အောင် ရှန်းကန် ရှာဖွေနေခြင်း ဖြစ်လေ သည်။

ခြောက်ရက်မြောက်သောနေ့....

ကောင်းလိသည် တောထဲ၌ ထင်းခွေသွားပြီး ထင်းစည်း ကြီးများ မနိုင်မနင်း ထမ်းကာ အိမ်ပြန်လာခဲ့၏။

ယနေ့တွင်....

ကောင်းလိသည် ခါတိုင်းနေ့များထက် စောပြီး အိမ်သို့ ပြန်ရောက်လာခြင်း ဖြစ်ပါ၏။

ကောင်းလီသည် ထင်းစည်းကြီး အိမ်ရှေ့တွင် ဝှန်းခ
မြည်အောင် ပစ်ချရင်း....

'မေမေ....မေမေ'

ဟု တကျော်ကျော် ခေါ်လေ၏။

ထုံးစံအတိုင်း သူ၏ တစ်ကိုယ်လုံး ညစ်ပတ် ပေကျံက
ချွေးပြိုက်ပြိုက် စိုရွှဲနေပါ၏။

နေပူထဲမှ ပြန်လာရခြင်းကြောင့် မေ့ပန်းကာ ရေဆာ
နေ၏။

ရေငတ်လွန်းသဖြင့် မိခင်ကိုခေါ်ရင်း အိမ်ရှေ့ရေအိုးစ
ရှိရာသို့ သွားလိုက်လေ၏။

ထိုစဉ်မှာပင် အိမ်ထဲမှ စကားသံများ ထွက်ပေါ်လာ
သံည်ကို အမှတ်မထင် သတိပြုမိလိုက်၏။

သူ၏ မိခင်သာမက ပထွေးဖြစ်သူပါ ရှိနေသလို အခြာ
လူစိမ်းဧည့်သည် တစ်ယောက်လည်း ရောက်ရှိနေပုံ ရ
သည်။

သူ့အသံကြောင့်....

'ဟော....သားလေးတောင်မှ ထင်းခွေရာက ပြန်ရော
လာပြီ။

မိခင့်ဖြစ်သူ ပြောလိုက်သော စကားသံကို အတိုင်းသ
ကြားရသလေ၏။

တစ်ဆက်တည်းမှာပင်....

'သားလူလေး လာပါဦးကွယ်'

မိခင်ကြီးက သူ့အား လှမ်းခေါ်လာလေ၏။



'လာပါပြီ....မေမေ'

သူက လှမ်းသွားလိုက်၏။

အိမ်ထဲ လှမ်းဝင်လိုက်သည်နှင့် လူစိမ်းဧည့်သည်ကို တွေ့
မြင်လိုက်ရလေ၏။

'ဟာ'

ကောင်းလီ လွှတ်ခနဲ အော်လိုက်မိ၏။

အကြောင်းမှာ

သူတို့အိမ်သို့ ရောက်ရှိနေသော ဧည့်သည်မှာ သိုင်းဆရာ
ကြီး လီဖုန်း ဖြစ်နေသည် မဟုတ်ပါလား။

လီဖုန်းသည် အဘယ်ကြောင့် ရောက်လာခဲ့ရပါသနည်း။

မိခင်ဖြစ်သူက ကောင်းလီ တွေတွေလေး ငေးနေသည်ကို
မြင်လျှင်

'သား....ဘာငေးနေတာလဲ၊လာလေ ဆရာကြီးကို ဂါရဝ
ပြုလိုက်ဦး'

ဟု လှမ်းခေါ်လာ၏။

သူက ရှေ့သို့ လှမ်းသွားပြီး လီဖုန်းအား ဂါရဝပြုလိုက်
လေ၏။

လီဖုန်းက ပြုံးနေ၏။

တစ်စုံတစ်ခုကို သဘောကျသည့် အလား ဦးခေါင်းကို
တဆတ်ဆတ် ညိတ်လိုက်လေ၏။

ကောင်းလီ၏ မိခင်ကို ကြည့်ကာ..

‘ကျုပ်က ဒီကလေး တစ်နေ့ လူတော် လူကောင်းလေး ဖြစ်အောင် ကျုပ်က အစစအရာရာ တာဝန်ယူပါ့မယ်၊ သို့ ပညာလဲ သင်ပေးပါ့မယ်၊ ကျုပ်ကို စိတ်ချစေချင်တယ်’

ဟု ပြောလေ၏။

ကောင်းလိမိခင်က…

‘အို….စိတ်ချပါတယ်ရှင်၊ ကျွန်မသားလေးရဲ့ ရှေ့ရေး အတွက် စိတ်အေးရပြီပေါ့၊ ဆရာကြီးရဲ့ ကျေးဇူးကို ဘယ်လို ပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူးရှင်’

သူမသည် ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် စီးကျ လာလေတော့၏။

ကောင်းလိလည်း ယခုမှပင် သူ့အတွက်နှင့် ဆရာကြီးလိ ဖုန်း ရောက်လာခြင်းဖြစ်ကြောင်း သိလိုက်ရ၏။

ဆရာကြီး လိဖုန်းသည် သူ့အား အစစအရာရာ တာဝန်ယူ မည့်အပြင် သိုင်းပညာပါ သင်ပေးမည်ဟု သူ၏ မိခင်ထံ ကတိပြုနေသည် မဟုတ်ပါလား။

ကောင်းလိမှာလည်း ဝမ်းသာလွန်းသဖြင့် ကတုန်ကယင် ကြီး ဖြစ်လာရတော့၏။

သူတို့သားအမိ ဝမ်းသာနေချိန်တွင် အရက်သမားပထွေး က ဖောက်လာလေတော့၏။

‘ဆရာကြီးက ဒီကောင်လေးကို ခေါ်သွားတာတော့ဟုတ် ပါပြီ၊ ကျုပ်တို့က ဘယ်သူ့ကို သွားခိုင်းရမှာလဲ’



လိဖုန်းက ကောင်းလိ၏ပထွေးဖြစ်သူ ချိုပင်းကိုလှမ်းကြည့် လိုက်လေ၏။

ချိုပင်း၏ပါးစပ်မှ အရက်နံ့တထောင်းထောင်း ထနေ ပါ၏။

မျက်နှာကြီးလည်းနီရဲဖောသွပ်နေ၏။

အရက်သောက်ဖို့မှလွဲပြီး အခြားဘာကိုမှ စိတ်ဝင်စား ခြင်း မရှိသူဖြစ်ကြောင်း ထင်ရှားနေ၏။

ချိုပင်းက….

‘ဒီကောင်လေးကို နွားတစ်ကောင်လိုခိုင်းစားနေရတာဗျ ကျုပ်တို့မှာ ဘာဝင်ငွေမှရှိတာ မဟုတ်ဘူး၊ သူက တစ်နေ့ကို ငွေတစ်ဆယ်မျိုး နှစ်ဆယ်မျိုး ရှာပေးနေတာ၊ သူမရှိတော့ ဘူးဆိုရင် ဘယ်လိုလုပ်ရမလဲ’

ဟု အရှက်အကြောက်ကင်းမဲ့စွာ ဝင်ပြောလေ၏။

ကောင်းလိ၏မိခင် ဆွေရှမ်း မျက်နှာပျက်သွား၏။

လိဖုန်း၏လက်ထဲ ရောက်သွားလျှင် သားလေးကောင်းလိ မှာ ကောင်းစားလာမည် ဖြစ်၏။

ဘဝရှေ့ရေးအတွက် တွေးတောပူပန်စရာ မလိုတော့ပါ။

အိမ်၌ထားလျှင် ကြာသော်လည်း လမ်းပေါ်၌ ပျက်စီး သွားနိုင်သည်။ သို့မဟုတ်လျှင်လည်း ဒဏ်ပိကာ လူစဉ်မမီဖြစ် သွားနိုင်သည်ဟု ယုံကြည်လေ၏။

ခင်ပွန်းသည် ကပျက်ယပျက်လုပ်သည်ကို မလိုလားချေ။

ထို့ကြောင့်..

'မပူစမ်းပါနဲ့ရှင်၊ ရှင့်အတွက် လုပ်ကျွေးပြုစုဖို့ ကျွန်မတစ်ယောက်လုံး ရှိနေတာပဲမဟုတ်လား'

ဟု ပြောလိုက်၏။

ချိုပင်းက....

'တောက်....နင့်ပါးစပ် ပိတ်ထားလိုက်စမ်း၊ နင်တို့ သားအမိနှစ်ယောက် ရှာနေတာတောင် ငါ အရက်သောက်တာ ဝဝသောက်ရတယ်လို့ ဘယ်နှစ်ခါရှိသလဲ၊ အပိုတွေ ပြောမနေနဲ့'

ဒေါသတကြီး တက်ခေါက်ကာ အော်ငေါက်လိုက်၏။

အွေရှမ်း ရှက်လည်းရှက် ဒေါသလည်းထွက်သွား၏။

သားဖြစ်သူ၏ တက်လမ်းကို ပိတ်ပင် တားဆီးနေခြင်းကြောင့် မခံမရပ်နိုင်တော့ဘဲ....

'ကျွန်မသားကိစ္စ ကျွန်မစီစဉ်နေတာ ရှင် ဘာမှ ဝင်မပြောနဲ့'

ဟု ခံပြောလိုက်မိတော့၏။

ချိုပင်း ပိုပြီး ဒေါပွသွား၏။

'အံမယ်...ခွေးမက ငါ့ကို ခံပြောတယ်ပေါ့လေ၊ သိကြသေးတာပေါ့'

လူရှေ့သူရှေ့မရှောင် သူ ရိုက်မောင်းပုတ်မောင်းလုပ်ရန် ဟန်ပြင်လိုက်၏။



ကောင်းလိသည် ဆိုးရွားလှသော အဖြစ်ကို ငေးကြည့်ရင်း မျက်ရည်များ စီးကျလာ၏။

'အဟမ်း....

ဆရာကြီးလီဖုံးလည်း မနေနိုင်တော့ဘဲ ချောင်းဟန့်ကာ-

'ဒီကိစ္စကိုလဲ ကျုပ်ကပဲဖြေရှင်းပေးပါ့မယ်၊ ဒီကလေးကို ကျုပ်က ခေါ်ယူထားတဲ့အတွက် ခင်ဗျားတို့ဝင်ငွေ မနစ်နာစေရပါဘူး၊ ကျုပ်ကလဲ့ လစဉ်မှန်မှန် တစ်လကို ငွေတစ်ထောင်နှုန်း ထောက်ပံ့သွားပါမယ်'

ဟု ပြောလိုက်၏။

ထိုစကားကြားလျှင် ချိုပင်း၏ ဒေါသများ ဘယ်ဝယ်တယ်ဆီ ရောက်သွားသည် မဆိုနိုင်တော့ပါ။

ဆရာကြီးလီဖုံးဘက်သို့ လှည့်ပြီး....

'တကယ်ပြောတာလားဗျ'

ဟု အလောတကြီးမေးလိုက်၏။

ဆရာကြီးလီဖုံး ခေါင်းညိတ်လိုက်၏။

'ကျုပ်ပြောတဲ့စကားကို ကျုပ်တာဝန်ယူပါတယ်'

'ဟား....ဟား....ဟား'

ချိုပင်းက ဟားတိုက်ရယ်မောလိုက်၏။

'သိပ်ကောင်းတာပေါ့ဗျာ၊ လစဉ် ငွေတစ်ထောင်မှန်မှန်ရမယ် ဆိုရင် ဘာလိုသေးသလဲ ဆရာကြီး၊ ဒီနွားလေးကို မြန်မြန်သာ ခေါ်သွားပါတော့ဗျာ'

ဟု ပြောလိုက်၏။

ဤသို့ဖြင့်....

ကောင်းလိသည် အမှန် စိတ်ပျက်ဖွယ်ကောင်းသောဘ[ဝမှ]
စိတ်အေးချမ်းသာမှု အပြည့်အဝရရှိသော ဆရာကြီးလိ[၏]
ထံသို့ ရောက်ရှိသွားခဲ့လေတော့၏။

ကောင်းလိ၏ ဘဝအတွက် ကြီးစွာသောအပြောင်းအ[လဲ]
တစ်ရပ်ပေတကား....

---

## စိဆက်ကြမ္မာ

တစ်နှစ်—
နှစ်နှစ်....
သုံးနှစ်....

အချိန်ကာလများ ရွေ့လျားသွား၏။
နွေ၊ မိုး၊ ဆောင်း ရာသီဥတု အလီလီပြောင်းလဲသွား၏။
ထို့အတူ....

ကောင်းလိ၏ဘဝသည်လည်း အပြောင်းလဲကြီး ပြောင်းလဲလာခဲ့၏။

ဆရာကြီးလိဖုံးက သူ့အား သားအရင်း တစ်ယောက်ပမာ သဘောထားကာ ပြုစုစောင့်ရှောက်ခဲ့၏။

စာပေ ပညာ သင်ပေး၏။ သိုင်းပညာသင်ပေး၏။

အိမ်ကိုပြန်ခွင့်တော့ မပြုပါ။

သို့သော်..

လစဉ်မှန်မှန် ငွေတစ်ထောင် လာယူသော မိခင်နှ

ကောင်းလီ တွေ့ခွင့်ရလေ၏။

ကောင်းလီ၏မိခင်သည် ကောင်းလီထံသို့ရောက်လာလေ

တိုင်း ပျော်ရွှင်ကြည်နူးနေသည်ကို တွေ့ရ၏။

ပထွေးချိုပင်း၏ ကောင်းကြောင်းကိုလည်း ရှန်းရှန်

ဝေအောင် ပြောဘတ်၏။

ချိုပင်းသည် အရက်ဖြတ်လိုက်ပြီဖြစ်ကြောင်း သူမနှ

ဒိုးတူပေါင်ဖက် ကောင်းကောင်းမွန်မွန် လုပ်ကိုင် စာ

သောက်လျက် ရှိကြောင်းများ ပြောပြလေ၏။

ထို့ကြောင့်လည်း....

ကောင်းလီမှာ မိခင်ကြီးအတွက် စိတ်အေးရတော့၏။

နောက်ကြောင်းအေး၍ ဆရာကြီးလိဖုံး သင်ပေးသေ

စာပေ ပညာနှင့် သိုင်းပညာကိုကြိုးစားလေ့လာသင်ကြာ

နိုင်ခဲ့၏။

ကောင်းလီသည် ဘဝတိုးတက်မှုကို အငမ်းမရ လိုချ

မက်မောသူဖြစ်ရကားသုံးနှစ်သုံးမိုး အချိန်ကုန်ဆုံးသွားပြ

နောက် စာတတ်ပေတတ် ဖြစ်လာ၏။

သိုင်းပညာအရာ၌လည်း ဆရာဖြစ်သူ၏ ခြေရာကို နင်

နိုင်အောင်ပင် တတ်မြောက်ကျွမ်းကျင်လာ၏။



ဆရာကြီးလိဖုံးက, သိုင်းပညာနှင့်ပတ်သက်၍....

'ကောင်းလီ....သိုင်းပညာဆိုတာ လေ့လာရင် လေ့လာ

နိုင်သလောက် အကျိုးထူးလိမ့်မယ်၊ အသက်ထက်ဆုံး လေ့

လာဖို့ ငါ့ရဲ့ပညာကိုတော့ အကုန်စင်သင်ပေးပြီးပြီ။ သိုင်း

လောကထဲဆွက်ပြီး တခြားပညာတွေကို လေ့လာဖို့ပဲ လို

တော့တယ်....

'ဒါကြောင့် မကြာခင်မှာ သိုင်းလောကမှာရှိနေတဲ့ ငါ့ရဲ့

မိတ်ဆွေတွေဆီ မင်းကိုလွှတ်ပြီး သူတို့ဆီမှာ ပညာဆည်းပူး

ခိုင်းမယ်လို့ ငါစိတ်ကူးထားတယ်'

ဟု ပြောပြလေသည်။

ကောင်းလီကား ဆရာကြီးလိဖုံး၏ကျေးဇူးများ တစ်နေ့

ပြန်ဆပ်နိုင်အောင် ကြိုးစားမည်ဟု သန္နိဋ္ဌာန်ချထားလေ၏။

သို့သော်....

သူ၏ဘဝသည် သာယာဖြောင့်ဖြူးခြင်းမရှိဘဲ သောက

မုန်တိုင်းတိုက်ခတ်ခြင်း ခံရကာ မျှော်လင့်ချက်များ ဖရိုဖရဲ

ပျက်စီးပျောက်ကွယ်သွားမည့် အဖြစ်ဆိုးနှင့် မထင်မှတ်ဘဲ

ကြုံတွေ့ရမည်ကိုသာ ကြိုတင်သိနိုင်စွမ်းခဲ့မည် ဆိုပါလျှင်....

* * *

လစဉ် လကွယ်နေ့သို့ ရောက်လေတိုင်း ဆွေရှမ်းသည် ဆရာကြီးလိဖုံးထံမှ ထောက်ပံ့ကြေးကို လာရောက်ယူငင်လေ့ ရှိသည်။

ထိုနေ့တွင်မှာပင် သားအမိနှစ်ယောက် ဆုံတွေ့ကြရလေ သည်။

ကောင်းလီသည် လကွယ်နေ့သို့ ရောက်သောအခါ မိခင် ကြီးအား မျှော်မိလေသည်။

သို့သော်....

မိခင်ဖြစ်သူဆွေရှမ်း ရောက်မလာချေ။

နောက်နေ့မှ လာလိမ့်မည်ဟုယူဆကာ စောင့်နေပါသော် လည်း နောက်ထပ် နှစ်ရက် သုံးရက်ကြာသည်အထိ ရောက် မလာပါ။

ပထွေးဖြစ်သူချိုပင်း၏ အရိပ်အယောင်လည်းမတွေ့ရပါ။

အကြောင်း တစ်စုံတစ်ရာရှိ၍ ဆွေရှမ်း မလာနိုင်လျှင် ချိုပင်းက လာရောက် အကျိုးအကြောင်းပြောဖို့ ကောင်း သည် မဟုတ်ပါလား။

ကောင်းလီသည် မိခင်အတွက် စိုးရိမ်ပူပန်လာသည်။

မနေနိုင်တော့သည့်နောက်ဆုံး အိမ်သို့ ခေတ္တပြန်ခွင့်ပြုပါ ရန် ဆရာကြီးလိဖုံးထံသို့ ရောက်လာခဲ့ပြီး သုံးနှစ်ကျော်



ကာလကြာအောင် ခြံဝင်းအတွင်းမှ လုံးဝမထွက်ဘဲ နေထိုင် ခဲ့သူ ဖြစ်ပေသည်။

ကောင်းလီ အိမ်ပြန်ရောက်လာသောအခါ....

* * *

ကောင်းလီမှာ အသက်ဆယ့်ရှစ်နှစ်တင်းတင်းပြည့်ခဲ့ပြီဖြစ် ပါသည်။

ယခင်ကလို အရိုးပေါ်အရေတင် ပိန်ချုံးချည့်နဲ့နေသော ကောင်လေးတစ်ယောက် မဟုတ်တော့ပါ။

ယောကျ်ားပီသစွာ ချောမောခန့်ညားပြီး ကျားကျား လျားလျားရှိသော လူငယ်လေးတစ်ယောက်အသွင် ပြောင်း လဲနေပြီ ဖြစ်သည်။

ကောင်းလီသည် ဆရာကြီးလိဖုံးထံမှ ထောက်ပံ့ငွေကို ယူကာ အိမ်သို့ပြန်လာခဲ့လေသည်။

အချိန်ကာလ ပြောင်းလဲသွားသလို ကောင်းလီတို့ မြို့က လေးမှာလည်း ယခင်ထက်ပို၍ စည်စည်ကားကားဖြစ်လာ ပေသည်။

အိမ်အသစ်၊ အဆောက်အဦအသစ်များ တိုးပွားလ
သလို ကောင်းလိ တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးသောမျက်
စိမ်းများကိုလည်း တွေ့မြင်လာရလေသည်။

ကောင်းလိသည် တိုဟိုသည်သည် ငေးမောကြည့်မနေ
အားတော့ပါ။

မိခင်ဖြစ်သူအား စိုးရိမ်ပူပန်နေခြင်းကြောင့် သူတို့အိ
ကလေးဆီသို့သာ ဦးတည်ကာ ခပ်သွက်သွက် လှမ်းသွ
လိုက်လေသည်။

သို့ဖြင့်....

မြို့စွန် ဆင်းရဲသားရပ်ကွက်ရှိ သူ၏အိမ်ကလေးသို့ ပြ
လည် ရောက်ရှိသွားလေသည်။

ရာသီဥတု အလီလီ ပြောင်းလဲသွားသော်လည်း ဆင်း
သား ရပ်ကွက်လေးကား ပြောင်းလဲခြင်း မရှိသေးပါချေ

ပို့ရှုပင် စုပ်ပြတ်နှံ့ချာလာသည် ထင်ရသည်။

လမ်းပေါ်တွင် ချိုင့်များကျင်းများ ထူပြောလှသည်

မကောင်းသော အနံ့အသက်များ တထောင်းထော
ထအောင်ပင် အမှိုက်သရိုက်များဖြင့် ရှုပ်ပွနေသည်။

အဝတ်မကပ်ဘဲ ညစ်ပေနေသော ကလေးငယ်များသည
ပြေးလွှားဆော့ကစား နေကြသည်။

ခွေးလေခွေးလွင့်က အိမ်ကြိုအိမ်ကြားမှ ဟောင်နေ

အဝေး၌ အိမ်တစ်အိမ်မှ ရန်ဖြစ်ဆဲဆိုသော အသံမျ
လည်း အတိုင်းသားကြားနေရသည်။

ကောင်းလိ ပင့်သက်ရှိုက်လိုက်မိသည်။



သူသည် ထိုသို့သောနေရပ်မျိုးတွင် မွေးဖွားကြီးပြင်း
လာခဲ့သည် မဟုတ်ပါလား။

ကောင်းလိသည် သူ၏အိမ်ကလေးဆီသို့ ခပ်သွက်သွက်
လှမ်းသွားလိုက်ပြန်သည်။

မကြာပါချေ။

သူနေထိုင်ခဲ့သော၊ သူ၏မိခင် နေထိုင်လျက်ရှိသော အိမ်
ကလေးဆီသို့ ရောက်ရှိသွားလေသည်။

သူတို့အိမ်ကလေးကား ပို၍ပျက်စီးယိုယွင်းကာ မြို့ကျလု
ဆဲဆဲ ဖြစ်နေပါသည်။

အခြားသောအိမ်များနှင့် မလှမ်းမကမ်းတွင် တစ်အိမ်
တည်း သီးသန့်ရှိနေခြင်း ဖြစ်သည်။

ကောင်းလိ မျက်နှာပျက်သွားသည်။

'မေမေပြောတော့ အိမ်ကိုအသစ်ပြန်ပြီးပြုပြင်ထားတယ်
တဲ့၊ ခုတော့ လေပြင်းပြင်းတိုက်တာနဲ့ ပြိုတော့မယ့်အတိုင်းပဲ၊
ဘယ်လိုဖြစ်တာလဲ'

ဟု ရေရွတ်လိုက်မိသည်။

ဆရာကြီးလိဖုံး ထောက်ပံ့သည့် လစဉ်ငွေတစ်ထောင်
သည် လုံလောက်ရုံမျှမကဘဲ ပိုလျှံနေပါသေးသည်။

စည်းကမ်းစနစ်တကျ သုံးစွဲမည်ဆိုပါက သုံးနှစ်တာ
ကာလအတွင်း ငွေအများအပြား ပိုလျှံလာမည်ဖြစ်သည်။

အိမ်အသစ်တစ်လုံး ကောင်းစွာ ဆောက်နိုင်သည့်အပြင်
အိမ်ထောင်ပရိဘောဂ ပစ္စည်းများ စုံလင်စွာ ဝယ်ယူနိုင်ပေ
လိမ့်မည်။

ယခုမူ....

ကောင်းလိသည် အိမ်ရှေ့သို့ မည်သို့မည်ပုံ ရောက်သွားသည်ကိုပင် သတိမပြုမိနိုင်တော့ချေ။

အိမ်ရှေ့ရောက်သည်နှင့်....

'မေမေ....မေမေ'

ဟု ခေါ်ကာ အိမ်ထဲလှမ်းဝင်လိုက်လေသည်။

အိမ်ထဲ၌ ရှုပ်ပွနေသလို ညစ်ပတ်ပေကျံနေလေသည်။

ပထွေးဖြစ်သူချိုပင်းကို မတွေ့ရပါ။

'မေမေ'

ကောင်းလိ စိုးရိမ်ပူပန်လာလေသည်။

အိမ်ထဲရောက်သွားသည်နှင့် သူတွေ့လိုသော မိခင်ကြီးအား တွေ့မြင်လိုက်ရလေတော့သည်။

\+ * +

ကောင်းလိ၏မိခင် ဆွေရှမ်းသည် အိမ်ထဲ၌ပင် ရှိနေပါသည်။

သူမသည် ကောင်းလိ၏ခေါ်သံကို ကြားပါသည်။ သို့သော်...



ကောင်းလိအား ထွက်၍မကြိုဆိုနိုင်တော့သည့် အခြေအနေ ရောက်နေသည် မဟုတ်ပါလား။

ဆွေရှမ်းသည် ကြမ်းပြင်ပေါ်၌ ခင်းထားသော ဖျာစုတ်ကလေးပေါ်ဝယ် ခွေခွေကလေး လဲလျောင်းကာ မသဲမကွဲ ညည်းတွားနေ၏။

'မေမေ'

ကောင်းလိသည် မိခင်ကြီး၏ ဘေးသို့ လှစ်ခနဲ ရောက်သွား၏။

ဆွေရှမ်းကား မှတ်မိစရာ မရှိတော့ လောက်အောင်ပင် အပြောင်းလဲကြီး ပြောင်းလဲသွားပြီ ဖြစ်ပါ၏။

သူမ၏ မျက်နှာတွင် မီးလောင်ဒဏ်ရာများ ပြည့်နှက်နေလေသည်။

အညိုအမည်းစွဲကာ နှုတ်ခမ်းများ ပေါက်ပြဲနေ၏။

ဆိုးဝါးသည်မှာ....

သူမ၏ တစ်ကိုယ်လုံးကို ငါးတစ်ကောင်အား မွှန်းထားသည့်ပမာ ခါးဖြင့်မွှန်းထားသည့် ဒဏ်ရာများ ရရှိထားခြင်းပင်တည်း။

အချို့ ဒဏ်ရာများကား အပေါ်ယံမျှသာ ဖြစ်သော်လည်း အချို့ ဒဏ်ရာများက နက်ရှိုင်းပေ၏။

ဒဏ်ရာများသည် ပြည်တည်ကာ ယောင်ကိုင်းနေ၏။

ညှီစို့စို့ အနံ့များ ထွက်ပေါ်နေ၏။

ကောင်းလိမှာမူ မရှုံမရှာနိုင်ဘဲ မိခင်၏ လက်ကို ဆုပ်ကိုင်ရင်း....

'ဘယ်လိုများ ဖြစ်နေတာလဲ မေမေရယ်'

ဟု ညည်းတွားလိုက်၏။

ဆွေရှမ်းက မျက်လုံးဖွင့်ကြည့်လိုက်၏။

သို့သော်....

သူမ၏ မျက်လုံးများ ပြာဝေကာ ကောင်းလိကို တွေ့မြင်နိုင်ခြင်း ရှိပုံမရပေ။

'သား....သား လူလေး'

အနိုင်နိုင် ကြိုးစားရင်း ခေါ်လာ၏။

ကောင်းလိက....

'ဘယ်လိုဖြစ်ရတာလဲ မေမေရယ်၊ ဒါဟာ ဟိုလူယုတ်မာကြီးရဲ့ လက်ချက်ပဲ မဟုတ်လား'

ချိုပင်းက အရက်မူးလာတိုင်း အကြောင်းမရှိအကြောင်းရှာကာ ဆွေရှမ်းအား နှိပ်စက်လေ့ရှိ၏။

ယခုလည်း

ချိုပင်းက လူမဆန်စွာ နှိပ်စက်ထားခြင်း ဖြစ်ကြောင်း ကောင်းလိ ရိပ်မိလေ၏။

ဆွေရှမ်းက....

'သား လူလေး မေမေ့ကို ခွင့်လွှတ်ပါတော့ကွယ်'

မိမိ ကောင်းမွန်စွာ နေထိုင်ကာ ပညာသင်နိုင်ရေး၊ သိုင်းပညာသင်နိုင်ရေး အတွက် မိခင်ဖြစ်သူ ရောက်လာ လေတိုင်း သူမကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေရန် ချိုပင်းသည် လူကောင်း တစ်ယောက် ဖြစ်လာပြီဟု လိမ်ပြောခဲ့ကြောင်း ထင်ရှားနေ၏။



တကယ်တော့....

ချိုပင်း နှိပ်စက်သမျှကို သူမ ခါးစည်း ခံနေခဲ့ရရှာသည် တကား။

ကောင်းလိမှာ ချိုပင်းအပေါ် ဒေါသ မဖြစ်နိုင် အားသေးချေ။

မိခင်ကြီး၏ အခြေအနေ ဆိုးဝါးနေသည်ကို တွေ့လိုက်ရသဖြင့်....

'မေမေ ကျွန်တော် ပြန်ရောက်လာပါပြီ၊ ဘာမှ မပူပါနဲ့နော်၊ သမားတော်ကို ခုချက်ချင်း သွားပင့်လာခဲ့ပါ့မယ်'

ဟု အားပေးစကား ပြောလိုက်၏။

ဆရာကြီး လိဖုံးပေးလိုက်သည့် ငွေဖြင့် သမားတော်ပင့်ဖို့ ဆုံးဖြတ်လိုက်လေ၏။

ဆွေရှမ်းက....

'သား .. လူလေး၊ မေမေလေ....'

သူမ၏ စကားသံ တဖြည်းဖြည်း တိမ်ဝင်သွား၏။

ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားကာ မျက်ဖြူလန်သွားလေ၏။

'မေမေ'

ကောင်းလိ အထိတ်တလန့် ခေါ်လိုက်၏။

ဆွေရှမ်းကား သူ၏ခေါ်သံကို ကြားနိုင်တော့မည်မဟုတ်ပါချေ။

သူမ ရရှိထားသော ဒဏ်ရာများကား ကြောက်ခမန်းလိလိ ဖြစ်လေ၏။

ထိုဒဏ်ရာများဖြင့် လွန်ခဲ့သော ရက်များကပင် သေသ

သွားနိုင်လောက်ပေ၏။

ဆွေရှမ်းကား သားဖြစ်သူကို တွေ့လိုသော ဇောဖြ

အသက်ငင်နေခြင်းပေတကား။

ကောင်းလိက သူမထံသို့ ရောက်လာလေသောအခါ..

'မေမေ'

ကောင်းလိသည် မိခင်ဖြစ်သူ၏ အခြေအနေကို နားလည

လိုက်ပြီး

မိခင်ကို ဖက်ကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတေ

သည်။

* * *

ကောင်းလိက ရှိုက်၍ ငိုကြွေးနေ၏။

သို့သော်...

သူ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာခြင်းမ

တော့ပေ။

မျက်ရည်ဟူသမျှ ခန်းခြောက်ကုန်ပြီ ထင်ရ၏။

ကောင်းလိ၏ ဘဝပေး အခြေအနေကား ဆိုးဝါးလှ

လှ၏။



သူ၏ နှလုံးသားထဲဝယ် နာကြည်း မုန်းတီးခြင်းများက

နက်ရှိုင်းစွာ ထိုးဖောက် နေရာယူထားပြီ ဖြစ်လေ၏။

ဆွေရှမ်း သေဆုံးသွားပြီ ဖြစ်၏။

အချိန်ကြာလာသည်နှင့်အမျှ သူမ၏ခန္ဓာကိုယ်သည် အေး

စက် တောင့်တင်းလာ၏။

ကောင်းလိကား မိခင်ကို ဖက်တွယ်ထားဆဲ....

ရုတ်တရက်....

ခြေသံများ ထွက်ပေါ်လာပြီး အိမ်ထဲသို့ လူတစ်ယောက်

ဝင်လာလေ၏။

ခြေသံကို ကြားလိုက်ရသဖြင့် ကောင်းလိ၏ ခန္ဓာကိုယ်

ဆတ်ခနဲ တုန်ခါသွားလေ၏။

'လူယုတ်မာကြီး'

အံကြိတ်ကာ စိတ်ထဲမှ ရေရွတ်လိုက်၏၊

မိခင်၏ **အလောင်း**ကို လက်လွှတ်ကာ ချာခနဲ လှည့်ကြည့်

လိုက်၏။

ထိုအခါ

သူမျှော်လင့်သလို ချိုပင်းရောက်လာသည် မဟုတ်ဘဲ အိမ်

နီးချင်း အဘွားအို တစ်ယောက် ဖြစ်နေသည်ကို တွေ့လိုက်ရ

လေ၏။

အဘွားအိုသည် သူ့ကိုကြည့်ရင်း....

'လူလေး,...မင်း....မင်း ကောင်းလိ မဟုတ်လား'

ဟု မေးလာ၏။

ထိုအဘွားအိုအား ကောင်းလိက ကောင်းစွာ သိရှိထားသည်။

'ဟုတ်ပါတယ်....ဒေါ်လေးကူး'

သူ၏အသံ ခြောက်ကပ်ကပ် ဖြစ်နေ၏။

ဒေါ်လေးကူးက....

'ကောင်းလိရယ်....မင်းက အခုမှ ပြန်လာရသလား၊ မင်းအမေကို မင်းရဲ့ပထွေးက နှိပ်စက်လိုက်တာများ ပြောတောင်မပြောပြနိုင်တော့လောက် အောင်ပဲ၊ မီးစွဲနေတဲ့ထင်းစနဲ့ တို့တယ်၊ ဓားနဲ့မွှန်းတယ်....။

'....မင်းအမေက ကယ်ပါ ယူပါ အော်လို့ အိမ်နီးချင်းတွေက လာဖျင်ကြပေမယ့် မင်းပထွေးကို ကြောက်လို့ ဘယ်သူမှ လာမဆွဲကြဘူးကွယ့်'

ကောင်းလိ၏ ရင်ထဲ တစစ်စစ် နာကျင်လာ၏။

ဒေါ်လေးကူးက....

'ဟောဟိုမှာ တွေ့လား ဓား၊ အဲဒီဓားနဲ့ မင်းအမေကို မွှန်းတာပေါ့၊ မင်းပထွေးဟာ လူဆိုးတွေနဲ့ ပေါင်းပြီး ခိုးမှုတွေ လုယက်မှုတွေ ကျူးလွန်နေတယ်လို့ ပြောကြတာပဲ'

ကောင်းလိက ဒေါ်လေးကူး ညွှန်ပြသော နေရာကို ကြည့်လိုက်သောအခါ မလှမ်းမကမ်းတွင် ကြမ်းပြင်ပေါ် ကျနေသော ဓားတစ်လက်ကိုတွေ့လိုက်ရလေ၏။

ထိုဓားမှာ ကောင်းလိတို့ မီးဖိုချောင်တွင် အသုံးပြုသည့် ဟင်းသီးဟင်းရွက် လှီးသော ဓားဖြစ်၏။



ဓားဆိုခြင်းထက် သံစည်ပတ်ပြား တစ်ခုကို အရှည် တစ်တောင့်ခန့် ဖြတ်ကာ သစ်သား လက်ကိုင်ရိုး တပ်ထားခြင်း ဖြစ်၏။

ကောင်းလိတို့သည် ဓားတစ်ချောင်းပင် မဝယ်နိုင်သည့် ဘဝမဟုတ်ပါလား။

ကောင်းလိက ဆတ်ခနဲ ထကာ ထိုဓားကို ကောက်ယူလိုက်၏။

ဒေါ်လေးကူး မျက်နှာပျက်သွားလေ၏။

'ကောင်းလိ မင်း ဘာလုပ်မလို့လဲ'

ဟု မေးလေ၏။

ကောင်းလိက....

'ချိပင်းကို သတ်မလို့'

'အမလေး'

ဒေါ်လေးကူးသည် အထိတ်တလန့်အော်ကာ အိမ်ထဲမှ ထွက်ပြေးသွားလေတော့၏။

☆

## ဘဝနိဒါန်း

မြို့အရှေ့ပိုင်းတွင် အရက်ဆိုင်တစ်ဆိုင်ရှိလေ၏။

ထိုအရက်ဆိုင်တွင် အကျင့်စရိုက်မကောင်းသောလူပေါ[illegible] စုံ စတည်းချလေ့ရှိသဖြင့် နာမည်ပျက်ဖြင့် ထင်ရှား[illegible] သည်။

ကောင်းလိသည် မိခင်ဖြစ်သူအား မှန်းခဲ့သည့်ဆိုသေ[illegible] ဟင်းသီးဟင်းရွက်လှီးသည့် ဓားကိုယူကာ ချိုပင်းအာ[illegible] ရှာပုံတော်ဖွင့်လေတော့၏။

ဓားကိုင်ပြီး လျှောက်သွားမနေသင့်မှန်းသိ၍ အင်္ကျီလ[illegible] အိုးထဲ၌ ဝှက်ယူလာခဲ့၏။



တစ်မြို့လုံးအနှံ့လိုက်ရှာဖွေပြီးမှ မြို့အရှေ့ပိုင်းမှ အရက်ဆိုင်တွင် ချိုပင်းရှိနေကြောင်း သတင်းရလေ၏။

ကောင်းလိသည် ထိုအရက်ဆိုင်သို့ တန်းတန်းမတ်မတ်ပင် ရောက်သွားလေတော့၏။

အရက်ဆိုင်ထဲမှ စကားသံ ရယ်မောသံ ဆဲဆိုသံများသည် ဆိုင်အပြင်ဘက်သို့တိုင်လျှံကျနေ၏။

ကောင်းလိက ဆိုင်ထဲသို့ လှမ်းဝင်လိုက်၏။

ဆိုင်ထဲ၌ အရက်သောက်နေသူများ မာကျောက်ကစားနေသူများ အပျော်မယ်များနှင့် ကြိုစယ်နေသူများ စသည် စသည်ဖြင့် ဝိတ်ပျက်စရာကောင်းလောက်အောင် တွေ့မြင်ရလေ၏။

ကောင်းလိ မျက်လုံးဝေ့ကာ ချိုပင်းအား ရှာဖွေလိုက်သည်။

ထိုစဉ် —

'မောင်လေးက မမကို ရှာနေတာလားကွယ်'

မိန်းမပျက်တစ်ယောက်သည် အဝတ်အစား ဖရိုဖရဲဖြင့် ကောင်းလိအနီးသို့ ချဉ်းကပ်လာလေ၏။

ကောင်းလိက သူမအား တစ်ချက်စောင်းငဲ့ ကြည့်လိုက်ပြီး ဂရုမစိုက်ဘဲ နေလိုက်၏။

ထိုအမျိုးသမီးသည် အတင့်ရဲစွာဖြင့် ကောင်းလိအနီးသို့ ချဉ်းကပ်လာပြီး....

'လာပါမောင်လေးရဲ့ မမနဲ့တွေ့ရင် မောင်းလေးတစ်ခါတည်း ပျော်သွားစေရမယ်'

ဟု ပြောကာ ကောင်းလိလက်ကို လှမ်းဆွဲလာလေ၏၊

ရုတ်တရက်....

ကောင်းလိ၏ လက်သည် အပေါ်မြောက်တက်သွားပြီး ထိုအမျိုးသမီးအား လက်ပြန်ရိုက်ချလိုက်လေ၏။

'ဖြန်း....'

'အမလေး'

အမျိုးသမီး စူးရှစွာအော်ဟစ်ကာ ကြမ်းပြင်ပေါ် ခွေခနဲလဲကျသွားလေ၏။

သူမသည် ချက်ချင်းပင် လူးလိမ့်ထလိုက်၏။

နီရဲသွားသောပါးပြင်ကို လက်ဝါးဖြင့်အုပ်ရင်း ကောင်းလိကို အထိတ်တလန့်ကြည့်လိုက်၏။

ဆို့နေ၁က်....

တရွေ့ရွေ့ဖြင့် ကောင်းလိနှင့်ဝေးရာသို့ထွက်သွားတော့သည်။

သူမ၏အော်သံသည် ဆိုင်ထဲမှဆူဆူညံညံ အသံအားလုံးကို ဖုံးလွှမ်းသွား၏။

အားလုံးသည် ကောင်းလိကို လှမ်းကြည့်လာကြ၏။

သူတို့အတွက် ကောင်းလိသည် မျက်နှာစိမ်းဖြစ်နေသလို ထူးခြားသူတစ်ယောက်လည်း ဖြစ်နေပြီမဟုတ်ပါလား။

ကောင်းလိကလည်း အားလုံးကို ခပ်စိမ်းစိမ်းပင် ပြန်ကြည့်လိုက်၏။

'လက်စသတ်တော့ ဖေဖေ့သားက ဖေဖေ့ကို စိတ်မချလို့ လိုက်လာတာကိုး'



အသံဝါကြီး ထွက်ပေါ်လာ၏။

ချိုပင်း၏ အသံဖြစ်ပါ၏။

ကောင်းလိ လှမ်းကြည့်လိုက်ရာ ချိုပင်းသည် ချောင်ကျကျစားပွဲတစ်လုံးတွင် အဖော်နှစ်ယောက်နှင့် အတူရှိနေသည်ကို တွေ့ရလေ၏။

ချိုပင်းက....

'ဖေဖေ့သားက ဖေဖေ့အရက်ဖိုး မရှိမှာစိုးရိမ်ပြီး အရက်ဆိုင်ထဲလိုက်ပေးတာပေါ့လေ....၊

'လိမ္မာလိုက်တဲ့သားလေး၊ ဟား....ဟား....သား'

ပြောရင်း ကိုယ့်ဘာသာသဘောကျစွာ ဟားတိုက်ရယ်မောလိုက်လေ၏။

သူ၏အဖော်နှစ်ယောက်ကလည်း ရယ်မောလိုက်ကြ လေသည်၊

ရယ်သံများ ထွက်ပေါ်လာလျှင် အခြားသူများလည်း ရယ်မောကြလေ၏။

အရက်ဆိုင်တစ်ဆိုင်လုံး ဟားတိုက်ရယ်မောသံများ လွှမ်းမိုးသွားလေတော့၏။

* * *

ရယ်မောသံများ ကျက်ကျက်ညံ သွားလေ၏။

အများအားဖြင့် ချိုပင်းအကြောင်းကို သိထားကြ၏။

ချိုပင်းသည် အရက်ကို မိုးမလင်းအောင် သောက်သူ ဖြစ်ပြီး မိန်းမနှင့် မိန်းမမှုပါလာသောသားကို မညှာမတာ ခိုင်းစားနေသူဖြစ်လေ၏။

ယခုတလော ဒုစရိုက်သမားများနှင့်ပေါင်းကာ ခိုးမှု လုယက်မှုများ ကျူးလွန်နေ၏။

ချိုပင်းအား သားနှင့်မယားက အလွန်ကြောက်ကြ ကြောင်းလည်း ချိုပင်းအပေါ် ဖောက်သည် ဖြစ်နေသည့် အရက်ဆိုင်မှ လူအားလုံးက သိထားကြလေ၏။

ထို့ကြောင့်လည်း ချိုပင်း၏စကား ကြားလိုက်ရသော အခါ....

ကောင်းလိကို လှောင်ပြောင် ရယ်မောလိုက်ကြခြင်းဖြစ် ပေတော့၏။

ကောင်းလိ ရယ်မောသံများကို ဂရုမစိုက်ပါ။

ရယ်မောနေသူများကိုလည်း ဂရုမစိုက်ပါ။

ချိုပင်းထံသို့ တန်းတန်းမတ်မတ် လှမ်းသွားလိုက်လေ သည်။

ချိုပင်းက အရက်အိုးကို မယူကာ မော့ချလိုက်၏။

သူသောက်သည့် အရက်များမှာ မီးတောက်အရက်ဖြစ် တစ်မျိုးဖြစ်လေ၏။

သူ၏ အဖော်နှစ်ယောက်သည် ခက်ထန်သောအသွင် သည်။



ဒုစရိုက်သမားများဖြစ်ကြောင်း ထင်ရှားလေ၏။

ချိုပင်းသည် အရက်အိုးကို စားပွဲပေါ် ဆောင့်ချလိုက် သည်။

ပြီးလျှင် ကောင်းလိကို မျက်ထောက်နီကြီးဖြင့် ကြည့် ကာ....

'ခွေးကောင်လေး၊ မင်းရဲ့အသုံးမကျတဲ့ အမေနွားမ ကြီးကော ခုထိမသေသေးဘူးလား....'

'ဟွန်း သူများအိမ်မှာ ကောင်းကောင်းနေ ကောင်း ကောင်းစားရတာနဲ့ ထမင်းခြောက်ကောက်တဲ့ဘဝကို မမေ့ နဲ့...'

'မင်းကိုလဲ အိမ်ရောက်မှ ကောင်းကောင်းကြီး ဆုံးမရ ဦးမယ်'

ဟု ရုန့်ရင်း ကြမ်းတမ်းသော စကားများဖြင့် ကြိမ်း မောင်းပြောဆိုလိုက်လေ၏။

ကောင်းလိသည် ယခင်က ကောင်းလိ မဟုတ်တော့မှန်း ချိုပင်း သတိမထားမိလိုက်ပါ။

အချိန်ပြည့်အရက်သောက်နေခြင်းကြောင့် သူ၏ဦးခေါင်း သည် မှုမမှန်တော့ပါ။

ကောင်းလိသည် သူ့အား တွေ့ရသည်နှင့် ကြောက်ရွံ့ ထိတ်လန့်ကာ ငိုယိုနေမည်ဟု ယခင်ကလိုပင် တွေးထား၏။

ကောင်းလိက ဤအရက်ဆိုင်သို့ လိုက်လာရသည့်အဖြစ်ကို အမှန်အတိုင်း မတွေးဖြစ်လိုက်ချေ။

သူ၏အဖော်နှစ်ယောက်မှာ မျက်မှောင်ကုတ်သွားကြ၏
ကောင်းလိ၏မျက်နှာ ဖြူရော်ရော်ဖြစ်နေ၏။
မျက်လုံးများကမူ ဝင်းလက်တောက်ပြောင်နေ၏။
ချိုပင်းကိုသာ စိုက်ကြည့်နေပြီး အခြား မည်သူ့ကို
မကြည့်ချေ။

ကောင်းလိ၏အသွင်သည် ကြောက်စရာကောင်းနေသည်
ဟု ထင်လိုက်မိကြ၏။

သို့သော်....

ကောင်းလိသည် ချိုပင်းအား သေလုမျောပါးကြောက်
သည့် မယားပါ သားတစ်ယောက်ဖြစ်ကြောင်း ချိုပင်း
ပြောပြချက်အရ သိထားကြပြီးဖြစ်လေရာ အေးအေးဆေး
ဆေးပင် လက်ပိုက်ကြည့်နေလိုက်ကြလေ၏။

ကောင်းလိသည် စားပွဲအနီးသို့ရောက်လာပြီ ဖြစ်လေ၏

ချိုပင်းက....

'ဟေ့ကောင်.... မင်းက ဘာသဘောနဲ့ ငါ့ဆီလိုက်လာ
တာလဲ၊ ခုချက်ချင်း အိမ်ပြန်စမ်း၊ ငါ့ကို အိမ်မှာပြန်စော
နေ၊ ငါပြန်ရောက်လာရင် မင်းတို့သားအမိနှစ်ယောက်စလုံး
ကို မှတ်လောက်သားလောက်အောင် ဆုံးမပြမယ်'

ဟု ငေါက်ကာ မောင်းထုတ်လိုက်လေ၏။

ကောင်းလိက ထွက်မသွားပါချေ။

ချိုပင်းကို စိုက်ကြည့်ရင်း....

'မေမေသေသွားပြီ'

ဟု ပြောလိုက်၏။



ချိုပင်းက လုံးဝဂရုမစိုက်ဘဲ....

'ဟား....ဟား....ဟား မင်းအမေသေသွားပြီဟုတ်လား၊
ကောင်းတယ်၊ သူသေသင့်တာ ကြာပြီ၊ မင်းအမေပြီးရင်
တော့ မင်းအလှည့်ပေါ့'

ဟားတိုက်ရယ်မောကာ ပြောလိုက်လေ၏။

ကောင်းလိက....

'ကျုပ်အလှည့်မဟုတ်ပါဘူးဗျာ၊ ခင်ဗျားအလှည့်ပါ'

'ဘာကွ'

'ခင်ဗျားအလှည့်ရောက်ပါပြီ'

ချိုပင်း လှုပ်လှုပ်ရှားရှားဖြစ်သွားသလောက် ကောင်းလိ
ကား အေးတိအေးစက် ဖြစ်နေ၏။

ချိုပင်းက ဝုန်းခနဲ ထရပ်လိုက်ပြီး..

'ဘာပြောတယ်ကွ၊ မင်းက ငါ့ကို အာခံချင်တဲ့သဘော
လား၊ သေသွားမယ်၊ ဘာမှတ်သလဲ'

အော်ငေါက်ရင်း ကောင်းလိအား ပါးရိုက်ချလိုက်လေ
သည်။

သို့သော်....

'ဖျပ်'

'ဖြောင်း'

'အား'

ကောင်းလိက ချိုပင်း၏လက်ကောက်ဝတ်ကိုဖမ်းဆွဲကာ
လိမ်ချိုးလိုက်လျှင် ချိုပင်း၏လက်တစ်ဖက် သွင်သွင်ကျိုးသွား
လေတော့၏။

ကောင်းလိက ချိုပင်းအား ဆောင့်တွန်းပစ်လိုက်၏။

'ဝုန်း'

ချိုပင်း လုံးဝမဟန်နိုင်တော့ဘဲ ကြမ်းပြင်ပေါ် ဝုန်းခ
လဲကျသွားလေ၏။

ကောင်းလိက စားပွဲပေါ်မှအရက်အိုးကို ဆွဲယူပြီး...

'ခင်ဗျားကြိုက်တဲ့အရက်ကို ဝအောင် သောက်လိုက်ပ
ဗျာ'

ပြောပြောဆိုဆို ချိုပင်း၏ကိုယ်ပေါ် လောင်းချလိုက်၏
ဦးခေါင်းမှနေပြီး ခြေထောက်ထိတိုင် ရွှဲစိုအော
လောင်းချလိုက်ခြင်း ဖြစ်လေ၏။

ချိုပင်းက....

'ခွေးတိရစ္ဆာန်ကောင်၊ မင်းဘာလုပ်တာလဲ၊ ငါ့
အာခံတယ်ပေါ့လေ'

ကြမ်းပြင်ပေါ်မှ လူးလိမ့်ထရန် ကြိုးစားရင်း အေ
ငေါက် ပြောဆိုနေသေး၏။

ကောင်းလိက သူ၏ရင်ဘတ်ကို ခြေထောက်ဖြင့် ဖိန
ထားလိုက်၏။

ချိုပင်းက အကောင်းပကတိရှိနေသေးသော လက်ဖြ
ကောင်းလိ၏ ခြေထောက်ကို ရိုက်နှက်ရန် ကြိုးစားသေ
အခါ....

'ငြိမ်ငြိမ်နေစမ်း'

ကောင်းလိက အေးတိအေးစက်ပြောရင်း ချိုပင်း
လက်ကို ကျန်ခြေထောက်တစ်ဖက်ဖြင့် နင်းချလိုက်သည်။



'ဖြောက်'

'အား'

ချိုပင်းမှာ နာကျင်လွန်းသဖြင့် စူးရှစွာ အော်ဟစ်လိုက်လေ၏။

လက်နှစ်ဖက်စလုံး သွင်သွင်ကျိုးသွားပြီ ဖြစ်လေသည်။

ကောင်းလိက....

'ခင်ဗျား ကံကောင်းမှာပါ၊ ကျုပ်တို့သားအမိကို တစ်သက်လုံး နှိပ်စက်ခဲ့ပေမယ့် ခင်ဗျားအနေနဲ့ကတော့ ဝဋ်နာကို ကြာရှည်မခံစားရဘူးလို့ ကျုပ်အာမခံပါတယ်'

ခံစားချက်ကင်းမဲ့သော လေသံဖြင့် ပြောလိုက်လေ၏။

'ခွေးကောင်....ခွေးကောင်'

ချိုပင်းသည် ဒေါသတကြီးအော်ငေါက်ရင်း ခြေထောက်ဖြင့် ကန်ကျောက်ရန် ကြိုးစားလေ၏။

ကောင်းလိက....

'ငြိမ်ငြိမ်နေစမ်း'

သူ၏ခြေထောက်များ သွက်သွက်လက်လက် လှုပ်ရှားသွား၏။

'ဖြောင်း... ဖြောင်း'

'အမလေး....သေပါပြီဗျ'

ချိုပင်းက ငယ်သံပါအောင် အော်ဟစ်လိုက်၏။

လက်နှစ်ဖက်သာမကဘဲ ခြေထောက်များပါ သွင်သွင်ကျိုးသွားပြီ ဖြစ်လေ၏။

ချိုပင်း အရက်မူးပြေသွားသည်။

ကောင်းလိကို ဆဲဆိုခြင်းမပြုရဲတော့ပါ။

သွေးအေးလှသည့် ကောင်းလိကိုကြည့်ရင်း ကြောက် စိတ်များ တမဟုတ်ချင်း ဖြစ်ပေါ်လာလေ၏။

တစ်သက်လုံး သူနှိပ်စက်သမျှ မျက်ရည်စက်လက်ဖြင့်ခံလ ခဲ့သည့် ကောင်းလိသည် ယခုတော့ သူ့အား ကြောက် ခြင်း လုံးဝမရှိတော့သလို လက်တုံ့ပြန်လာတော့မည် ဖြ ကြောင်း ထင်ရှား၏။

ချိုပင်း ယခုမှအမှန်တရားကို မြင်လာလေသည်။

ကောင်းလိသည် မိခင်ကြီး လူမဆန်စွာ အနှိပ်စက်ခံရပြီ သေဆုံးသွားခြင်းကြောင့် ဒေါသအိုး ပေါက်ကွဲသွား ရလေ၏။

သို့သော်....

ကောင်းလိ၏ဒေါသသည် အခြားသူများနှင့်မတူပေ။

အလွန်သွေးအေးပြီး ရက်စက်ကြမ်းကြုတ်သူ အဖြစ်သို့ သိသိသာသာကြီး ပြောင်းလဲသွားစေခြင်း ဖြစ်ပေတော့၏

ကောင်းလိက....

'ခင်ဗျားကြိုက်တတ်တဲ့အရက်ကို ထပ်သောက်လိုက်ပါ ဦးဗျာ'

ပြောရင်း နောက်ထပ် အရက်တစ်အိုးကို ယူကာ လောင်း ချလိုက်လေ၏။

ချိုပင်း၏ တစ်ကိုယ်လုံး ရွှဲစိုသွားတော့၏။

ချိုပင်း မရှုမလှခံနေရသည်ကိုမြင်လျှင် သူ၏အဖော် လူဆိုး နှစ်ယောက် မကျေမနပ် ဖြစ်သွားကြလေ၏။



တစ်ယောက်က....

'ဟေ့ကောင်....မင်း ဘယ်လိုလုပ်လိုက်တာလဲ'

ဟု ငေါက်လိုက်သလို....

ကျန်တစ်ယောက်က....

'မင်း သေချင်လို့လား'

ဟု ခြိမ်းခြောက်လိုက်၏။

ကောင်းလိသည် ထိုလူ နှစ်ယောက်ကို မကြည့်ဘဲ ကြမ်း ပြင်ပေါ်၌ လူးလိမ့် ညည်းတွားနေသည့် ချိုပင်းကို ခပ်စိမ်း စိမ်း ကြည့်ရင်း....

'ခင်ဗျားတို့နဲ့ မဆိုင်ဘူး'

ဟု ပြောလိုက်၏။

သူ၏ အသံသည် ကျယ်လောင်ခြင်း မရှိပါ။

သို့တိုင်....

ကြားလိုက်သူတိုင်းနားစိမ့်သွားအောင် အေးတိအေးစက် နိုင်လှပေတော့၏။

လူဆိုး နှစ်ယောက်ကား ကောင်းလိကို မနှစ်မြို့နိုင်တော့ချေ။

ဆင်ခြင်တုံတရား ကင်းမဲ့သော လူဆိုး လူမိုက်များ ပီပီ ရှည်ရှည်ဝေးဝေး တွေးတော စဉ်းစားမနေကြတော့ဘဲ..

'ဒီကောင်က တို့ကို မခန့်လေးစား လုပ်နေပါလား'

'ဟုတ်တယ်....ဆုံးမလိုက်ကွာ'

တစ်ယောက် တစ်ပေါက် ပြောကာ အသင့်ဆောင်ထား သော ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြလေ၏။

'ခြမ်း....ခြမ်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာ၏။

လူဆိုး နှစ်ယောက်၏ လက်ထဲ ဓားများ ရောက်ရှိလာသည်။

ကောင်းလိက သူတို့အား လုံးဝ ဂရုမစိုက် လုံးဝ မကြည့်ပါ။

'သေပေတော့'

လူဆိုး နှစ်ယောက်က ညာသံပေးကာ ကောင်းလိအား တိုက်ခိုက်လိုက်ကြလေ၏။

ကောင်းလိက ရှောင်တိမ်းခြင်း မပြုပါ။

လက်တစ်ဖက် လှုပ်ရှားလိုက်လျှင် အင်္ကျီလက်အိုးထဲ၌ ဝှက်ထားသော ဓားသည် လက်ထဲရောက်လာ၏။

ကောင်းလိက လူဆိုး နှစ်ယောက်၏ ရင်ဝသို့ ချိန်ရွယ်ကာ ဆတ်ခနဲ ဆတ်ခနဲ ထိုးချလိုက်၏။

သူ၏ လှုပ်ရှားမှုသည် လျှပ်ပြက်သလို လျင်မြန် လှပေသည်။

လူမိုက်နှစ်ယောက် တိုက်ခိုက်ရန် ဟန်ပြင် နေကြစဉ်မှာပင် ကောင်းလိ ထိုးသွင်းလိုက်သည့် ဓားချက်များက သူတို့၏ နှလုံးကို ထိုးဖောက်ပြီးသား ဖြစ်သွားလေ၏။

ဓားထိုးသွင်းပုံ၊ ဆွဲထုတ်ပုံကို မည်သူမျှ သဲသဲကွဲကွဲ မမြင်လိုက်ကြရပါချေ။

ကောင်းလိ၏ လက်ထဲမှ ဓားသည် အင်္ကျီ လက်အိုးထဲသို့ ပြန်လည် ရောက်ရှိကာ ကွယ်ပျောက်သွား၏။



လူဆိုး နှစ်ယောက်က ကောင်းလိကို တိုက်ခိုက်ရန် ဓား ကိုယ်စီ မြှောက်ကိုင်ထားရင်း မလှုပ်မယှက်ဖြစ်နေ၏။

သူတို့၏ မျက်လုံးများ ပြူးကျယ်နေကြ၏။

ကောင်းလိက သူတို့အား လုံးဝ ဂရုမစိုက်ဘဲ ချိုပင်းကို ကြည့်နေဆဲ..

ချိုပင်းသည် ကောင်းလိကို ကြည့်ရင်း မဲ့ပြုံးပြုံးကာ...

'ကောင်းလိ....ခွေးကောင်လေး မင်းက ငါ့ကို စော်ကားလို့ ငါ့မိတ်ဆွေတွေက မင်းကို ဆုံးမကြတော့မယ်၊ ကောင်းတယ်....သေဖို့သာ ပြင်ထားပေတော့'

ဟု ကြုံးဝါးလိုက်၏။

ထိုစဉ်မှာပင်....

'ဝုန်း....'

'ဝုန်း....'

လူဆိုးနှစ်ယောက်သည် ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ် လဲကျသွားကြလေတော့၏။

* * *

'ဟင်....'

'ဟာ....'

အထိတ်တလန့် ရေရွတ်သံများ ထွက်ပေါ်လာလေ၏။

အရက်ဆိုင်ထဲ၌ ရှိနေကြသော ဒုစရိုက်သမားများ၊အရက်သမားများသည် ကောင်းလိအား လှောင်ပြောင် ရယ်မောခြင်း မပြုဝံ့တော့ပါ။

အေးတိအေးစက် နိုင်လှသော ကောင်းလိကို ကြည့်ရင်း ထိတ်လန့်လာကြတော့၏။

လှောင်ပြောင် ရယ်မောမိခဲ့ကြသဖြင့် ကိုယ့်ကိုကိုယ် မယုံကြည်ကြဘဲ အရက်ဆိုင်ထဲမှ အလျှိုလျှို ထွက်သွားကြလေသည်။

ကောင်းလိက ဟန့်တားခြင်း မပြုပါ။

တစ်ခဏ အတွင်း၌မှာပင် ဆိုင်ထဲ၌ ချောက်ချားဖွယ်ကောင်းအောင် တိတ်ဆိတ်သွားလေ၏။

ကောင်းလိသည် စားပွဲပေါ်၌ အသင့်ရှိနေသော မီးခတ်ကျောက်နှင့် မီးစာကို ကောက်ယူလိုက်၏။

ချိုပင်းကား မမောက်မာနိုင်တော့ပါ။

သူအားကိုးသော လူဆိုးနှစ်ယောက် မည်သို့ခံလိုက်ရသည် မသိဘဲ ကြမ်းပြင်ပေါ် လဲကျသွားပြီးနောက် ကံဆိုးရပြီဟု သေချာစွာ နားလည်လိုက်၏။



'ရှဲ....'

ကောင်းလိက လက်လှုပ်ရှားလိုက်သည်နှင့် မီးတောက်တစ်ခု ထွက်ပေါ်လာလေ၏။

ကောင်းလိက မီးစာကို ချိုပင်း၏ ကိုယ်ပေါ်သို့ ပစ်ချလိုက်၏။

ကောင်းလိ ဘာလုပ်မည်ကို ထိုအခါမှ ချိုပင်း ရှင်းရှင်းလင်းလင်း သိလိုက်ရတော့၏။

'ဟုတ်'

မီးတောက်နေသော မီးစာလေးသည် မီးတောက်အရက်များ ရွဲစိုနေသည့် ချိုပင်း၏ ကိုယ်ပေါ် ကျရောက်သွားသည်နှင့် ဟုတ်ခနဲမြည်ကာ မီးစွဲလောင်သွားလေ၏။

'ကောင်းလိ ..မလုပ်ပါနဲ့'

ချိုပင်းက ငယ်သံပါအောင် အော်ဟစ်ကာ လူးလိမ့်ရုန်းကန်လိုက်ပါသော်လည်း မီးသည် သူ၏ တစ်ကိုယ်လုံးသို့ လျင်မြန်စွာ ကူးစက် လောင်ကျွမ်းသွားလေ၏။

'အမယ်လေးဗျ'

ချိုပင်းသည် သွေးရူးသွေးတန်းဖြင့် လူးလိမ့်ကာ ထွက်ပြေးလေတော့၏။

ကောင်းလိက ဟန့်တားခြင်း မပြုဘဲ အေးအေး ဆေးဆေးပင် လက်ပိုက်ကြည့်နေ၏။

'ကယ်တော်မူကြပါ'

ချိုပင်းက အသံကုန် အော်ဟစ်လိုက်၏။

သူ၏ ကိုယ်ပေါ်၌ စွဲလောင်နေသော မီးတောက်များကို ငြိမ်းသတ်ရန် အစွမ်းကုန် ကြိုးစားလိုက်၏။

သို့သော်....

မီးတောက်များသည် လျင်မြန်စွာ အားကောင်းလာပြီး ချိုပင်းအား မီးတောက်ကြီး တစ်ခုအဖြစ်သို့ ပြောင်းလဲသွားစေတော့၏။

ချိုပင်း ဝဋ်လည်ချေပြီတကား။

ဆိုင်အပြင်ဘက်သို့ ရောက်သွားလျှင်....

'ဝုန်း'

မည်သို့မျှမဟန်နိုင်တော့ဘဲ မြေပေါ်လဲကျသွား၏။

မီးကား ဆက်လက်တောက်လောင်နေဆဲ....

ကောင်းလိကား ခံစားချက်ကင်းမဲ့သူ တစ်ယောက်ပမာ မမှိတ်မသုန်စိုက်ကြည့်နေ၏။

ချိုပင်း၏အော်သံ ကွယ်ပျောက်သွား၏။

မကြာမီ....

ချိုပင်း၏တစ်ကိုယ်လုံး မီးသွေးတုံးပမာ ပြောင်းလဲသွားလေတော့၏။

* * *



ကောင်းလိသည် ဘဝတစ်လျှောက်လုံး အရှယ်နှင့်မလိုက်အောင် ပင်ပန်းကြီးစွာ အလုပ်လုပ်ခဲ့ရသည်ကို မည်သူကမျှ အမှုမထားပါ။

ကောင်းလိ၏မိခင်အား ချိုပင်းက ရက်ရက်စက်စက် နှိပ်စက်ခဲ့သည်ကို မည်သူကမျှ စကားမဟကြပါ။

သို့သော်....

ကောင်းလိက အရက်ဆိုင်လေးတွင် လူဆိုးနှစ်ယောက်အား သုတ်သင်ပစ်လိုက်သည်ကို လည်းကောင်း၊ ပထွေးဖြစ်သူအား ဆုံးမလိုက်သည်ကိုလည်းကောင်း တစ်မြို့လုံး ပြောမဆုံးနိုင်အောင် ဖြစ်သွားကြလေ၏။

ကောင်းလိအား သွေးအေးအေးနှင့် လူသတ်သမားဟု ကင်ပွန်းတပ်လိုက်ကြလေ၏။

ထို့အပြင်....

ကောင်းလိ၏သတင်းသည် ကျေးဇူးရှင် ဆရာလိဖုံး၏ နားထဲသို့ တစ်မုဟုတ်ချင်း ရောက်ရှိသွားခဲ့လေတော့၏။

## လမ်းခွဲ

လေပြည်လေညင်း ဝှေ့ယမ်းတိုက်ခတ်လာသည်။

ရော်ရွက်ကလေးများ ကြွေကျလာ၏။

အဝေးဆီမှ ငှက်ကလေးတစ်ကောင်၏ ဘာသာဘာဝ တေးသီကျေးသံကို လွမ်းမောဖွယ် ကြားနေရ၏။

ကောင်းလိသည် တစ်ယောက်တည်း တိတ်ဆိတ်စွာရှိနေ သည်။

မိခင်ဖြစ်သူ၏မြေပုံရှေ့၌ ဒူးထောက်နေခြင်း ဖြစ်၏။

မြို့ပြင်သင်္ချိုင်းမြေအတွင်း၌ မိခင်ဖြစ်သူ၏ မြေပုံရှေ့သို့ ကောင်းလိ ရောက်လာခဲ့သည်မှာ အတော်ကြာသွားပြီ ဖြစ်လေ၏။



ယခု....

ကောင်းလိ မငိုတော့ပါ။

နောက်လည်း ဘယ်တော့မှ မငိုကြွေးတော့ပါ။

ကောင်းလိမှာ အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပြီ ဖြစ်လေ၏။

သူ၏ရင်ထဲမှခံစားချက်ကို မည်သူနားလည်နိုင်ပါအံ့တော့ နည်း။

အချိန်မည်မျှကြာသွားမှန်း မသိ။

ညင်သာပေါ့ပါးသော ခြေသံများ ထွက်ပေါ်လာပြီး လူတစ်ယောက်သည် ကောင်းလိအနီးသို့ ရောက်ရှိလာလေ သည်။

ကောင်းလိက လှုပ်ရှားခြင်းမပြုပါ။

အနီးသို့ရောက်လာသူအား လှည့်မကြည့်ပါ။

မိခင်၏မြေပုံကို ငေးစိုက်ကြည့်ရင်း အာရုံနစ်မျောနေဟန် ရှိလေသည်။

ကောင်းလိအနီးသို့ ရောက်လာသူထံမှ သက်ပြင်းချသံ သဲ့သဲ့ ထွက်ပေါ်လာလေ၏။

တစ်ဆက်တည်းပင်....

'ကောင်းလိ'

ဟူသော ခေါ်သံထွက်ပေါ်လာလေ၏။

ရုတ်တရက်....
ကောင်းလီ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

'ဆရာ'
လွတ်ခနဲရေရွတ်ရင်း ခေါင်းမော့ကြည့်လာ၏။

မှန်ပေသည်။

ကောင်းလီအနီးသို့ ရောက်ရှိလာသူမှာ သိုင်းဆရာကြီး လိဖုံးဖြစ်လေသည်။

လိဖုံး၏မျက်နှာ တည်ကြည်လေးနက်နေပါ၏။
'ကောင်းလီ၊ မင်းရဲ့သတင်းတွေ ငါအကုန်ကြားပြီးပြီ'
ဟု ပြောလာလေ၏။

ကောင်းလီက....

'ကျွန်တော်'

'နေဦး'

လိဖုံးလက်ကာပြပြီး ဟန့်တားလိုက်၏။

ကောင်းလီ ဘာမှမပြောသာတော့ပေ။

လိဖုံးက....
'မင်းဟာ ဘယ်လောက်ခါးသီးနာကျည်းစရာကောင်း အဖြစ်ဆိုးတွေနဲ့ ကြုံတွေ့ခဲ့ရတယ်ဆိုတာ ငါသိပါတယ်၊ ပေမယ့် မင်းမှားသွားပြီ



ကောင်းလီက....
'ကျွန်တော်မှားသွားပြီ ဟုတ်လား ဆရာ'
'ဟုတ်တယ်'

'ကျွန်တော်က ...'
'မင်းက ငါသင်ပေးထားတဲ့ပညာကို ငါမှာထားသလို ကျိုးရှိရှိ အသုံးမချဘဲ လက်စားချေတဲ့နေရာမှာ အသုံး ပြုခဲ့တာပဲ'

ကောင်းလီ၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားပြန်လေ၏။

လိဖုံးက....
'တကယ်လို့ မင်းဟာ ငါနဲ့မတွေ့ခဲ့ဘူး၊ ငါ့ဆီက သိုင်း ပညာ မသင်ခဲ့ရဘူး၊ အရင်အခြေအနေအတိုင်းပဲဆိုရင် မင်းရဲ့ တွေးကို မင်းရင်ဆိုင်ရဲပါ့မလား'

ကောင်းလီက..
'ကျွန်တော့်အမေကို ဒီလောက်တောင် ရက်ရက်စက်စက် နှိပ်စက်နေမှတော့ သိုင်းပညာမတတ်လဲ ကျွန်တော်သေချင် သေပါစေ၊ ချီပင်းကို ရင်ဆိုင်မှာပဲ'

ထိုစကားသည် ကောင်းလီရင်ထဲမှပြောလိုက်သောစကား ဖြစ်လေသည်။

နှုတ်ဖျားမှ ထုတ်ဖော်ပြောဆိုခြင်း မပြုသဖြင့် လိဖုံး ကြားနိုင်လိမ့်မည် မဟုတ်ပါချေ။
လိဖုံးက ဆက်ပြောလေသည်။

'ကောင်းလိ.... တကယ်ဆိုရင် မင်းဟာ တရားဥပဒေ
လေးစားလိုက်နာသင့်တယ်၊ မင်းရဲ့ပထွေးနှိပ်စက်လို့ မ
အမေ သေဆုံးသွားရတာဆိုရင် သက်ဆိုင်ရာအာဏာပိုင်
ဆီကို သွားပြီး တိုင်တန်းလိုက်ပေါ့၊ သူတို့ဟာ မင်းပထွေး
ချုပ်ငင်းကို ဖမ်းဆီးအရေးယူကြမှာပဲ မဟုတ်လား'

ကောင်းလိသည် လိဖုံးကို တစ်ချက် ကြည့် လိုက်
ခေါင်းငုံ့ထားလိုက်၏။

လိဖုံးက....

'ခုတော့ မင်းက ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့တ
မင်းတို့မိသားစုရဲ့ အိမ်တွင်းရေးကိစ္စကို သိတဲ့လူရှိမယ်၊
ပေမယ့် တစ်မြို့လုံးမဟုတ်ဘူး၊ ခုတော့ မင်းအကြောင်
တစ်မြို့လုံးသိနေကြပြီး ပြောမဆုံးအောင် ဖြစ်နေတ
အားလုံးက မင်းဟာ အင်မတန်သွေးအေးပြီး ရက်စ
လူသတ်သမားတစ်ယောက်လို့ မြင်နေကြပြီ'

ကောင်းလိ ခေါင်းငုံ့နေဆဲ။

လိဖုံး ခေါင်းခါယမ်းလိုက်သည်။

'ငါ့ရဲ့ ပထမတပည့်နှစ်ယောက်ကြောင့် ငါ အရှ
တယ်၊ ဒါကြောင့် နောက်ထပ် တပည့်မမွေးတော့
ဆုံးဖြတ်ခဲ့ပေမယ့် မင်း ကို မြင်တော့ ဂရုဏာသက
တပည့်အဖြစ် လက်ခံခဲ့တာ၊ ခုတော့ ငါအမှားကြီး
သွားပြီ'



ကောင်းလိ ဆတ်ခနဲ ခေါင်းမော့လာ၏။

'ဆရာ'

ဟု လွှတ်ခနဲ ခေါ်လိုက်လေ၏။

လိဖုံးက မျက်နှာထားတင်းတင်းဖြင့်....

'ခုချိန်ကစပြီး ငါ့ကို ဆရာလို့ ခေါ်စရာမလိုတော့ဘူး၊
မင်းကို ငါက သိုင်းပညာသင်ပေးခဲ့တယ်ဆိုတဲ့ အကြောင်း
ဘယ်သူ့ကိုမှ ပြောမပြရဘူး ၊

'ငါ့မျက်နှာကိုလဲ ဘယ်တော့မှ လာမကြည့်နဲ့၊ မင်း ဒီမြို့
က ထွက်သွားရင် အကောင်းဆုံးဖြစ်လိမ့်မယ်'

'ဆရာ'

'ငါ ရှင်းရှင်းပြောမယ် မင်းရဲ့သတင်းဟာ အရပ်လေး
မျက်နှာကို ပျံ့နှံ့သွားပြီး အာဏာသား ရှမ်းကုံးဟာအဖြစ်
အပျက်ကို စုံစမ်းဖို့ မကြာခင်ရောက်လာလိမ့်မယ် ၊

'မင်းကြောင့် ငါ အရှက်တကွဲအကျိုးနည်း ဖြစ်ရမှာကို
ငါမလိုလားဘူး'

လိဖုံးက ခပ်ပြတ်ပြတ်ပြောလိုက်လေ၏။

အာဏာသားတစ်ယောက် ရောက်လာမည်ဆိုသော်လည်း
ကောင်းလိ မည်သို့မျှမခံစားရချေ။

လိဖုံးနှင့်ပတ်သက်၍လည်း ဂုဏ်သိက္ခာကို အလွန်အလေးထားသူဖြစ်ကြောင်း နားလည် သဘောပေါက်ထားလေသည်။

လိဖုံးက....

'ကောင်းလိ ငါပြောတာတွေ မင်း နားလည်သဘောပေါက်တယ်မဟုတ်လား'

ကောင်းလိ ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့ သဘောပေါက်ပါတယ်ဆရာ'

'အေး....မင်း နားလည် သဘောပေါက်တယ်ဆိုရင် ပြီးတာပဲ'

စကားဆုံးလျှင် လိဖုံး ချာခနဲ လှည့်ထွက်သွားလေ၏။

ကောင်းလိမှာ မိခင်၏မြေပုံရှေ့၌ ဒူးထောက်လျက်ကျန်ရစ်ခဲ့၏။

သူ၏ရင်ထဲ ဟာလာဟင်းလင်းဖြစ်နေ၏။

လောကပေါ်၌ သူတစ်ယောက်တည်းသာ ရှိတော့သည့်အလား ခံစားနေရလေတော့၏။

သူ့အား အဘယ်ကြောင့် နားမလည်နိုင်ကြပါသနည်း။

ကောင်းလိက ကိုယ့်ကိုယ်ကို မေးခွန်းထုတ်မိ၏။



ထိုနေ့....

ညနေဆည်းဆာအချိန်တွင် ကောင်းလိသည် သချိုင်းမြေထဲမှ ထွက်သွား၏။

ထို့နောက်....

ကောင်းလိ၏မျက်နှာကို မည်သူမျှ မတွေ့မြင်ကြရတော့ချေ။

☆

## အမဲလိုက်ပွဲ

ကောင်းကင်တွင် လဝန်းထိန်ထိန်သာနေဆဲ....

ကြယ်ကလေးများလည်း အားကျမခံလင်းလက်တော

ပနေဆဲ....

ညမွှေးပန်းအနံ့များကို သယ်ဆောင်လာသည့် အေ

မြသော လေပြည်ကလေးများ တိုက်ခတ်လာ၏။

အတွေးရေလျဉ်ကျောတွင် နစ်မျောနေသည့် ကောင်း

မှာ ဖျတ်ခနဲသတိဝင်လာ၏။

အတိတ်ကာလသည် အဝေးတွင်ကျန်ရစ်ခဲ့ပြီဖြစ်တကား

ဆိုးရွားလှသော အတိတ်ကာလကို တွေးမိလေတိုင်

ကောင်းလိ၏ စိတ်ထားသည် ပို၍ အေးစက်မာကျောလာ

တတ်လေ၏။



ကောင်းလိသည် လက်ရှိကာလကို သတိဝင်လာသည့်

တစ်ခဏမှာပင်....

'လိုက်ဟေ့....လိုက်ကြ'

'မလွှတ်စေနဲ့'

'ဝိုင်းထား'

ဆူဆူညံညံ အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို

ကြားလိုက်ရလေ၏။

မရည်ရွယ်ပါပဲ ကောင်းလိ လှမ်းကြည့်လိုက်မိသည်။

ထိုအခါ....

အဝေးမှ ပြေးလွှားလာသော လူရိပ်များမှ မီးရောင်

များ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေ၏။

ယခု....

ကောင်းလိသည် မြို့ပြင်သုသာန်ရှိ ဇရပ်ပျက်တစ်ခုပေါ်

၌ ရောက်နေခြင်း ဖြစ်လေ၏။

ဆူဆူညံညံ အသံများ ထွက်ပေါ်လာလေသောအခါ

အတွေးအကြံရင့်ကျက်သူပီပီ ဇရပ်ပျက်ပေါ်မှ ဖျတ်ခနဲလှိမ့်ချ

လိုက်၏။

'ဖုတ်....'

ကောင်းလီသည် မြေပေါ်ကျသွားပြီး မလှမ်းမကမ်း ချုံပုတ်များကြားသို့ တိုးဝင်လိုက်၏။

တစ်ခဏအတွင်းမှာပင် ကောင်းလီ၏ အရိပ်အယောင် ပျောက်ကွယ်သွား၏။

ထိုအချိန်တွင်....

လူတစ်ယောက်သည် ဒရောသောပါး ပြေးလွှားလာ ရင်း ဇရပ်ပျက်ရှေ့သို့ ရောက်ရှိလာလေတော့၏။

* * *

'ဟောဟဲ....ဟောဟဲ'

လူတစ်ယောက်သည် ဇရပ်ပျက်ရှေ့သို့ ပြေးလွှားရောက် ရှိလာလေ၏။

ထိုလူမှာ အသက်လုကာ ပြေးလွှားလာခဲ့ပုံရသည်၊ ကိုယ်လုံး ချွေးပြိုက်ပြိုက်စို့ရွှဲကာ မောဟိုက်နေလေ၏။



သူ၏ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာသုံးလေးချက်မျှ ရထား သည်ကိုလည်း တွေ့ရလေ၏။

ကောင်းလီသည် ချုံပုတ်ကြီးတစ်ခုအတွင်း၌ ရှိနေပါ သည်။

ထိုချုံပုတ်ကြီးအတွင်းမှနေပြီး ပတ်ဝန်းကျင်ကို အကဲ ခတ်ကြည့်နေခြင်း ဖြစ်လေ၏။

ဇရပ်ပျက်ရှေ့သို့ ပြေးလွှားရောက်ရှိလာသူအား တွေ့ လိုက်ရလျှင် ကောင်းလီ မျက်မှောင်ကုတ်သွားလေ၏။

'လက်ဝါးကြီး အိထင်းပါလား'

စိတ်ထဲမှ ရေရွတ်လိုက်မိလေ၏။

ထိုလူအား ကောင်းလီ ကောင်းစွာသိရှိထား၏။

ထိုလူ၏အမည်မှာ အိထင်းဖြစ်၏။

လောင်းကစားကို အဲလွန်ဝါသနာထုံသလို ပီပီရိရိ လိမ် ကစားနိုင်သူဖြစ်၏။

ဖဲထုပ်ကို မချတမ်းကိုင်လေ့ရှိသော သူ့လက်ဝါးများ သည် သာမန်လူတို့၏ လက်ဝါးထက် ပို၍ကြီးမားနေသော ကြောင့် လက်ဝါးကြီး အိထင်းဟု ခေါ်ကြခြင်းဖြစ် သည်။

လက်ဝါးကြီး အိထင်းဆိုလျှင် ဒုစရိုက်ကမ္ဘာ၏ လောင်းကစားလောက၌ မသိသူမရှိသလောက် ဖြစ်လေ၏။

အိထင်းသည် ကျင်းဟူနှင့်ပတ်သက်နေသော ကြေးစားလူသတ်သမားတစ်ယောက်ဖြစ်၏။

ကောင်းလီကဲ့သို့ လူစားမျိုးဖြစ်လေ၏။

ယခုလည်း....

ကျင်းဟူနှင့်အတူ စန်းတုံးနယ်သို့ လိုက်ပါလာခြင်းဖြစ်ပုံရလေ၏။

ကောင်းလီ အကဲခတ်ကြည့်နေစဉ်မှာပင် အိထင်းသည် အမှောင်ရိပ်ကျနေသော ဇရပ်ပျက်ပေါ်သို့ လှစ်ခနဲခုန်တက်လိုက်လေ၏။

နောက်မှ လိုက်လာသူများအား မျက်ခြည်ပြတ်ဖို့ ကြိုးစားနေခြင်းဖြစ်ကြောင်း ထင်ရှားနေ၏။

သို့သော်....

အိထင်းနောက်သို့ လိုက်လာကြသူများမှာလည်း အလွန်အကင်းပါးသူများဖြစ်ကြောင်း တွေ့ရလေ၏။

အိထင်းက ဇရပ်ပျက်ပေါ် ခုန်တက်လိုက်သည်နှင့် ရုတ်တရက် လူနှစ်ယောက်ထွက်ပေါ်လာပြီး တိုက်ခိုက်လိုက်ကြသည် မဟုတ်ပါလား။



'ချွမ်း....ချွမ်း'

'ဝုန်း'

'အား'

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာလေ၏။

အိထင်းမှာ ချက်ချင်းပင် ဇရပ်ပျက်ပေါ်မှ ပြန်လည်ခုန်ဆင်းလာလေသည်။

ဇရပ်ပျက်ပေါ်မှ ဆီးကြို၍တိုက်ခိုက်သူ နှစ်ယောက်မှာလည်း တစ်ယောက်လဲကျကျန်ရစ်ခဲ့ပြီး ကျန်တစ်ယောက်က လွှားခနဲ ခုန်ဆင်းလာသည်။

ကောင်းလီ ပင့်သက်ရှိုက်လိုက်မိလေသည်။

သူ၏လှုပ်ရှားမှု အနည်းငယ် နောက်ကျသွားမည်ဆိုလျှင် အိထင်းအား အမဲဖြက်ဖို့ လိုက်နေကြသူများသည် သူ့ကိုလည်း ကျိန်းသေတွေ့မြင်သွားကြမည် ဖြစ်သည်။

ကံကောင်းထောက်မပြီး လက်မတင်လေး လွတ်မြောက်လာခြင်း ဖြစ်လေ၏။

အိထင်းသည် သူ၏အစွမ်းအထက်ဆုံး လက်နက်ဖြစ်သည့် သံမဏိဖဲချပ်လက်နက်ဖြင့် ရန်သူတစ်ယောက်ကို ရှင်းပစ်နိုင်ခဲ့ပုံရ၏။

သို့သော်....

ထွက်ပြေးလွတ်မြောက်နိုင်ဖို့လမ်းကား မမြင်တော့ပါ။

'ဝိုင်းထား'

'မလွတ်စေနဲ့'

အော်ဟစ်သံများ၊ ဩသံများ တခဲနက် ထွက်ပေါ်လာ၏။

လူရိပ်များသည် ဟိုမှသည်မှ ပြေးလွှားရောက်ရှိလာကြသည်။

မီးတုတ်ကိုင်ဆောင်ထားသူများလည်း ရောက်လာကြ၏။

တစ်ခဏအတွင်းမှာပင် အိထင်း ပြေးပေါက်မရှိအောင် အထပ်ထပ်ဝိုင်းရံပြီးသား ဖြစ်သွားသည်။

မီးတုတ် ကိုင်ဆောင်လာကြသူများက မီးတုတ်များကို မြေပေါ်တွင် စိုက်ထူထားလိုက်ကြသည်။

မီးတုတ်များမှ ထွက်ပေါ်လာသော အလင်းရောင်ကြောင့် ပတ်ဝန်းကျင်မှာ နေ့ဘက်နှင့်မခြားအောင် လင်းထိန်သွားလေသည်။

ကောင်းလိ တုတ်တုတ်မျှ မလှုပ်ဝံ့တော့ပါ။

တစ်ချက်ကလေး မှားလိုက်သည်နှင့် သူပုန်းအောင်းနေသည်ကို သိရှိသွားကြမည်ဖြစ်သည်။

ဤသို့ဆိုလျှင် သူလည်း အိထင်းကဲ့သို့ ဒုက္ခရောက်ရတော့မည် မလွဲကောန်ပင်။

ကောင်းလိ အသက်အောင့်ထားလိုက်ပြီး ဇရပ်ပျက်ရှေ့မှာ အခြေအနေကို စောင့်ကြည့်နေလိုက်တော့၏။

* * *



အိထင်းက မြေပေါ်၌ မလှုပ်မယှက်ရပ်နေ၏။

သူ၏ခန္ဓာကိုယ်မှ ချွေးနှင့်သွေးများ တစ်စက်စက်ယိုစီးကျနေ၏။

ဇရပ်ပျက်ပေါ်၌ ရန်သူတစ်ယောက်ကို ရှင်းပစ်လိုက်နိုင်ခဲ့သော်လည်း သူ၏ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာတစ်ချက် တိုးသွားခဲ့ပုံ ရ၏။

ယခု....

သဲကြီးမဲကြီး လိုက်လာကြသူများသည် အိထင်းအား အထပ်ထပ် ဝိုင်းရံထားလိုက်ကြပြီဖြစ်၏။

အိထင်းသည် လက်ထဲ၌ ဖဲထုပ်ကိုင်ထားရင်း ဝိုင်းရံထားသူများကို ဝေ့ကြည့်ကာ....

'ဟား....ဟား....ဟား'

ကျယ်လောင်စွာ ရယ်မောလိုက်လေ၏။

ထိုစဉ်....

ဝိုင်းရံထားသူများအနက် လူဆိုးသုံးယောက်က ရှေ့သို့ လှမ်းထွက်လာကြ၏။

ထိုလူသုံးယောက်သည် အိထင်းအား တြိဂံပုံဝိုင်းရံလိုက်ကြပြီးလျှင်....

'ယား ...'

ဖြောသံပေးကာ တက်ညီလက်ညီ တိုက်ခိုက်လိုက်ကြ၍ မီးရောင်မှာ ဓားရောင်များ ဝင်းလက်တောက်ပသွား၏။ အိထင်းကလည်း အညံ့မခံပါချေ။

'သွားစမ်း'

ဟု အော်ငေါက်ကာ ဆုပ်ကိုင်ထားသောလက်ကို ဝှေ့ယမ်းလိုက်၏။

'ဝှစ်....ဝှစ်... ဝှစ်'

သံမဏိ ဖဲချပ်ကလေးများသည် လေထဲပျံဝဲသွား၏။

မရှေးမနှောင်းမှာပင်....

'အား'

'အွန့်'

'အမလေး'

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ဝိုင်းရံ တိုက်ခိုက်လိုက်သူ သုံးယောက်မှာ အိထင်း၏ လက်ချက်မိကာ မြေပေါ် အတုန်းအရုန်း လဲကျသွား၏။

သူတို့၏ လည်ပင်း၌ သံမဏိ ဖဲချပ်ကလေးများ တစ်ဝက်တစ်ပျက် နစ်မြုပ်ဝင်နေသည်ကို တွေ့မြင်နိုင်လေ၏။

ကောင်းလိက....

'အိထင်းကို အထင်သေးရင်တော့ သေရမှာပဲ'

ဟု စိတ်ထဲမှ ရေရွတ်လိုက်၏။



ထိုအချိန်မှာပင် အဘိုးအို တစ်ယောက်က ရှေ့သို့ လှမ်းထွက်လာသည်ကို တွေ့ရ၏။

ထိုအဘိုးအိုသည် အပြာရောင် အင်္ကျီရှည် ဝတ်ဆင်ထားပြီး တည်ကြည်ခန့်ညားသော မျက်နှာထားရှိ၏။

စာပေသမား တစ်ယောက်နှင့် တူလှ၏။

ပန်းဥယျာဉ်ထဲ၌ လေညှင်းခံထွက်လာသည့်အလား လက်နှစ်ဖက် နောက်ပစ်ကာ အေးအေးဆေးဆေး လှမ်းလာခြင်း ဖြစ်၏။

ထိုအဘိုးအို၏ ရုပ်သွင်ကိုကြည့်ရင်း ကောင်းလိ၏ ရင်ထဲ၌ ထူးခြားသော ခံစားချက်များ ဖြစ်ပေါ်လာ၏။

အန္တရာယ်၏ အငွေ့အသက်ကို ခံစားမိလိုက်ခြင်း ဖြစ်ပါသည်။

အဘိုးအိုသည် အိထင်းနှင့် မျက်နှာချင်း ဆိုင်လိုက်ပြီး....

'မင်းက လက်ဝါးကြီး အိထင်းမဟုတ်လား'

ဟု မေးလိုက်လေ၏။

အိထင်း နှာခေါင်းရှုံ့လိုက်၏။

'ကျုပ်မှန်းသိလို့ ခင်ဗျားတို့ သဲကြီးမဲကြီး လိုက်လာပြီးမှ အပိုတွေ မေးမနေစမ်းပါနဲ့ဗျာ'

ဟု ပြောလိုက်၏။

အဘိုးအိုက....

'ခွေးအကြီး ကျင်းဟူ....ဘယ်မှာလဲ ပြောပါ'

ဟု မေးလိုက်ပြန်၏။

အိထင်းက....

'သူဘယ်မှာလဲ ဆိုတာ လေကုန်ခံပြီး ကျုပ်ကို လာမေးနေရသလားဗျ၊ တွေ့ချင်ရင် လိုက်ရှာပေါ့'

မချေမင် ပြောလိုက်ပြန်၏။

အဘိုးအိုက....

'စန်းတုံးနယ်ကနေ အပြင်ကို ထွက်တဲ့လမ်းတွေ အားလုံးကို ကျုပ်တို့ ပိတ်ဆို့ထားလိုက်ပြီ၊ ကျင်းဟူ ဘယ်လိုမှ ထွက်မပြေးနိုင်တော့ဘူး၊ တစ်နေရာရာမှာ ပုန်းနေတာပဲ ဖြစ်လိမ့်မယ်'

အိထင်း မဲ့ပြုံးပြုံးလိုက်၏။

'ဩော်....ဟုတ်လား'

ဟုလည်း ခနဲ့လိုက်လေ၏။

အဘိုးအိုက....

'ကျင်းဟူ ဘယ်မှာရှိတယ်ဆိုတာ ပြောပြမယ်ဆိုရင် ကျုပ်က မင်းကို မသေစေရဘူးလို့ အာမခံနိုင်ပါတယ်'



သူ၏စကား အဆုံးတွင်....

'ဟား ဟား ဟား'

အိထင်းက လှောင်ပြောင် ရယ်မောလိုက်၏။

ထိုစဉ်....

လူတစ်ယောက်သည် ရှေ့သို့ လှမ်းထွက်လာကာ အဘိုးအိုအနီးသို့ ရောက်ရှိလာလေ၏။

အိထင်းကို မကျေမနပ် လှမ်းကြည့်ရင်း အဘိုးအိုအား ပြောလိုက်လေ၏။

'ဆရာကြီး ကုန်းစွန်း ခင်ဗျား၊ သူတို့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံနေလို့ အပိုပါပဲခင်ဗျာ'

ဆရာကြီးကုန်းစွန်းဆိုသူ အဘိုးအိုသည် သက်ပြင်းချလိုက်သည်။

အိထင်းက....

'ဟုတ်တယ်....ကျုပ်ကို လက်ရဖမ်းပြီး ညှဉ်းပန်း နှိပ်စက်မေးမှ ကျုပ်က ဖော်ပြောမှာ'

တမင် အရွဲ့တိုက်ကာ ပြောလိုက်ခြင်း ဖြစ်၏။

ကုန်းစွန်းက....

'ကောင်းပြီလေ....ကျုပ်က မင်းရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးရမှာပေါ့'

စကားဆုံးလျှင် အိထင်းအနီးသို့ ချဉ်းကပ်သွားလိုက်လေသည်။

အိထင်းက....

'ခင်ဗျား ဘယ်လောက် ရှောင်နိုင်မှာမို့လဲ'

ဟု အော်ငေါက်ရင်း သံမဏိ ဖဲချပ်များဖြင့် ပစ်ခတ်ရန် ဟန်ပြင်လိုက်၏။

ထိုတဒင်္ဂ အချိန်အတွင်းမှာပင် ဆရာကြီး ကုန်းစွန်းသည် အိထင်းအနီးသို့ ရိပ်ခနဲရောက်ရှိသွားပြီး ဖဲထုပ်ကိုင်ထားသော အိထင်း၏ လက်ကို ဖမ်းချုပ်လိုက်၏။

ကျန်လက်တစ်ဖက်က အိထင်း၏ ခန္ဓာကိုယ်ပေါ်မှ သွေးကြော တစ်နေရာကို ထိုးပိတ်လိုက်လေ၏။

သူ၏ လှုပ်ရှားမှုသည် လျှပ်ပြက်သလို လျင်မြန်လွန်းလှပေတော့၏။

အိထင်းက တိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် သွေးကြောပိတ်ကာ အဖမ်းခံလိုက်ရတော့၏။

ဆရာကြီး ကုန်းစွန်းသည် အိထင်းအား သွေးကြောပိတ်လိုက်ပြီးမှ နောက်သို့ ပြန်ဆုတ်ကာ လက်နှစ်ဖက် နောက်ပစ်ရင်း အေးအေးလူလူ ရပ်နေလိုက်၏။

တိုက်ပွဲကား....

ပြီးဆုံးသွားပြီ ဖြစ်၏။

အိထင်း အရေးနိမ့်သွားသည်မှာ တစ်ဖက်သတ် ဆန်လွန်းသည်။

ဆရာကြီး ကုန်းစွန်းအား လုံးဝ မယှဉ်နိုင်ဘဲ ကြက်လေးငှက်လေး ဖမ်းသလို အဖမ်းခံလိုက်ရခြင်း ဖြစ်လေ၏။



ကုန်းစွန်းက....

'ကဲ....သူ့ကို ခေါ်သွားကြပါတော့'

ဟု ပြောလိုက်၏။

လူနှစ်ယောက်သည် ရှေ့ထွက်လာကြပြီး အိထင်းအား ဒရွတ်တိုက် ဆွဲခေါ်သွားကြလေ၏။

ထို့နောက်....

အားလုံးသည် ဇရပ်ပျက်ရှေ့ မြေကွက်လပ်မှ အလျှိုလျှိုထွက်သွားကြလေ့၏။

ဆရာကြီးကုန်းစွန်းသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

ကောင်းလိ ပုန်းအောင်းနေသော ချုံပုတ်ကို စိုက်ကြည့်လိုက်၏။

ကောင်းလိ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ရင်ထဲ အေးခနဲ ဖြစ်သွား၏။

ဆရာကြီး ကုန်းစွန်းသည် ချုံပုတ်ထဲ၌ သူပုန်းအောင်းနေသည်ကို ရိပ်မိသွားပြီလော။

ထိုစဉ်မှာပင်....

ဆရာကြီး ကုန်းစွန်းသည် ခေါင်းခါယမ်းလိုက်ပြီး ရှေ့မှ ထွက်သွားနေကြသူများ နောက်သို့ လိုက်သွား၏။

မကြာပါချေ။

ဆရာကြီး ကုန်းစွန်းတို့ လူစု မြင်ကွင်းမှ ကွယ်ပျောက်သွား၏။

လူသံသူသံ စကားပြောသံများလည်း ပျောက်ကွယ်သွား ကာ ဝန်းကျင်တစ်ခုလုံး ပြန်လည် တိတ်ဆိတ် ငြိမ်သက်သွား သည်။

ထိုအခါမှ…

ချုံပုတ်ကြီးထဲ၌ ပုန်းအောင်းနေသော ကောင်းလိမ္မာ သက်ပြင်း ချနိုင်ခဲ့လေတော့သည်။

\+ * \+

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန် သာနေဆဲ….

ဇရပ်ပျက်ရှေ့ မြေကွက်လပ်၌ တိုက်ပွဲတစ်ခုဖြစ်ပွားခဲ့သည် ဟု ပြော၍မယုံနိုင်အောင်ပင် ဖြစ်ရလေ၏။

ခွေးအကြီးကျင်းဟူ၏ လူတစ်ယောက်ဖြစ်သော အိတ် ကား အဖမ်းခံလိုက်ရပေပြီ။

မိမိအလှည့် မည်သည့်အချိန်တွင် ရောက်လာမည်နည် ကောင်းလိ ပင့်သက်ရှိုက်လိုက်မိ၏။

ဆရာကြီးကုန်းစွန်းတို့လူစု ထွက်သွားကြပြီး နောက် ထမင်းတစ်အိုးချက်ခန့် အချိန်ကြာသည်အထိ ချုံပုတ် ဆက်လက် ပုန်းအောင်းနေခဲ့လေ၏။



ထူးခြားမှုများ လုံးဝဖြစ်ပေါ်မလာတော့ဘဲ ငြိမ်သက် နေပြီး စိတ်ချရပြီဟုယူဆ၍ ကောင်းလိက မြေကွက်လပ်သို့ ထွက်လာခဲ့လေ၏။

မြေကွက်လပ်တွင် သံမဏိဖဲချပ်များ ပြန့်ကြဲနေသည်။

စန်းတုံးနယ်စား အရိုက်အရာကို ဆက်ခံလိုက်သည့် မင်း သားလေး ရွှေခင်ကျူး၏ မေတ္တာရပ်ခံမှုကြောင့် သိုင်း လောကမှ အဖြူရောင်သိုင်းသမားများ ရောက်လာကြပြီ ဖြစ်ကြောင်း ထင်ရှားနေပါသည်။

မိမိအတွက်လည်း အန္တရာယ်ရှိနေပြီဟု ဆင်ခြင်မိလိုက်၏။

စန်းတုံးနယ်၏ ထွက်ပေါက်ဟူသမျှကို အဖြူရောင်သိုင်း သမားများက ပိတ်ဆို့ထားလိုက်ပြီဖြစ်လျှင်….

ခေါင်းဆောင်ဖြစ်သော ခွေးအကြီး ကျင်းဟူ၏ အခြေ အနေ မည်သို့ရှိနေပါသနည်း။

ကျင်းဟူ ထွက်ပြေးလွတ်မြောက်သွားပြီလော။

သို့မဟုတ်….

ထွက်ပြေး၍ မရတော့သဖြင့် ခြေရာဖျောက်ကာ ပုန်း အောင်းနေခြင်းပေလော။

သူ၏ ကြေးစား လူသတ်သမားဘဝတွင် ကြောက်စရာ အကောင်းဆုံး အခြေအနေနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း ကောင်းစွာ နားလည်လာလေ၏။

'ငါ ဘာဆက်လုပ်မလဲ'

ကောင်းလီသည် ကိုယ့်ကိုကိုယ် မေးလိုက်မိလေ၏။

သူ၏အသက်ရှင်သန်လွတ်မြောက်ရေးအတွက် အစွမ်း ကြိုးစားရတော့မည် ဖြစ်သည်။

ဤသို့ဆိုလျှင်....

ကောင်းလီက သူ၏လက်ဝါးနှစ်ဖက်ကိုဖြန့်ကာ ခေါ ကြည့်လိုက်မိလေ၏။

သူ၏လက်များသည် သွေးအလိမ်းလိမ်း စွန်းထင်းပေ နေခဲ့သော လက်များဖြစ်သည်။

သူ၏လက်ချက်ကြောင့် အသက်ဆုံးရှုံးသွားခဲ့သူ မနည်း တော့ပါ။

သူတစ်ပါးအား သွေးအေးအေးဖြင့် ရက်စက်နိုင်ခဲ့ သော်လည်း မိမိအလှည့်ကျမှ သိတတ်မည်ဆိုပါလျှင် တ မျှတမှု ရှိပါမည်လော။

ရုတ်တရက်....

ကောင်းလီ၏ မျက်စိထဲတွင် သူ့အား အံ့ဩခြင်း၊ ကြည့်နိုင်ခြင်း၊ နားမလည်နိုင်ခြင်း၊ တောင်းပန်ခြင်း စ အကြည့်များဖြင့် ကြည့်နေခဲ့သည့်မျက်လုံးအစုံကို မြင်ယောင် လာသည်။

မြင်းဖြူဘုံကျောင်းနံဘေး ပန်းဥယျာဉ်အတွင်းမှ တောင်ပင်ကြီးအောက်တွင် သူ၏လက်ချက်ကြောင့် မရှိဘဲ သေဆုံးသွားခဲ့ရသည့် အဖြူရောင်ဝတ်လူငယ်၏ လုံးများပင် ဖြစ်လေ၏။



ကောင်းလီမှာ မြေလက်များ အေးစက်ထုံကျင်လာ၏။ အာခေါင်ခြောက်ကာ ရေငတ်လာ၏။

အရက်သမားပထွေး၏ လူမဆန်စွာနှိပ်စက်မှုကိုခံရသဖြင့် ါသတကြီး လက်တုံ့ပြန်ခဲ့သူ၊ သွေးအေးအေးဖြင့် ရက် က်ခဲ့သူ....။

သူကိုယ်တိုင် လူကောင်းတစ်ယောက် ဖြစ်လိုခဲ့ပါသော် ည်း အကြောင်းအမျိုးမျိုးကြောင့် လူဆိုးဘဝသို့ရောက်ခဲ့ ည်။

သူ၏လက်ချက်ဖြင့် သေဆုံးသွားခဲ့သည့်လူငယ်၏နေရာမှ င်ကာ ကိုယ်ချင်းစာကြည့်မည် ဆိုလျှင်....

ကောင်းလီသည် ရှုံးသွပ်သွားတော့မည်ဟု ခံစားလာရ ည်။

ဦးခေါင်းကို တအားခါယမ်းပစ်လိုက်မိသည်။

'မှားပြီ၊ ငါအမှားကြီး မှားခဲ့ပြီ'

ဟုလည်း တတွတ်တွတ် ရေရွတ်လိုက်လေသည်။

ထို့နောက်....

ဒက်ရာရထားသော တောရိုင်းတိရစ္ဆာန်တစ်ကောင်ပမာ ကွက်လပ်မှ ဒယီးဒယိုင်ဖြင့် ပြေးထွက်သွားလေတော့၏။

* * *

ကောင်းလိ ထွက်သွားပြီဖြစ်၏။

သူထွက်သွားရာ လမ်းတစ်လျှောက်တွင် သူ၏ခြေရာများ ကျန်ရစ်ခဲ့မည် ဖြစ်လေသည်။

ထို့အတူ....

မိမိပြုလုပ်ခဲ့သော အမှုကိစ္စများသည် မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ မိမိဖြတ်သန်းခဲ့သော ဘဝခရီးလမ်း တစ်လျှောက်တွင် ခြေရာအဖြစ် ထင်ရစ်ခဲ့လိမ့်မည် မဟုတ်ပါလော။

(ပထမပိုင်း ပြီး၏)

ဒုတိယဇာတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပါရန်။

# တက္ကသိုလ် သီဟအောင်

## အမှားခြေရာ

(ဒုတိယဇာတ်သိမ်းပိုင်း)